## လူသားတို့၏ အပြစ်များ။

၄။ လူသားတိုင်း အပြစ်ရှိကြ၍ တမလွန်၌ အပြစ်ဒဏ် စီရင်ခြင်း ခံရမည့်အပြင် နောင်ဘဝ၌ ဘုရားရှင်၏ နိုင်ငံ၌ ပျော်ရွှင်စွာ အသက်ရှင်ရမည့် အခွင့်ကိုပါ လက်လွှတ်ဆုံးရှုံး ကြရသည်။

- ဖန်ဆင်းရှင်ဘုရားကို လက်မခံ၊ အသိအမှတ်မပြုခြင်းသည် လူသားတို့၏ ပထမ အပြစ် ဖြစ်သည်။
- လူ လူချင်းစိတ်၊ နှုတ်၊ အကျင့်တို့ဖြင့် မှားယွင်းခြင်းသည် ဒုတိယ အပြစ် ဖြစ်သည်။
- အထက်ပါ အချက် (၂)ချက်ဖြင့် မိမိကိုယ်ကို ပြန်လည် စမ်းစစ်ပါက၊ သင်သည် အပြစ်သား ဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရပါလိမ့်မည်။

## အပြစ်လွတ်ငြိမ်း ချမ်းသာခွင့်။ (ကယ်တင်ခြင်း)

၅။ ဖန်ဆင်းရှင် ဘုရားသခင်သည် လူသားတို့၏ အပြစ်များကို လွှတ်စေရန်၊ သူ၏ သားတော် ယေရှု ခရစ်ကို လူ့လောကသို့ စေလွှတ်၍ ကယ်တင်စေခဲ့သည်။ (ပြစ်မှားကျူးလွန်သူများကို အာဏာပိုင်များ ဂရုဏာသက်သည့်အခါ အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးတတ်သည်ကို သတိမူပါ။

- ယေရှုခရစ်သည် လူသားအဖြစ် ခံယူတော်မူ၍ လက်ဝါးကားတိုင်၌ အသေခံပေးခြင်းဖြင့်၊ လူသားတို့၏ အပြစ်များကို ဆပ်ဖြေပေးခဲ့သည်။
- ယေရှုခရစ်သည် သေလွန်၍ (၃)ရက် အကြာတွင် ရှင်ပြန်ထမြောက်ခြင်း အားဖြင့် သူ၏ ကယ်တင်ခြင်းကို လက်ခံသူများကို သေလွန်ပြီး တစ်နေ့တွင် ရှင်ပြန်ထမြောက်၍ ထာဝရ အသက်ကို ဝင်စားနိုင်ကြောင်း၊ ကိုယ်တိုင်ပြသ သက်သေထူသွားခဲ့သည်။

## သင်ရယူ ခံစားနိုင်ခွင့် ရှိသော ဘုရားရှင်၏ ကယ်တင်ခြင်း။

၆။ သင်သည် ဖန်ဆင်းရှင်ဘုရား၏ ကယ်တင်ခြင်းကို အောက်ပါနည်းလမ်းအတိုင်း ရယူခံစားနိုင်သည်။

- ကမ္ဘာ မိုးမြေ၊ စကြဝဠာမှ အစ အရာအားလုံးကို ဖန်ဆင်းသော ဖန်ဆင်းရှင် ဘုရားကို အသိအမှတ်ပြုပါ။
- သင်အပါအဝင် ဤကမ္ဘာပေါ်ရှိ လူသားအားလုံးသည် အပြစ်ရှိသူများ ဖြစ်ကြောင်း အသိမှတ် ပြုဝန်ခံပါ။
- သင်နှင့်တကွ ကျွန်ုပ်တို့ လူသားအားလုံး လွန်ကျူးမိသော အပြစ်များကို ဆပ်ဖြေရန် လက်ဝါးကားတိုင်၌ အသေခံ၍ (၃) ရက်အကြာတွင် ရှင်ပြန်ခဲ့သူ ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ ကယ်တင်ပေးမှုကို အသိအမှတ်ပြု ဝန်ခံပါ။

၇။ ထိုကယ်တင်ခြင်းကို သင်လက်ခံယုံကြည်ပါက ကမ္ဘာမိုးမြေ စကြဝဠာကို ဖန်ဆင်းသော ဘုရားရှင်၏ သားသမီး အဖြစ်ကို သင်ရရှိမည့်အပြင် များပြားလှသော ကောင်းကြီးမင်္ဂလာများနှင့်တကွ အောက်ပါ အခြေခံကျေးဇူး နှစ်ခုကို မလွဲ ဧကန် မုချ ရရှိမည် ဖြစ်သည်။ ၎င်းတို့မှာ –

- သင်ကျူးလွန်မိသော အပြစ်များအတွက် အပါယ်မလားတော့ပဲ နောင်ဘဝ၌ ဘုရားသခင်၏ ထာဝရ အသက်ရှင်သည့် ပျော်ရွှင်သော နိုင်ငံတော်သို့ ဝင်စား အသက်ရှင်ခွင့် ရမည်။
- ယခုဘဝတွင်လည်း ပျော်ရွှင်ငြိမ်သက်ခွင့်ကို ရရှိမည်။

ဟေလသ ပါဠိတော်မှ မြန်မာဘာသာအားဖြင့်

ဆရာ ယုဒသန် အနက်ပြန်သော၊

သခင်ယေရှုခရစ်၏

# ဓမ္မသစ်ကျမ်း

မှ

ကောက်နှုတ်ထားသည့်

# ရှင်ယောဟန် ခရစ်ဝင်ကျမ်း

နှင့်

# ရောမသြဝါဒစာစောင်

**Burmese J/R**



# သင်နှင့်ပတ်သက်နေသော ကမ္ဘာမိုးမြေ စကြဝဠာကို ဖန်ဆင်းအုပ်ချုပ်တော်မူ၍ သင့်ကို ကယ်တင်သည့် ဘုရားသခင်။

**မိတ်ဆွေ –**

သင်သည် အောက်ပါ အကြောင်းအရာများကို ဖတ်ရှု လေ့လာပါက၊ သင့်ဘဝအတွက် အဖိုး မဖြတ်နိုင်သော ပြည့်စုံသည့် အဖြေ တခုကို ရရှိနိုင်ပါလိမ့်မည်။ ခရစ်ယာန်ဘာသာ ဖြစ်သောကြောင့် သင်လက်မခံနိုင်ဟု ငြင်းပယ်ကောင်း ငြင်းပယ်ပါ လိမ့်မည်။ သို့သော် သင်တို့ လက်ရှိ ကိုးကွယ်နေသော ဘာသာပင်လျှင် နိုင်ငံခြားမှ ဝင်ရောက်လာခဲ့သော ဘာသာတစ်ခု ဖြစ်နေကြောင်း သင်သတိမူပါ။

## ဖန်ဆင်းရှင် ဘုရားအား အသိအမှတ်ပြုပါ။

၁။ လူ့လောက အတွက် အရာရာတိုင်းသည် ပြုလုပ်သူ (ဖန်ဆင်းရှင်) ရှိမှ ဖြစ်ပေါ်လာနိုင်သည်။ ဘုရားရှင်သည် အရာအားလုံးကို ဖန်ဆင်းခဲ့သည်။

- ပြုလုပ်သူ မရှိဘဲ နာရီ၊ စက္ကူ၊ ဘောလ်ပင်၊ အင်္ကျီ၊ ကက်စက်၊ ပန်ကာ စသည်တို့ မည်သို့ ဖြစ်ပေါ်လာနိုင်မည်နည်း။
- ပြုလုပ်သူ (ဖန်ဆင်းရှင် ဘုရား) မရှိဘဲ ကမ္ဘာ၊ ကြယ်၊ လ၊ လူ၊ တိရစ္ဆာန်၊ ရာသီဥတု၊ သစ်ပင် စသည်တို့ မည်သို့ ဖြစ်ပေါ်လာနိုင်မည်နည်း။

၂။ လူသည် ဖန်ဆင်းရှင် ဘုရားအား အသိအမှတ် ပြုရမည့် ဝတ္တရားရှိသည်။

- လူသည် မိမိပြုလုပ်ထားသော စွဲအင်အားရှိသည့် ကမ္ဘာမြေပေါ်တွင် နေထိုင်နေရသည့် အပြင် မိမိ မပြုလုပ်ထားသော နေ၏အရောင်ကို အမှီသဟဲ ပြုနေရခြင်း၊ လေကို ရှူရှိုက်ရခြင်း၊ ရာသီဥတုများကို အမှီသဟဲ ပြုနေရခြင်း စသည်တို့ကြောင့် ထိုအရာများကို ပြုလုပ် ဖန်ဆင်းပေးထားသူ ဘုရားအား အသိအမှတ်ပြု ကိုးကွယ်ရမည့် မွေးရာပါ ဝတ္တရားရှိနေသည်။
- သင်သည် ထိုဝတ္တရားကို ပျက်ကွက်နေသူ ဖြစ်ပါက ယခုချက်ခြင်းပင် ထိုဖန်ဆင်းရှင် ဘုရားကို အသိအမှတ်ပြုပါ။

## ဖန်ဆင်းရှင် ဘုရား၏ ချစ်ခြင်းမေတ္တာ။

၃။ ဖန်ဆင်းရှင် ဘုရားသခင်သည် လူသားတို့ကို အလွန် ချစ်မြတ်နိုးတော်မူသည်။

- သင် မွေးမြူသော တိရစ္ဆာန်၊ သင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များကို သင် သံယောဇဉ် ရှိသည်ကို အမှတ်ရပါ။
- ဘုရားရှင်သည် သူဖန်ဆင်းခဲ့သော သင်နှင့် ကျွန်ုပ်တို့ လူသားအားလုံးကို နောင်ဘဝ၌ သူ၏ ထာဝရ နိုင်ငံတော်တွင် ပျော်ရွှင်စွာ အသက်ရှင်စေလိုသည်။

အသင်းတော်အပေါင်းတို့သည် သင်တို့နှင့် နှုတ်ဆက်
ကြ၏။
၁၇ ညီအစ်ကိုတို့၊ သင်တို့ ခံရပြီးသော ဆုံးမဩဝါဒ
နှင့် ဆန့်ကျင်ဘက်ဖြစ်သော သင်းခွဲခြင်း၊ မှားယွင်းခြင်း
အကြောင်းကို ပြုတတ်သောသူတို့ကို မှတ်၍ ရှောင်ကြ
လော့ဟု ငါသတိပေး၏။
၁၈ အကြောင်းမူကား၊ ထိုသို့သောသူတို့သည် ငါတို့
သခင်ခရစ်တော်၏အမှုကို မဆောင်ရွက်ဘဲလျက်၊ မိမိ
တို့ဝမ်း၏ အမှုကိုသာ ဆောင်ရွက်၍၊ လောကဝတ်
စကားနှင့် ချော့မော့သောစကားအားဖြင့် စိတ်ကောင်း
သောသူတို့ကို လှည့်ဖြားတတ်ကြ၏။
၁၉ သင်တို့ ယုံကြည်နားထောင်ခြင်း အကြောင်း
အရာသည် လူအပေါင်းတို့တွင် ကျော်စောသည်ဖြစ်၍၊
ငါဝမ်းမြောက်ခြင်း ရှိ၏။ သို့သော်လည်း၊ သင်တို့သည်
ကောင်းသော အမှု၌ကား၊ ပညာရှိစေခြင်းငှါရင်း၊
ဆိုးသောအမှု၌ကား အပြစ်ကင်းစေခြင်းငှါရင်း၊ ငါ
အလိုရှိ၏။
၂၀ ငြိမ်သက်ခြင်း၏ အရှင် ဘုရားသခင်သည် မကြာ
မမြင့်မှီ စာတန်ကို သင်တို့ ခြေအောက်၌ နှိပ်စက်တော်
မူမည်၊ ငါတို့သခင် ယေရှုခရစ်၏ ကျေးဇူးတော်သည်
သင်တို့၌ ရှိပါစေသော။
၂၁ ငါနှင့်အတူ အမှုတော်ကို ဆောင်ရွက်သော
တိမောသေ မှစ၍ ငါ၏ အဆွေအမျိုး လုကိ၊ ယာသုန်၊
သော သိပတရုတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။
၂၂ ဤစာကိုရေးသော ကျွန်ုပ် တေရတိသည် သခင်
ဘုရားကို ထောက်၍ သင်တို့ကို နှုတ်ဆက်ပါ၏။
၂၃ ငါ့ကိုရင်း၊ သင်းဝင်သူ အပေါင်းတို့ကိုရင်း၊ လက်ခံ
၍ ညှော့သည့်ဝတ်ကို ပြုတတ်သော ဂါယု၊ မြို့စာရေး
ဧရတ္တု၊ သင်တို့ညီ ကွာတုတို့သည် သင်တို့ကို နှုတ်
ဆက်ကြ၏။
၂၄ ငါတို့ သခင် ယေရှုခရစ်၏ ကျေးဇူးတော်သည်
သင်တို့အပေါင်း၌ ရှိစေသတည်း။ အာမင်။
၂၅ ရှေးကပ်ကာလပတ်လုံး ဝှက်ထားပြီးလျှင် ယခု
မှာ ထင်ရှားသည်ဖြစ်၍၊
၂၆ လူမျိုးအပေါင်းတို့သည် ယုံကြည် နားထောင်
ကြမည်အကြောင်း၊ ပရောဖက်တို့၏ ကျမ်းစာများ
လာသည် နှင့်အညီ၊ ထာဝရ ဘုရားသခင်၏ ပညတ်
တော်အတိုင်း ထိုသူတို့အား ဘော်ပြရသော နက်နဲရာ
ကို ဖွင့်ထားခြင်း ကျေးဇူးတော်နှင့်လျော်စွာ၊ ငါဟော
သော ဧဝံဂေလိတရား တည်းဟူသော ယေရှုခရစ်၏
အကြောင်းကို ဟောပြောခြင်းအားဖြင့်၊ သင်တို့ကို
မြဲမြံခိုင်ခံ့စေခြင်းငှါ တတ်နိုင်တော်မူသော အရှင်၊
၂၇ တဆူတည်း သာလျှင် ပညာနှင့် ပြည့်စုံတော်
မူသော ဘုရားသခင်သည်၊ ယေရှုခရစ် အားဖြင့်
ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူ စေသတည်း။
အာမင်။

ရောမဩဝါဒစာပြီး၏။

# သခင်ယေရှုခရစ်၏

# ဓမ္မသစ်ကျမ်း

# မှ

# ကောက်နှုတ်ထားသည့်

# ရှင်ယောဟန်ခရစ်ဝင်။

## JOHN

၁

၁ အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်
တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပတ်
တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။
၂ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရား
သခင်နှင့် အတူရှိ၏။
၃ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသော အရာ
တို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့်
ကင်းလွတ်လျက် ဖြစ်သောအရာ တစုံတခုမျှ မရှိ။
၄ ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်
သည်လည်း လူတို့၏ အလင်းဖြစ်၏။
၅ ထိုအလင်းသည် မှောင်မိုက်၌ လင်း၍ မှောင်
မိုက်သည် မခံမယူ။
၆ ယောဟန် အမည်ရှိသော သူတယောက်ကို
ဘုရားသခင် စေလွှတ်တော်မူ၏။
၇ ထိုသူကို လူအပေါင်းတို့သည် အမှီပြု၍ ယုံကြည်
ခြင်းသို့ရောက်မည်အကြောင်း ထိုသူသည် သက်သေ
ခံဖြစ်၍၊ အလင်းတော်၏ အကြောင်းကို သက်သေ
ခံခြင်းငှါ လာ၏။
၈ ထိုသူသည် အလင်းတော် မဟုတ်။ အလင်းတော်
၏ အကြောင်းကို သက်သေခံခြင်းငှါသာ လာ၏။
၉ ဟုတ်မှန်သော အလင်းမူကား၊ ဤလောကသို့

ကြွလာလျက် ခပ်သိမ်းသောလူ အပေါင်းတို့အား
အလင်းကိုပေးသောသူ ဖြစ်သတည်း။
၁၀ ထိုသူသည် ဤလောက၌ ရှိတော်မူပြီ။ ဤ
လောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း
ဤလောကသည် ထိုသူကို မသိ။
၁၁ သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း၊
မိမိလူမျိုးတို့သည် သူ့ကို လက်မခံဘဲ နေကြ၏။
၁၂ ထိုသူကို လက်ခံသမျှသောသူ တည်းဟူသော
ကိုယ်တော်ကို ယုံကြည်သောသူတို့အား၊ ဘုရား
သခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။
၁၃ ထိုသားတို့မူကား၊ လူမျိုးနှင့်စပ်ဆိုင်၍ ဘွားသော
သား မဟုတ်။ မေထုန်သံဝါသအားဖြင့် ဘွားသောသား
မဟုတ်။ လူအလိုအလျောက် ဘွားသောသား မဟုတ်။
ဘုရားသခင် ဘွားတော်မူသောသား ဖြစ်သတည်း။
၁၄ နှုတ်ကပတ်တော်သည်လည်း လူဇာတိ အဖြစ်
ကို ခံယူ၍၊ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း
ပြည့်စုံလျက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍၊
ခမည်းတော်၌ တပါးတည်းသော သားတော်၏ ဘုန်း
ကဲ့သို့ သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။
၁၅ ယောဟန်သည် ထိုသခင်၏ အကြောင်းကို
သက်သေခံ၍ ကြွေးကြော်သည်ကား၊ ငါ့နောက်ကြွ
လာသောသူသည် ငါမရှိမှီ ရှိနှင့်သည်ဖြစ်၍၊ ငါ့ထက်
သာ၍ ကြီးမြတ်သည်ဟု ငါဆိုရာ၌၊ ထိုသူကို ဆိုလို
သည်ဟု သက်သေခံလေ၏။
၁၆ ထိုသူ၏ ပြည့်စုံခြင်းမှလည်းကျေးဇူးတပါး၌ထပ်
ဆင့်၍ ကျေးဇူးတပါးကို ငါတို့ရှိသမျှသည် ခံရကြပြီ။
၁၇ အကြောင်းမူကား၊ ပညတ် တရားတော်ကို
မောရှေ လက်တွင်ပေးတော်မူ၏။ ကျေးဇူးတရားနှင့်
သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း။
၁၈ ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူးသော်
လည်း၊ ခမည်းတော်၏ ရင်ခွင်၌ရှိသောတပါးတည်း
သော သားတော်သည် ဘုရားသခင်ကို ထင်ရှားစေ
တော်မူပြီ။
၁၉ ယုဒလူတို့က၊ သင်သည် အဘယ်သူနည်းဟု
ယောဟန်ကို မေးမြန်းစေခြင်းငှါ ယဇ်ပုရောဟိတ်နှင့်
လေဝိလူတို့ကို ယေရုရှလင်မြို့မှ စေလွှတ်သောအခါ၊
ယောဟန်သည် သက်သေခံလေသည်မှာ၊
၂၀ ငါသည် ခရစ်တော် မဟုတ်ဟု ထိမ်ဝှက်ခြင်းမရှိ၊
အတည့်အလင်းပြောဆို၏။
၂၁ ထိုသူတို့ကလည်း၊ သို့ဖြစ်လျှင်သင်သည်အ
ဘယ်သူနည်း။ ဧလိယ ဖြစ်သလောဟု မေးပြန်၏။
ယောဟန်က၊ ငါသည် ဧလိယ မဟုတ်ဟု ဆို၏။ ဤ
မည်သော ပရောဖက် ဖြစ်သလောဟု မေးပြန်လျှင်၊
မဟုတ်ဟု ဆိုပြန်၏။
၂၂ ထိုသူတို့ကလည်း၊ သင်သည် အဘယ်သူနည်း၊
ငါတို့ကို စေလွှတ်သောသူတို့အား ပြန်လျှောက်စရာ
ရှိစေခြင်းငှါ၊ သင်သည် ကိုယ်ကိုအဘယ်သို့ ဆိုသ
နည်းဟု မေးပြန်ကြ၏။
၂၃ ယောဟန် ကလည်း၊ ငါသည် ပရောဖက်
ဟေရှာယ ဟောပြောသည်နှင့်အညီ၊ ထာဝရဘုရား၏
လမ်းခရီးတော်ကို ဖြောင့်စေကြလော့ဟု တော၌
ဟစ်ကြော်သောသူ၏ အသံဖြစ်သည်ဟု ဆို၏။
၂၄ အစေခံသောသူတို့ကား၊ ဖာရိရှဲဖြစ်ကြသတည်း။
၂၅ ထိုသူတို့ကလည်း၊ သင်သည် ခရစ်တော်မဟုတ်၊
ဧလိယ မဟုတ်၊ ဤမည်သောပရောဖက် မဟုတ်သည်
မှန်လျှင် အဘယ်ကြောင့် ဗတ္တိဇံကို ပေးသနည်းဟု
မေးပြန်ကြ၏။
၂၆ ယောဟန် ကလည်း၊ ငါသည်ရေ၌ ဗတ္တိဇံကို
ပေး၏။ သင်တို့ အလယ်၌ သင်တို့ မသိသောသူ
တယောက် ရှိ၏။
၂၇ ထိုသူသည် ငါ့နောက်ကြွလာသော်လည်း ငါ့ထက်
သာ၍ ကြီးမြတ်၏။ ထိုသူ၏ ခြေနင်းတော်ကြိုးကိုမျှ
ဖြည်ခြင်းငှါ ငါမထိုက်ဟု ပြန်ပြော၏။
၂၈ ယောဟန်သည် ဗတ္တိဇံကို ပေးရာအရပ်၊ ယော်ဒန်
မြစ်တဘက် ဗေသနိရွာ၌ ဤအမှုအရာ ဖြစ်သတည်း။
၂၉ နက်ဖြန်နေ့၌ ယေရှု ကြွလာတော်မူသည်ကို
ယောဟန်သည် မြင်လျှင်၊ ဤလောက၏ အပြစ်ကို
ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို
ကြည့်လော့။
၃၀ ငါမရှိမှီ ရှိနှင့်သည်ဖြစ်၍၊ ငါ့ထက်သာ၍ ကြီးမြတ်
သောသူသည် ငါ့နောက် ကြွလာသည်ဟု ငါဆိုရာ၌၊
ထိုသူကို ဆိုလို၏။
၃၁ အစက ထိုသူကို ငါမသိ။ သို့သော်လည်း ထိုသူကို
ဣသရေလ လူတို့အား ထင်ရှားစေခြင်းငှါ ငါသည်
ရေ၌ဗတ္တိဇံကို ပေးလျက် လာ၏။
၃၂ ထိုမှတပါး ဝိညာဉ်တော်သည် ကောင်းကင်မှ
ချိုးငှက်ကဲ့သို့ ဆင်းသက်၍ထိုသူ၏အပေါ်၌ နားတော်
မူသည်ကို ငါမြင်ရပြီ။
၃၃ အစက ထိုသူကို ငါမသိ။ ရေ၌ ဗတ္တိဇံကို ပေးစေ
ခြင်းငှါ ငါ့ကိုစေလွှတ်တော်မူသောသူက၊ အကြင်သူ၏
အပေါ်၌ ဝိညာဉ်တော် ဆင်းသက်၍ နားတော်မူသည်
ကို သင်သည် မြင်လျှင်၊ ထိုသူကား၊ သန့်ရှင်းသော

၁း၂၅၊ ၂၆၊ ၂၈၊ ၃၁၊ ၃၃။ ဗတ္တိဇံ၏ ပုဒ်နက်သည် နှစ်ခြင်း ဖြစ်သည်။



၂၅ ယခုအခါ သန့်ရှင်းသူတို့ကို လုပ်ကျွေး၍ ယေရု
ရှလင်မြို့သို့ ငါသွားရမည်။
၂၆ အကြောင်းမူကား၊ မာကေဒေါနိပြည်သားတို့နှင့်
အခါယပြည်သားတို့သည်၊ ယေရုရှလင်မြို့၌ ဆင်းရဲ
သော သန့်ရှင်းသူတို့အား ဥစ္စာကို ဝေမျှ၍ စေတနာ
စိတ်နှင့် လှူကြပြီ။
၂၇ စေတနာစိတ် ရှိသည်ဟု ဆိုသော်၊ ထိုသူတို့
သည် ကျေးဇူးတင်သောသူ ဖြစ်ကြ၏။ အကြောင်းမူ
ကား၊ တပါးအမျိုးသားတို့သည် ဓမ္မဥစ္စာကို ယုဒအမျိုး
သားတို့နှင့် ဆက်ဆံ၍ ခံရသည်မှန်လျှင်၊ လောကီဥစ္စာ
ကို လှူ၍ လုပ်ကျွေးအပ်၏။
၂၈ ထိုကြောင့်၊ ဤအမှုကို ငါဆောင်ရွက်၍ ဤ
အလှူလက်ဆောင်ကို လုံခြုံစေပြီးလျှင်၊ သင်တို့အနား
မှာ ရှောက်၍ စပါနိပြည်သို့ သွားမည်။
၂၉ သင်တို့ရှိရာသို့ ငါရောက်သောအခါ၊ ခရစ်တော်
၏ ဧဝံဂေလိတရား၌ ပါသော ကောင်းကြီးမင်္ဂလာ
ပြည့်စုံခြင်းနှင့် ရောက်လာမည်ကို ငါသိ၏။
၃၀၊၃၁ ငါသည် ဘုရားသခင်၏ အလိုတော်အတိုင်း
ဝမ်းမြောက်သောစိတ်နှင့် သင်တို့ရှိရာသို့ ရောက်၍
သင်တို့နှင့်အတူ သက်သာခြင်းကို ခံစားလိုသောငှါ၊
ယုဒပြည်၌ ငြင်းဆန်သော သူတို့လက်မှ ငါလွတ်မည်
အကြောင်း၊ ယေရုရှလင်မြို့အား ငါလုပ်ကျွေးခြင်း
အမှုကို သန့်ရှင်းသူ တို့သည် နှစ်သက်မည်အကြောင်း၊
ညီအစ်ကိုတို့၊ သင်တို့သည် ငါနှင့်အတူ ကြိုးစားအား
ထုတ်၍ ငါ့အဘို့အလို့ငှါ ဘုရားသခင်ကို ဆုတောင်း
ပဋ္ဌနာ ပြုကြလော့ဟု ငါတို့ သခင်ယေရှုခရစ်နှင့် ဝိညာဉ်
တော်၏ မေတ္တာကရုဏာကို အကြောင်းပြု၍ သင်တို့
ကို ငါတိုက်တွန်းနှိုးဆော်ပါ၏။
၃၂ ငြိမ်သက်ခြင်း၏အရှင်၊ ဘုရားသခင်သည် သင်တို့
ရှိသမျှနှင့်အတူ တည်နေတော်မူပါစေသော။ အာမင်။

## ၁၆

၁ ကင်ခြေမြို့ အသင်းတော်၌ သင်းထောက် မိန်းမ
ဖြစ်သော ငါတို့နှမ ဖိဗေကို သင်တို့ထံသို့ ငါသွင်းပေး၏။
၂ သန့်ရှင်းသူတို့သည် ပြုသင့်သည်အတိုင်း သခင်
ဘုရားကိုထောက်၍ ထိုသူကို လက်ခံကြလော့။ သူ
သည် အကူအမ လိုသမျှသော အမှုတို့၌ သူ့ကို ကူမကြ
လော့။ အကြောင်းမူကား၊ သူသည် များစွာသော
သူတို့ကို၎င်း၊ ငါ့ကို၎င်း၊ မစသောသူဖြစ်၏။
၃ ငါနှင့်အတူ ယေရှုခရစ်၏ အမှုတော်ကို ဆောင်
ရွက်သောသူ၊ ပြစ်ကိလနှင့် အာကုလကို နှုတ်ဆက်
ကြလော့။
၄ ထိုသူတို့သည် ငါ့အသက်အဘို့ မိမိတို့ လည်ပင်း
ကို ချထားသောသူ ဖြစ်ကြ၏။ သူတို့ ကျေးဇူးရှိသည်
ဟု ငါတယောက်တည်းသာ ဝန်ခံသည် မဟုတ်။
တပါးအမျိုးသား အသင်းတော် အပေါင်းတို့သည်
ဝန်ခံကြ၏။
၅ သူတို့အိမ်၌ရှိသော အသင်းတော်ကိုလည်း နှုတ်
ဆက်ကြလော့။ အာရှိပြည်တွင် ခရစ်အဘို့ အဦးသီး
သောအသီးဖြစ်သော ငါ့ချစ်သား ဧပဲနက်ကို နှုတ်ဆက်
ကြလော့။
၆ ငါတို့အမှုကို ကြိုးစား၍ ဆောင်ရွက်သော မာရိ
ကို နှုတ်ဆက်ကြလော့။
၇ ငါနှင့်အတူ အကျဉ်းခံရသောသူ၊ ငါ့အမျိုးသားချင်း
အန္ဒြောနိတ်နှင့် ယုနိကို နှုတ်ဆက်ကြလော့။ ထိုသူတို့
သည် တမန်တော်များတွင် အသရေ ထင်ရှားသောသူ
ဖြစ်ကြ၏။ ငါ့အရင် တပည့်တော်အဖြစ်သို့ ရောက်
သောသူလည်း ဖြစ်ကြ၏။
၈ သခင်ဘုရား၌ ငါ့ချစ်သား အမ္ပလိကို နှုတ်ဆက်
ကြလော့။
၉ ငါတို့နှင့်အတူ ခရစ်တော်၏ အမှုကို ဆောင်ရွက်
သော ဥရဗန်နှင့် ငါ့ချစ်သား သတာခုကို နှုတ်ဆက်
ကြလော့။
၁၀ တပည့်တော် စစ်ဖြစ်သော အပေလေနှင့် အာရိ
တ္တောဗုလု၏ အိမ်သူ အိမ်သားတို့ကို နှုတ်ဆက်
ကြလော့။
၁၁ ငါ၏ အဆွေအမျိုး ဟေရောဒျုန်နှင့် တပည့်တော်
ဖြစ်သော နာကိသု၏ အိမ်သူအိမ်သားတို့ကို နှုတ်ဆက်
ကြလော့။
၁၂ သခင်ဘုရား၏ အမှုတော်ကို ကြိုးစားသော
မိန်းမ၊ တရုတ်ဖဲနနှင့် တရုဖေါသကို၎င်း၊ သခင်ဘုရား၏
အမှုတော်ကို အလွန်ကြိုးစား၍ ချစ်အပ်သော မိန်းမ
ပေရသိကို၎င်း နှုတ်ဆက်ကြလော့။
၁၃ မြတ်သော တပည့်တော် ရုဖုနှင့် သူ၏ အမိ
တည်းဟူသော ငါ၏အမိကို နှုတ်ဆက်ကြလော့။
၁၄ အသုံကြိတ်၊ ဖလေကုန်၊ ဟေရမ၊ ပတ်ရောဘ၊
ဟေရမေ မှစ၍ သူတို့နှင့်အတူနေသော ညီအစ်ကို
တို့ကို နှုတ်ဆက်ကြလော့။
၁၅ ဖိလောလုပ်၊ ယုလိ၊ နေရု၊ နေရုနှမနှင့် ဩလုမ္ပမှ
စ၍ သူတို့နှင့်အတူနေသော သန့်ရှင်းသူအပေါင်းတို့ကို
နှုတ်ဆက်ကြလော့။
၁၆ အချင်းချင်း တယောက်ကိုတယောက် သန့်ရှင်း
သော နမ်းခြင်းနှင့် နှုတ်ဆက်ကြလော့။ ခရစ်တော်၏

ရေးထားသမျှသည် ငါတို့ကို ဆုံးမသြဝါဒပေး၍ ရေး
ထားသတည်း။
၅ သင်တို့သည် ငါတို့ သခင်ယေရှုခရစ်၏ ခမည်း
တော်တည်းဟူသော ဘုရားသခင်ကို တညီတညွတ်
တည်း နှုတ်မြွက်၍ ချီးမွမ်းစေခြင်းငှါ၊
၆ ယေရှုခရစ်၏ အလိုတော်အတိုင်း အချင်းချင်း
စိတ်တညီတညွတ်တည်း ရှိကြမည်အကြောင်း၊ သည်း
ခံခြင်း၊ သက်သာခြင်း၏ အရှင်၊ ဘုရားသခင်သည်
ကယ်မ သနားတော်မူပါစေသော။
၇ ခရစ်တော်သည် ဘုရားသခင်၏ ဘုန်းတော်ကို
ထင်ရှားစေလျက်၊ သင်တို့ကို လက်ခံတော်မူသည်
နည်းတူ၊ သင်တို့သည် တယောက်ကို တယောက်
လက်ခံကြလော့။
၈ တဖန် ငါဆိုသည်ကား၊ ယေရှုခရစ်သည် ဘုရား
သခင်၏ သစ္စာတော်ကို ထောက်၍၊ ဘိုးဘေးများ ခံရ
သော ဂတိတော်တို့ကို တည်စေခြင်းငှါ၊
၉ အရေဖျားလှီး ခြင်းကို ခံသောသူတို့၏ အမှုကို
ဆောင်ရွက်တော်မူ၏။ တပါးအမျိုးသားတို့သည်
လည်း၊ ဘုရားသခင်၏ ကရုဏာတော်ကို အံ့သြချီးမွမ်း
ကြလိမ့်မည်။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊
ထိုကြောင့် တပါးအမျိုးသားတို့တွင် ကျေးဇူးတော်ကို
အကျွန်ုပ် ချီးမွမ်း၍၊ နာမတော်ကို ထောမနာသီချင်း
ဆိုပါမည်ဟု လာသတည်း။
၁၀ တဖန် လာသည်ကား၊ တပါးအမျိုးသားတို့၊
သင်တို့သည် ဘုရားသခင်၏ လူမျိုးနှင့်အတူ ဝမ်း
မြောက်ခြင်း ရှိကြလော့ဟု လာ၏။
၁၁ တဖန်ကား၊ လူမျိုးအပေါင်းတို့၊ ထာဝရဘုရားကို
ချီးမွမ်းကြလော့။ လူအနွယ်အပေါင်းတို့၊ အလွန်ချီးမွမ်း
ကြလော့ဟု လာ၏။
၁၂ တဖန် ဟေရှာယ ဆိုသည်ကား၊ ယေရှဲ၏အမြစ်
ပေါက်၍ တပါးအမျိုးသားတို့ကို အုပ်စိုးခြင်းငှါ ပေါ်ထွန်း
သောသူ ဖြစ်လိမ့်မည်။ ထိုသူကို တပါးအမျိုးသား
တို့သည် ကိုးစားကြလိမ့်မည်ဟု ဆိုသတည်း။
၁၃ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏
တန်ခိုးအားဖြင့် မျှော်လင့်ခြင်း ပါရမီနှင့် ကြွယ်ဝစေခြင်းငှါ၊
ယုံကြည်သောစိတ်ရှိ၍ ဝမ်းမြောက် သက်သာခြင်း
အမျိုးမျိုးတို့နှင့် ပြည့်စုံမည်အကြောင်း၊ မြော်လင့်ခြင်း၏
အရှင်၊ ဘုရားသခင်သည် ကယ်မ သနားတော်မူ
ပါစေသော။
၁၄ ညီအစ်ကိုတို့၊ သင်တို့သည် ကောင်းသော
ပကတိသဘောနှင့် ပြည့်စုံ၍ အရာရာတို့ကို သိနား
လည်သဖြင့်၊ အခြင်းခြင်း ဆုံးမခြင်းငှါ တတ်နိုင်သည်ကို
ငါသဘောကျလျက်ရှိ၏။
၁၅၊၁၆ သို့သော်လည်း သန့်ရှင်းသော ဝိညာဉ်တော်
သည် သန့်ရှင်းစေတော်မူသော နှစ်သက်ဘွယ်ရာ
ပူဇော်သက္ကာတည်းဟူသော တပါးအမျိုးတို့ကို ပူဇော်
ခြင်းငှါ ငါသည် ဘုရားသခင်၏ ဧဝံဂေလိတရားကို ဟော
ပြောသောအမှုကို ဆောင်ရွက်၍၊ တပါးအမျိုးသား
တို့တွင် ယေရှုခရစ်၏ အမှုဆောင်ဖြစ်မည် အကြောင်း၊
ဘုရားသခင်သည် ငါ၌ အပ်ပေးတော်မူသော ကျေးဇူး
တော်ကို ငါအမှီပြု၍၊ ညီအစ်ကိုတို့၊ သင်တို့ကို သတိပေး
လျက် သာ၍ရဲရင့်စွာ ရေးလိုက်ပါ၏။
၁၇ ထိုကြောင့်၊ ဘုရားသခင်နှင့် စပ်ဆိုင်သော
အရာတို့၌ ငါသည် ယေရှုခရစ်ကို အမှီပြု၍ ဝါကြွား
ဝမ်းမြောက်ခြင်းအကြောင်း ရှိ၏။
၁၈၊၁၉ တပါးအမျိုးသားတို့သည် စကားအားဖြင့်
၎င်း၊ အကျင့်အားဖြင့်၎င်း၊ နားထောင်စေခြင်းငှါ၊
ခရစ်တော်သည် နိမိတ်လက္ခဏာ၊ အံ့ဘွယ်သော အမှု
များ၌ပါသောတန်ခိုး၊ သန့်ရှင်းသော ဝိညာဉ်တော်၏
တန်ခိုးကိုပြ၍၊ ငါ့အားဖြင့် ပြုတော်မူသမျှတို့ကိုသာ
ငါပြောဝံ့၏။ ထို ကျေးဇူးတော်ကို အမှီပြုလျက်၊ ငါသည်
ယေရုရှလင်မြို့ မှစ၍ ဣလုရိတ်ပြည်တိုင်အောင်
ပတ်ဝန်းကျင် အရပ်တို့၌ ခရစ်တော်၏ ဧဝံဂေလိ
တရားကို အကုန်အစင် ဟောပြောခဲ့ပြီ။
၂၀ ထိုသို့ အခြားသူတည်သော တိုက်မြင့် အပေါ်
မှာ ငါထပ်၍ မတည်မဆောက်။ ခရစ်တော်၏ နာမ
ကို မကြားဘူးသော အရပ်၌ ဧဝံဂေလိတရားကို ဟော
ခြင်းငှါ စေတနာစိတ်နှင့် ငါကြိုးစားအားထုတ်လေ့ရှိ၏။
၂၁ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား ထိုသူ၏
အကြောင်းကို အဘယ်သူမျှ မပြောဘူးသော်လည်း၊
သူတို့သည် မြင်ကြလိမ့်မည်။ မကြားဘူးသော သူတို့
သည် နားလည်ကြလိမ့်မည်ဟု လာသတည်း။
၂၂ ထိုကြောင့်၊ သင်တို့ရှိရာသို့ ငါလာရသော အခွင့်
မရှိ။ အဆီးအတား များလှပြီ။
၂၃ ယခုမူကား၊ ဤအရပ်တို့၌ အခွင့်မရသည်ဖြစ်၍၊
သင်တို့ရှိရာသို့ သွားခြင်းငှါ တာရှည်စွာ ကာလပတ်
လုံး အလိုရှိသောကြောင့်၊
၂၄ စပါနိပြည်သို့ ငါသွားသောအခါ၊ လမ်းခရီး
၌သင်တို့ကို တွေ့မြင်၍ သင်တို့နှင့်အတူ ပေါင်း
ဘော်လျက် အတန်အရာ အလိုပြည့်စုံပြီးမှ၊ ထိုပြည်
သို့ သင်တို့ ပို့ဆောင်ခြင်း ကျေးဇူးကို ခံမည်ဟုမြော်
လင့်၏။



ဝိညာဉ်တော်၌ ဗတ္တိဇံကို ပေးသောသူ ပေတည်းဟု
မိန့်တော်မူသည်နှင့်အညီ၊
၃၄ ငါသည် မြင်၍ ဤသူသည် ဘုရားသခင်၏
သားတော် ဖြစ်တော်မူကြောင်းကို သက်သေခံသည်
ဟု ယောဟန် ဆိုလေ၏။
၃၅ တဖန် ယောဟန်သည် နက်ဖြန်နေ့၌ တပည့်
နှစ်ယောက်တို့နှင့်အတူ ရပ်နေ၍၊
၃၆ ယေရှု ကြွတော်မူသည်ကို မြင်လျှင်၊ ဘုရားသခင်
၏ သိုးသငယ်ကို ကြည့်လော့ဟု ဆို၏။
၃၇ တပည့် နှစ်ယောက်တို့သည် ထိုစကားကို
ကြားလျှင်၊ ယေရှုနောက်တော်သို့ လိုက်ကြ၏။
၃၈ ယေရှုသည် လှည့်၍ထိုသူတို့ လိုက်ကြသည်ကို
မြင်တော်မူလျှင်၊ အဘယ်အလိုရှိသနည်းဟု မေးတော်
မူ၏။ ထိုသူတို့က၊ ရဗ္ဗိ၊ ကိုယ်တော်သည် အဘယ်မှာနေ
တော်မူသနည်းဟု မေးလျှောက်ကြ၏။ ရဗ္ဗိ၊ အနက်
ကား၊ အရှင်ဘုရားဟု ဆိုလိုသတည်း။
၃၉ ယေရှုကလည်း လာ၍ ကြည့်ကြလော့ဟု မိန့်
တော်မူ၏။ ထိုသူတို့သည် သွား၍ နေတော်မူရာ
အရပ်ကို ကြည့်ကြ၏။ ထိုအချိန်သည် ဆယ်နာရီ
အချိန်ဖြစ်၍ မိုဃ်းချုပ်သည့်တိုင်အောင် အထံတော်၌
နေကြ၏။
၄၀ ယောဟန်၏ စကားကို ကြား၍ နောက်တော်သို့
လိုက်သောသူ နှစ်ယောက်တို့တွင် တယောက်ကား
ရှိမုန်ပေတရုညီ အန္ဒြေပေတည်း။
၄၁ ထိုသူသည် မိမိအစ်ကို ရှိမုန်ကိုရှေ့ဦးစွာတွေ့လျှင်၊
ငါတို့သည် မေရှိကို တွေ့ကြပြီဟု ပြောဆိုလျက်၊
၄၂ သူ့ကို ယေရှု ထံသို့ ပို့ဆောင်လေ၏။ မေရှိ အနက်
ကား၊ ခရစ်တော်ဟု ဆိုလိုသတည်း။ ယေရှုသည်
ထိုသူကို ကြည့်ရှု၍၊ သင်သည် ယောန၏သား ရှိမုန်
ဖြစ်၏၊ ကေဖ အမည်သစ်ကို ရလတံ့ဟု မိန့်တော်မူ၏၊
ကေဖ အနက်ကား ပေတရု ဟုဆိုလိုသတည်း။
၄၃ နက်ဖြန်နေ့၌ ဂါလိလဲပြည်သို့ ကြွခြင်းငှါ အလို
တော်ရှိလျှင် ဖိလိပ္ပုကို တွေ့၍၊ ငါ့နောက်သို့လိုက်လော့
ဟု မိန့်တော်မူ၏၊
၄၄ ဖိလိပ္ပုကား၊ အန္ဒြေနှင့် ပေတရု မွေးဘွားရာ
ဗက်ဇဲဒမြို့မှ လာသောသူ ဖြစ်သတည်း။
၄၅ ဖိလိပ္ပုသည် နာသနေလကို တွေ့လျှင်၊ မောရှေ
သည် ပညတ္တိကျမ်း၌၎င်း၊ ပရောဖက်တို့သည် သူတို့
ကျမ်း၌၎င်း အကြောင်းပြု၍ ရေးထားသောသူ၊
နာဇရက်မြို့သား ဖြစ်သော ယောသပ်၏သား ယေရှု
ကို ငါတို့သည် တွေ့ကြပြီဟုဆို၏၊
၄၆ နာသနေလ ကလည်း၊ နာဇရက်မြို့ ထဲက
ကောင်းသော အရာတစုံတခုမျှ ထွက်နိုင်သလောဟု
မေးလျှင်၊ ဖိလိပ္ပုက၊ လာ၍ ကြည့်ပါ ဟုဆို၏၊
၄၇ နာသနေလ လာသည်ကို ယေရှုသည် မြင်တော်
မူလျှင်၊ လှည့်စားခြင်း အပြစ်နှင့် ကင်းလွတ်သော
ဣသရေလ လူစစ်ကို ကြည့်လော့ဟု ထိုသူကို အမှတ်
ပြု၍ မိန့်တော်မူ၏။
၄၈ နာသနေလကလည်း၊ ကိုယ်တော်သည်အဘယ်
သို့သောအားဖြင့် အကျွန်ုပ်ကို သိတော်မူသနည်းဟု
မေးလျှောက်သော်၊ ယေရှုက၊ ဖိလိပ္ပုသည် သင့်ကို
မခေါ်မီ၊ သင်သည် သင်္ဘောသဖန်းပင် အောက်၌
ရှိသည်ကို ငါမြင်သည်ဟု ပြန်၍ မိန့်တော်မူလျှင်၊
၄၉ အရှင်ဘုရား၊ ကိုယ်တော်သည် ဘုရားသခင်၏
သားတော် ဖြစ်တော်မူ၏။ ဣသရေလလူတို့၏ ရှင်
ဘုရင်လည်း ဖြစ်တော်မူ၏ဟု နာသနေလ လျှောက်
လေ၏။
၅၀ တဖန် ယေရှုက၊ သင်္ဘောသဖန်းပင် အောက်၌
သင့်ကို ငါမြင်သည်ဟု ဆိုသောကြောင့် ယုံသလော။
ထိုမျှမက သင်သည် သာ၍ ကြီးစွာသော အကြောင်း
အရာကို မြင်လတံ့။
၅၁ သင်တို့အား ငါအမှန်အကန် ဆိုသည်ကား၊
နောင်ကာလ၌ ကောင်းကင် ဖွင့်လှစ်သည်ကို၎င်း၊
ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် လူသား၏
အပေါ်၌ ဆင်းလျက် တက်လျက် ရှိနေသည်ကို၎င်း၊
သင်တို့သည် မြင်ရကြလတံ့ဟု မိန့်တော်မူ၏။

## ၂

၁ သုံးရက်မြောက်သောနေ့၌ ဂါလိလဲပြည် ကာန
မြို့တွင် မင်္ဂလာဆောင်ပွဲကို ခံကြစဉ်၊ ထိုပွဲ၌ ယေရှု၏
မယ်တော်ရှိ၏။
၂ ယေရှုနှင့် တပည့်တော်တို့ကိုလည်း ထိုပွဲသို့
ခေါ်ပင့်ကြ၏။
၃ စပျစ်ရည် ကုန်သောအခါ၊ ယေရှု၏ မယ်တော်က၊
စပျစ်ရည် မရှိဟု ကြားပြော၏။
၄ ယေရှုကလည်း၊ အချင်းမိန်းမ၊ သင်သည် ငါနှင့်
အဘယ်သို့ ဆိုင်သနည်း။ ငါ့အချိန် မရောက်သေးဟု
မိန့်တော်မူ၏။
၅ မယ်တော် ကလည်း၊ သူ စေခိုင်းသမျှတို့ကို
ပြုကြလော့ဟု အစေခံတို့အား ဆိုလေ၏။
၆ ယုဒဘာသာအလျောက် စင်ကြယ်ခြင်း အဘို့
အလိုငှာ၊ ထိုအရပ်၌ နှစ်တင်း သုံးတင်းခန့်ဝင်သော
ကျောက်အိုးစရည်း ခြောက်လုံး ထားလျက်ရှိ၏။

၇ ယေရှုကလည်း၊ ဤရေအိုးတို့ကို ရေဖြည့်ကြဟု
အစေခံတို့အား မိန့်တော်မူလျှင်၊ ထိုသူတို့သည် လျှံ
မတတ် ဖြည့်ကြ၏။
၈ ယခု ခပ်၍ ပွဲအုပ် ထံသို့ သွင်းကြလော့ဟု
မိန့်တော်မူသည်အတိုင်း သွင်းကြ၏။
၉ ပွဲအုပ်သည် စပျစ်ရည်ဖြစ်စေသောရေကို မြည်း
စမ်း၍၊ ထိုရေကိုခပ်သော အစေခံတို့သည် စပျစ်ရည်
ကိုအဘယ်မှာရသည်ကို သိသော်လည်း၊ ပွဲအုပ်သည်
မသိသောကြောင့်၊ မင်္ဂလာဆောင် လုလင်အား
အသံကို လွှင့်၍၊
၁၀ အခြားသောသူ မည်သည်ကား၊ ရှေ့ဦးစွာ
ကောင်းသော စပျစ်ရည်ကို ထည့်၍ ဝစွာ သောက်ကြ
ပြီးမှ ညံ့သော စပျစ်ရည်ကို ထည့်လေ့ရှိ၏။ သင်မူကား၊
ကောင်းသော စပျစ်ရည်ကို ယခုတိုင်အောင် သိုထား
ပြီဟုဆို၏။
၁၁ ထိုသို့ ယေရှုသည် ရှေ့ဦးစွာသော ဤနိမိတ်
လက္ခဏာကို ဂါလိလဲပြည်၊ ကာနမြို့၌ ပြ၍ မိမိ
ဘုန်းတော်ကို ထင်ရှားစေတော်မူ၏။ တပည့်တော်
တို့သည်လည်း ယုံကြည်ကြ၏။
၁၂ ထိုနောက် မယ်တော်မှစ၍ ညီတော်၊ တပည့်
တော်တို့နှင့်တကွ၊ ကပေရနောင်မြို့သို့ ကြွတော်မူ၏။
ထိုမြို့မှာ ကြာမြင့်စွာ မနေဘဲ၊
၁၃ ယုဒ ပသခါပွဲခံချိန် နီးသည်ရှိသော်၊ ယေရုရှလင်
မြို့သို့ ကြွတော်မူ၏။
၁၄ ဗိမာန်တော်၌ သိုး၊ နွား၊ ချိုးငှက် ရောင်းသော
သူတို့ကိုငှင်း၊ ပွဲစားများထိုင်လျက် ရှိသည်ကိုငှင်း
တွေ့တော်မူလျှင်၊
၁၅ ရိုက်စရာဘို့ ကြိုးသေးများကို ပြုပြင်ပြီးမှ၊ ထို
သူအပေါင်းတို့ကိုငှင်း၊ သိုး၊ နွားများကိုငှင်း၊ ဗိမာန်တော်
မှ နှင်ထုတ်တော်မူ၍၊ ပွဲစားတို့၏ ငွေတင် ခုံများကို
တွန်းပစ်မှောက်ထားတော်မူ၏၊
၁၆ ချိုးငှက် ရောင်းသော သူတို့အားလည်း၊ ဤ
ဥစ္စာကို ယူသွားကြ။ ငါ့အဘ၏ အိမ်တော်ကို ပွဲတဲ
မလုပ်ကြနှင့်ဟု မိန့်တော်မူ၏၊
၁၇ ကိုယ်တော်၏ အိမ်တော်၌ စွဲလန်း ပူပန်ခြင်း
စိတ်သည် အကျွန်ုပ်ကို စားပါ၏ဟူ၍ ကျမ်းစာလာ
သည်ကို၊ ထိုအခါ တပည့်တော်တို့သည် မှတ်မိကြ၏။
၁၈ ယုဒလူတို့ကလည်း၊ သင်သည် ဤသို့ပြုလျှင်
အဘယ် နိမိတ်လက္ခဏာကို ငါတို့အား ပြမည်နည်း
ဟုဆိုကြ၏။
၁၉ ယေရှု ကလည်း၊ ဤဗိမာန်တော်ကို ဖြိုဖျက်
ကြလော့။ သုံးရက် အတွင်းတွင် ငါတည်ဆောက်မည်
ဟု မိန့်တော်မူ၏။
၂၀ ယုဒလူတို့က၊ အနှစ် လေးဆယ်ခြောက်နှစ်
ပတ်လုံး ဤဗိမာန်တော်ကို တည်ဆောက်ရကြ၏။
သင်မူကား၊ သုံးရက်တည်းနှင့်တည်ဆောက်မည်လော
ဟု ဆိုကြ၏။
၂၁ ထိုသို့ မိန့်တော်မူရာ၌ မိမိကိုယ်တည်း ဟူသော
ဗိမာန်ကို အမှတ်ပြု၍ မိန့်တော်မူ၏။
၂၂ ထိုကြောင့် သေခြင်းမှ ထမြောက်တော်မူသည်
နောက်၊ ထိုစကားတော်ကို တပည့်တော်တို့သည်
မှတ်မိကြသဖြင့် ကျမ်းစာကိုငှင်း၊ ယေရှု၏နှုတ်ကပတ်
တော်ကိုငှင်း ယုံကြ၏။
၂၃ ပသခါပွဲအတွင်းတွင် ယေရှုသည် ယေရုရှလင်မြို့
၌ ရှိ၍၊ ပြတော်မူသော နိမိတ်လက္ခဏာတို့ကို များစွာ
သော သူတို့သည် မြင်ရသဖြင့် ကိုယ်တော်ကို ယုံကြည်
ခြင်းသို့ ရောက်ကြ၏။
၂၄ သို့သော်လည်း ယေရှုသည် ထိုသူတို့၌ ကိုယ်ကို
အပ်တော်မမူ။ အကြောင်းမူကား၊ ခပ်သိမ်းသောသူ
တို့ကို သိတော်မူ၏။
၂၅ လူ၏အထဲ၌ ရှိသမျှကို သိတော်မူသောကြောင့်၊
လူ၏ အကြောင်းကို သက်သေခံစေခြင်းငှါ အဘယ်
သူကိုမျှ အလိုတော်မရှိ။

## ၃

၁ ယုဒလူတို့တွင် အရာရှိဖြစ်သော နိကောဒင်
အမည်ရှိသော ဖာရိရှဲတယောက်သည်၊
၂ ညဉ့်အခါ ယေရှုထံတော်သို့လာ၍၊ အရှင်ဘုရား၊
ကိုယ်တော်သည် ပြတော်မူသော ဤနိမိတ်လက္ခဏာ
တို့ကို ဘုရားသခင်၏အခွင့်မရှိလျှင် အဘယ်သူမျှ မပြ
နိုင်သည်ကို အကျွန်ုပ်တို့သည် ထောက်၍၊ ကိုယ်တော်
သည် ဘုရားသခင့် အထံတော်မှ ကြွလာတော်မူသော
ဆရာ ဖြစ်ကြောင်းကို သိကြပါ၏ဟု လျှောက်သော်၊
၃ ယေရှုက၊ ဒုတိယ မွေးခြင်းကို မခံသောသူ
မည်သည်ကား၊ ဘုရာသခင်၏ နိုင်ငံတော်ကို မမြင်ရ
ဟု ငါအမှန်အကန်ဆိုသည်ဟု ပြန်၍ မိန့်တော်မူ၏။
၄ နိကောဒင်ကလည်း၊ အသက်ကြီးသောသူသည်
မွေးခြင်းကို အဘယ်သို့ ခံနိုင်ပါမည်နည်း။ အမိဝမ်းထဲ
သို့ တဖန် ဝင်၍ မွေးခြင်းကို ခံနိုင်ပါမည်လော ဟု
လျှောက်၏။
၅ ယေရှုကလည်း၊ ရေနှင့်ဝိညာဉ်တော် မမွေးသော
သူမည်သည်ကား၊ ဘုရားသခင်၏ နိုင်ငံတော်သို့
မဝင်ရဟု ငါအမှန်အကန်ဆို၏။



လည်း၊ သခင်ဘုရားကို ထောက်၍ မစောင့်ဘဲနေ၏။
စားသောသူသည် သခင်ဘုရားကိုထောက်သောစိတ်
နှင့် စား၍ ကျေးဇူးတော် ရှိသည်ဟု ဝန်ခံ၏။ မစားသော
သူသည်လည်း၊ သခင်ဘုရားကို ထောက် သောစိတ်နှင့်
မစားဘဲနေ၍၊ ကျေးဇူးတော်ရှိသည်ဟု ဝန်ခံ၏။
၇ ငါတို့တွင် အဘယ်သူမျှ ကိုယ်အဘို့အလိုငှါအ
သက်မရှင်။ အဘယ်သူမျှ ကိုယ်အဘို့အလိုငှါ မသေ။
၈ အသက်ရှင်လျှင်၊ သခင်ဘုရား အဘို့အလိုငှါ
ရှင်၏။ သေလျှင်လည်း သခင်ဘုရားအဘို့အလိုငှါ သေ
၏။ ထိုကြောင့် အသက်ရှင်သည်ဖြစ်စေ၊ သေသည်
ဖြစ်စေ၊ သခင်ဘုရား ဆိုင်တော်မူ၏။
၉ အကြောင်းမူကား၊ ခရစ်တော်သည်၊ သေသော
သူတို့ကိုငှင်း၊ ရှင်သော သူတို့ကိုငှင်း၊ အစိုးရသော
အရှင် ဖြစ်လိုသောငှါ အသေခံ၍၊ ခံပြီးမှ အသက်
ရှင်ပြန်တော်မူ၏။
၁၀ သင်သည် ညီအစ်ကိုချင်းကို အဘယ်ကြောင့်
စစ်ကြောစီရင်သနည်း။ ညီအစ်ကိုချင်းကို အဘယ်
ကြောင့် မထီမဲ့မြင် ပြုသနည်း။ ငါတို့ ရှိသမျှသည် ခရစ်
တော်၏ တရားပလ္လင်တော်ရှေ့သို့ ရောက်ရကြမည်။
၁၁ ကျမ်းစာလာသည်ကား၊ ငါ အသက်ရှင်တော်
မူသည် ဖြစ်၍၊ ငါ့ရှေ့၌ လူတိုင်း ဒူးထောက်ရမည်။
ဘုရားသခင်အား လူတိုင်းမိမိနှုတ်နှင့် သစ္စာခံရမည်ဟု
ထာဝရဘုရား မိန့်တော်မူ၏။
၁၂ သို့ဖြစ်၍၊ ငါတို့ ရှိသမျှသည် ဘုရားသခင် စစ်
ကြောတော်မူခြင်းကို ခံရကြမည်။
၁၃ ထိုကြောင့်၊ ငါတို့သည် ယခုမှစ၍ အချင်းချင်း မ
စစ်ကြောမစီရင်ဘဲ နေကြကုန်အံ့။ ညီအစ်ကိုချင်း ထိမိ
၍လဲစရာအခွင့်၊ မှားယွင်းစရာအခွင့် မရှိစေမည်
အကြောင်း သာ၍ စီရင်ကြကုန်အံ့။
၁၄ အဘယ် အစာမျှ ပကတိအတိုင်း မညစ်ညူး
ကြောင်းကို၊ ငါသည် သခင် ယေရှုကို အမှီပြုလျက်
သဘောကျ၍ အမှန် သိ၏။ သို့သော်လည်း၊ ညစ်
ညူးသည်ဟု အကြင်သူသည် ထင်၏။ ထိုသူ၌ ညစ်
ညူး၏။
၁၅ သင်၏ ညီအစ်ကိုသည် သင်စားသော အစာ
ကြောင့် စိတ်နာရလျှင်၊ သင်သည် မေတ္တာတရားကို
မကျင့်၊ ခရစ်တော်သည် အသေခံတော်မူသော
ကျေးဇူးတော်ကို ခံသောသူကို သင်၏ အစာအားဖြင့်၊
အကျိုး မနည်းစေနှင့်။
၁၆ သင်တို့သည် အခွင့်ရသည် အမှုမှာ ကဲ့ရဲ့စရာ
အကြောင်း မရှိစေနှင့်။
၁၇ ဘုရားသခင်၏ နိုင်ငံတော်သည် အစားအ
သောက်၌ မတည်။ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊
သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ခံရသော
ဝမ်းမြောက်ခြင်း၌ တည်၏။
၁၈ ထိုသို့ကျင့်၍ ခရစ်တော်၏ အမှုကို ဆောင်ရွက်
သောသူသည် ဘုရားသခင့်ရှေ့၌ နှစ်သက်ဘွယ်၊
လူတို့တွင် ချီးမွမ်းဘွယ် ဖြစ်၏။
၁၉ ထိုကြောင့်၊ ငြိမ်သက်ခြင်းနှင့်ငှင်း၊ အချင်းချင်း
တည်ဆောက်ခြင်းနှင့်ငှင်း ယှဉ်သောအရာတို့ကို
မှီအောင် လိုက်ကြကုန်အံ့။
၂၀ ဘုရားသခင်၏ အမှုတော်ကို သင်၏ အစာ
အလိုငှါ မဖျက်ဆီးနှင့်။ အစာ အမျိုးမျိုးတို့သည်
စင်ကြယ်၏။ သို့သော်လည်း သူတပါး ထိမိ၍ လဲစရာ
အကြောင်းနှင့် စားသောသူသည် အပြစ်ရှိ၏။
၂၁ အမဲသားကို စားခြင်း၊ စပျစ်ရည်ကို သောက်ခြင်း
ကိစ္စမှစ၍၊ ညီအစ်ကို ထိမိ၍ လဲစရာအကြောင်း၊
မှားယွင်းစရာ အကြောင်း၊ အားနည်းစရာ အကြောင်း
များကို ရှောင်အပ်၏။
၂၂ သင်သည် ယုံခြင်းရှိလျှင် ကိုယ်အလိုအလျောက်
ဘုရားသခင့်ရှေ့၌ ရှိစေလော့။ ကိုယ် လက်ခံသော
အမှုမှာ ကိုယ်ကို မစစ်ကြောမစီရင်သော သူသည်
မင်္ဂလာရှိ၏။
၂၃ ယုံမှားသောသူသည် စားလျှင်၊ ယုံကြည်သော
စိတ်မရှိဘဲ စားသောကြောင့် အပြစ်စီရင်ခြင်းကို ခံရ၏။
ယုံသောစိတ် မရှိဘဲ ကျင့်သမျှသော အကျင့်တို့သည်
အပြစ်ရှိကြ၏။

## ၁၅

၁ သို့ဖြစ်၍၊ အားရှိသော ငါတို့သည် ကိုယ်အလိုသို့
မလိုက်၊ အားနည်းသောသူတို့၏ အားနည်းခြင်းကို သီး
ခံရကြမည်။
၂ ထိုသို့ ငါတို့ရှိသမျှသည် ကိုယ်နှင့်စပ်ဆိုင်သော
သူ၏ အကျိုးကို ထောက်၍၊ သူ့ကို တည်ဆောက်
စေခြင်းငှါ သူ၏အလိုသို့ လိုက်ကြကုန်အံ့။
၃ အကြောင်းမူကား၊ ခရစ်တော်သည် ကိုယ်အလို
သို့ မလိုက်။ ကျမ်းစာလာသည်အတိုင်း ကဲ့ရဲ့ခြင်းကို
ခံတော်မူ၏။ ကိုယ်တော်ကို ကဲ့ရဲ့သော သူတို့၏
စကားသည် အကျွန်ုပ် အပေါ်သို့ ရောက်ပါ၏ဟု
ကျမ်းစာလာသတည်း။
၄ ငါတို့သည် ကျမ်းစာ၌ ပါသော သီးခံခြင်း၊ သက်
သာခြင်း အကြောင်းများကို အမှီပြု၍၊ မြော်လင့်ရ
သောအခွင့် ရှိစေခြင်းငှါ၊ ကျမ်းစာ၌ အထက်က

၂ ထိုကြောင့် မင်းအာဏာကို ဆန့်ကျင်သောသူသည်
ဘုရားသခင် စီရင်တော်မူရာကို ဆန်သောသူဖြစ်၏။
ထိုသို့ ဆန်သောသူသည် ရာဇဝတ်ကို ခံရမည်။
၃ မင်းမူကား၊ ကောင်းသောအကျင့်ကို ကျင့်သော
သူ ကြောက်ဘို့ ဖြစ်သည်မဟုတ်။ မကောင်းသော
အကျင့်ကို ကျင့်သောသူ ကြောက်ဘို့ ဖြစ်၏။ မင်းအာ
ဏာကို မကြောက်ဘဲ နေချင်သလော။ ကောင်းသော
အကျင့်ကို ကျင့်လော့။ ကျင့်လျှင် မင်းအာဏာကြောင့်
ချီးမွမ်းခြင်းကို ခံရလိမ့်မည်။
၄ မင်းသည်ကား၊ သင်၏ အကျိုးအလို့ငှါ ဘုရား
သခင်၏ အစေခံဖြစ်၏။ မကောင်းသော အကျင့်ကို
ကျင့်လျှင်၊ ကြောက်ခြင်း ရှိစေလော့။ အကြောင်းမူကား၊
မင်းသည် အချည်းနှီး ထားကို ဆောင်သည် မဟုတ်။
မကောင်းသောအကျင့်ကို ကျင့်သောသူတို့ကို အပြစ်
တရားစီရင်၍ ရာဇဝတ် ပေးပိုင်သော သူတည်းဟူ
သော ဘုရားသခင်၏ အစေခံ ဖြစ်သတည်း။
၅ ထိုကြောင့်၊ ရာဇဝတ်ကို ကြောက်သောကြောင့်
သာ မင်းအာဏာစက်၏ အုပ်စိုးခြင်းကို ဝန်ခံရသည်
မဟုတ်။ ကိုယ်ကိုကိုယ် သိသောစိတ်ကို ထောက်၍
ဝန်ခံရမည်။
၆ ထိုအကြောင်းကြောင့် အခွန်အတုတ်ကို ပေးကြ
လော့။ မင်းတို့သည် ဘုရားသခင်၏ အမှုစောင့်ဖြစ်၍၊
အမှုတော်ကို အမြဲထမ်းကြ၏။
၇ ထိုကြောင့်၊ လူအသီးအသီးခံထိုက်သည်အတိုင်း
ပေးကြလော့။ အခွန်ကို ခံထိုက်သောသူအား အခွန်
ကိုငှင်း၊ အကောက်ကို ခံထိုက်သောသူအား အ
ကောက်ကိုငှင်း ပေးကြလော့။ ကြောက်ထိုက်သော
သူကို ကြောက်ကြလော့။ ရိုသေ ထိုက်သောသူကို
ရိုသေကြလော့။
၈ အချင်းချင်း ချစ်ခြင်းမေတ္တာ မှတပါးအဘယ်
ကြွေးမျှ မတင်စေနှင့်။ သူတပါးကို ချစ်သောသူသည်
အကျင့်တရားနှင့် ပြည့်စုံပြီ။
၉ အကြောင်းမူကား၊ သူ့မယားကို မပြစ်မှားနှင့်၊
လူအသက်ကို မသတ်နှင့်၊ သူ့ဥစ္စာကို မခိုးနှင့်၊ မမှန်သော
သက်သေကို မခံနှင့်၊ သူ့ဥစ္စာကို တပ်မက်လိုချင်သော
စိတ် မရှိစေနှင့်ဟူသော ပညတ်မှစ၍ အခြားသော
ပညတ် ရှိသမျှတို့သည်၊ ကိုယ်နှင့် စပ်ဆိုင်သောသူကို
ကိုယ်နှင့်အမျှ ချစ်လော့ဟူသောပညတ် တခု၌ အပါ
အဝင် ဖြစ်ကြ၏။
၁၀ ချစ်ခြင်း မေတ္တာရှိသောသူသည် ကိုယ်နှင့် စပ်ဆိုင်
သောသူ၏ အကျိုးကို မဖျက်ဆီးတတ်။ ထိုကြောင့်၊
ချစ်ခြင်းမေတ္တာသည် အကျင့်တရား ပြည့်စုံရာဖြစ်
သတည်း။
၁၁ ထိုမှတပါး၊ ငါတို့ကို ကယ်တင်သော ကျေးဇူး
တော်သည် ငါတို့ယုံကြည်သော နေ့ရက်၌ နီးသည်
ထက် ယခုသာ၍ နီးသောကြောင့်ငှင်း၊
၁၂ ညဉ့်အချိန် ကုန်လု၍ နေ့အချိန် ရောက်လုသော
ကြောင့်ငှင်း၊ ယခုအခါ အိပ်ပျော်ရာမှ နိုးရသောအချိန်
ရောက်ခဲ့ပြီဟု ငါတို့သည် သိ၍ ကာလအချိန်ကို
ထောက်လျက်၊ မှောင်မိုက်၏ အကျင့်ကို ပယ်ရှား၍၊
အလင်း၏ လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြ
ကုန်အံ့။
၁၃ ပွဲလုပ်ခြင်း၊ ယစ်မျိုး သောက်ကြူးခြင်း၊ မတရား
သောမေထုန်၌ မှိဝဲခြင်း၊ ကိလေသာ ညစ်ညူးခြင်း၊
ရန်တွေ့ခြင်း၊ ငုဏ်ပြိုင်ခြင်းအမှုတို့ကို ကြဉ်ရှောင်၍၊
နေ့အချိန်၌ကဲ့သို့ တင့်တယ်လျောက်ပတ်စွာ ကျင့်
ဆောင်ပြုမူကြကုန်အံ့။
၁၄ သခင် ယေရှုခရစ်ကို ယူတင်ဝတ်ဆောင်ကြ
လော့။ ကိုယ်ကာယ၏ တပ်မက်ခြင်းအလို့ငှါ မကြံစည်
ကြနှင့်။

## ၁၄

၁ ယုံကြည် အားနည်းသော သူတို့ကို လက်ခံကြ
လော့။ သို့ရာတွင် ယုံမှားဘွယ်သော ပြဿနာတို့ကို
ထိုသူနှင့် မဆွေးနွေးကြနှင့်။ အစာ အမျိုးမျိုးကို စား
အပ်သည်ဟု လူအချို့ယုံ၏။
၂ အားနည်းသောသူမူကား၊ ဟင်းသီးဟင်းရွက်
ကိုသာ စား၏။ အမျိုးမျိုးကို စားသောသူသည် မစား
သောသူကို မထီမဲ့မြင် မပြုစေနှင့်။ မစားသောသူသည်
လည်း၊ စားသောသူကို မစစ်ကြော မစီရင်စေနှင့်။
အကြောင်းမူကား၊ ဘုရားသခင်သည် သူ့ကို လက်ခံ
တော်မူပြီ။
၄ သူတပါးပိုင်သော လူကို စစ်ကြောစီရင်သော
သင်သည် အဘယ်သူနည်း။ သူသည် မိမိသခင် စီရင်
သောအားဖြင့်သာ အပြစ်လွတ်ခြင်း၊ အပြစ်ခံခြင်းသို့
ရောက်ရ၏။ သူသည် အပြစ်လွတ်ခြင်းသို့ ရောက်လိမ့်
မည်။ အကြောင်းမူကား၊ ဘုရားသခင်သည် သူ၏
အပြစ် ကိုလွတ်ခြင်းငှါ တတ်နိုင်တော်မူ၏။
၅ နေ့ရက်တရက်ထက် တရက် သာ၍မြတ်သည်
ဟု လူအချို့ထင် တတ်၏။ လူအချို့ မထင်။ လူတိုင်း
မိမိ စိတ်သဘောကျပါစေ။
၆ နေ့ရက် ကို စောင့်သောသူသည် သခင်ဘုရားကို
ထောက်၍စောင့်၏။ နေ့ရက်ကို မစောင့်သောသူသည်



၆ ဇာတိပကတိ မွေးသော အရာသည် ဇာတိ
ပကတိ ဖြစ်၏။ ဝိညာဉ်တော် မွေးသောအရာသည်
ဝိညာဉ်ဖြစ်၏။
၇ ဒုတိယမွေးခြင်းကို ခံရမည်ဟု ငါဟောပြောသည်
ကို အံ့ဩခြင်းမရှိနှင့်။
၈ လေသည် အလိုရှိတိုင်း သွားလာ၏။ လေ၏
အသံကို သင်သည် ကြားရသော်လည်း အဘယ်
အရပ်က ဖြစ်သည်၊ အဘယ်အရပ်သို့ သွားသည်ကို
မသိနိုင်။ ထိုနည်းတူ ဝိညာဉ်တော် မွေးသောသူ
ဖြစ်သည်ဟု မိန့်တော်မူ၏။
၉ နိကောဒင် ကလည်း၊ ဤအမှုအရာသည် အ
ဘယ်သို့ ဖြစ်နိုင်ပါမည်နည်းဟု လျှောက်ပြန်လျှင်၊
၁၀ တဖန် ယေရှုက၊ သင်သည် ဣသရေလလူတို့တွင်
ဓမ္မဆရာဖြစ်လျက်ပင် ဤအမှုအရာကို မသိသလော။
၁၁ ငါအမှန်အကန် ဆိုသည်ကား၊ ငါတို့သည် ကိုယ်
သိ သောအရာကို ပြော၏၊ ကိုယ်မြင်သောအရာကို
သက်သေခံ၏။ သို့သော်လည်း ငါတို့၏သက်သေ
ခံချက်ကို သင်တို့သည် မခံမယူကြ။
၁၂ မြေကြီးအရာကို ငါပြော၍ သင်တို့သည် မယုံ
လျှင်၊ ကောင်းကင်အရာကို ငါပြောသောအခါ
အဘယ်သို့ ယုံကြလိမ့်မည်နည်း။
၁၃ ကောင်းကင်ဘုံကဆင်းသက်၍ ကောင်းကင်ဘုံ၌
ရှိနေသော လူသားမှတပါး အဘယ်သူမျှ ကောင်းကင်
ဘုံသို့ မတက်ပြီ။
၁၄ မောရှေသည် တော၌ မြွေကို မြှောက်ထား
သကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်။
၁၅ အကြောင်းမူကား၊ ထိုသားတော်ကို ယုံကြည်
သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊
ထာဝရအသက်ကို ရမည်အကြောင်းတည်း။
၁၆ ဘုရားသခင်၏ သားတော်ကို ယုံကြည်သော
သူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရ
အသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌
တပါးတည်းသော သားတော်ကို စွန့်တော်မူသည်
တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။
၁၇ လောကီသားတို့အား အပြစ် စီရင်ခြင်းငှါ၊
ဘုရားသခင်သည် သားတော်ကို ဤလောကသို့
စေလွှတ်တော်မူသည် မဟုတ်။ လောကီသားတို့သည်
ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်
အကြောင်း စေလွှတ်တော်မူ၏။
၁၈ သားတော်ကို ယုံကြည်သောသူသည် အပြစ်
စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား၊ ဘုရား
သခင်၌ တပါးတည်းသော သားတော်ကို မယုံကြည်
သောကြောင့် ယခုပင် အပြစ်စီရင်ခြင်းကို ခံရ၏။
၁၉ အပြစ်စီရင်ခြင်းကို ခံရကြောင်းကား၊ အလင်း
သည် ဤလောကသို့ ဝင်၍၊ လူတို့သည် မကောင်း
သောအကျင့်ကို ကျင့်သောကြောင့်၊ အလင်းထက်
မှောင်မိုက်ကို သာ၍ နှစ်သက်ကြ၏။
၂၀ ဆိုးယုတ်သော အကျင့်ကို ကျင့် သောသူအပေါင်း
တို့သည် အလင်းကို မြင်ပျင်း၍ မိမိတို့ အကျင့်၌
အပြစ်ပါသည်ကို မထင်ရှားစေခြင်းငှါ အလင်းသို့မချဉ်း
ကပ်ကြ။
၂၁ သမ္မာတရားကို ကျင့်သောသူမူကား၊ မိမိအကျင့်
တို့သည် ဘုရားသခင်၏ အလိုတော်နှင့် ညီသည်ကို
ထင်ရှားစေခြင်းငှါ အလင်းသို့ ချဉ်းကပ်သည် ဟု
ဟောတော်မူ၏။
၂၂ ထိုနောက်မှ ယေရှုသည် တပည့်တော်တို့နှင့်
အတူ ယုဒပြည်၏ ကျေးလက်သို့ ကြွတော်မူလျှင်၊
ထိုအရပ်၌ တပည့်တော်တို့နှင့်တကွ နေတော်မူ၍
ဗတ္တိဇံကို ပေးလေ၏။
၂၃ ယောဟန်သည်လည်း၊ ရှာလိမ်မြို့နှင့်အနီး အဲနုန်
အရပ်၌ ရေများသောကြောင့်၊ ဗတ္တိဇံကို ပေး၍ နေသဖြင့်၊
လူများတို့သည် လာ၍ ဗတ္တိဇံကို ခံကြ၏။
၂၄ ယောဟန်သည် ထောင်ထဲသို့ မရောက်သေး။
၂၅ ထိုအခါ ယောဟန်၏ တပည့်တို့သည် စင်ကြယ်
ခြင်းကို အကြောင်းပြု၍ ယုဒလူနှင့် ဆွေးနွေးငြင်းခုံခြင်း
ရှိကြသဖြင့်၊
၂၆ ယောဟန်ထံသို့ လာ၍၊ အရှင်ဘုရား၊ ယော်ဒန်
မြစ်တဘက်၌ ကိုယ်တော်နှင့်တကွရှိ၍ ကိုယ်တော်
သက်သေ ပေးသောသူသည် ဗတ္တိဇံကို ပေးလျက်
နေ၏။ ထိုသူထံသို့ လူအပေါင်းတို့သည် ရောက်ကြပါ၏
ဟု လျှောက်လျှင်၊
၂၇ ယောဟန်က၊ ကောင်းကင်ဘုံမှ ပေးတော်မမူလျှင်
လူသည် အဘယ်အရာကိုမျှ မခံနိုင်ရာ။ ငါသည်
ခရစ်တော် မဟုတ်။
၂၈ ခရစ်တော် ရှေ့၌ စေလွှတ်သောသူဖြစ်သည်ဟု
ငါဆိုသည်ကို သင်တို့သည် ငါ၏သက်သေ ဖြစ်ကြ၏။
၂၉ မင်္ဂလာဆောင် သတို့သမီးကို ရသောသူသည်
မင်္ဂလာဆောင်လုလင်ဖြစ်၏။ မင်္ဂလာဆောင် လုလင်၏
အနားမှာနေ၍ သူ၏စကားကို ကြားရသော အဆွေ
ခင်ပွန်းသည် ထိုစကားသံကို ကြားသော အားဖြင့်
ဝမ်းမြောက်ခြင်းရှိ၏။ ထိုနည်းတူ ငါ၏ ဝမ်းမြောက်ခြင်း
ပြည့်စုံ၏။

၃:၂၂၊ ၂၃၊ ၂၆။

**ဗတ္တိဇံ၏ ပုဒ်နက်သည် နှစ်ခြင်း ဖြစ်သည်။**

၂၀ ထိုသခင်သည် တိုးပွါးခြင်း ရှိရမည်။ ငါမူကား
ဆုတ်ယုတ်ခြင်း ရှိရမည်။
၃၁ အထက်မှ လာသောသူသည် အလုံးစုံတို့၏
အထွဋ်ဖြစ်၏။ မြေကြီးမှ ဖြစ်သောသူသည်မြေကြီးနှင့်
စပ်ဆိုင်၍ မြေကြီးအရာကို ပြောတတ်၏။ ကောင်းကင်
ဘုံမှ ကြွလာသောသူသည် အလုံးစုံတို့၏ အထွဋ်
ဖြစ်တော်မူ၏။
၃၂ မြင်သမျှကြားသမျှတို့ကိုလည်းသက်သေခံတော်
မူ၏။ ထိုသက်သေခံချက်ကို အဘယ်သူမျှ မခံမယူ၊
၃၃ သက်သေခံတော်မူချက်ကို ခံယူသော သူသည်
ကား၊ ဘုရားသခင်သည် သစ္စာစောင့်တော်မူသည်ဟု
တံဆိပ်ခတ်၏။
၃၄ ဘုရားသခင် စေလွှတ်တော်မူသော သူသည်
ဘုရားသခင်၏ စကားတော်ကို ပြောဆိုတတ်၏။
ထိုသူအား ဘုရားသခင်သည် ဝိညာဉ်တော်ကို
အတိုင်းအရှည် မရှိဘဲပေးတော်မူ၏။
၃၅ ခမည်းတော်သည် သားတော်ကို ချစ်တော်မူ၍၊
ခပ်သိမ်းသောအရာတို့ကို သားတော်လက်သို့ အပ်
ပေးတော်မူပြီ။
၃၆ သားတော်ကို ယုံကြည်သောသူသည် ထာဝရ
အသက်ကို ရ၏။ သားတော်ကို ပယ်သောသူမူကား
အသက်ကို မတွေ့ရ။ ထိုသူ၏ အပေါ်၌ ဘုရားသခင်၏
အမျက်တော် တည်နေသည်ဟု ယောဟန် ဟောပြော
လေ၏။

## ၄

၁ ယေရှုသည် ကိုယ်တိုင် ဗတ္တိဇံကို ပေးတော်မမူ။
၂ တပည့်တော်တို့သာလျှင် ပေးကြသော်လည်း၊
ယေရှုသည် ယောဟန်ထက် သာ၍များသောသူတို့ကို
တပည့်တော်ဖြစ်စေ၍ဗတ္တိဇံကိုပေးကြောင်းကို ဖာရိရှဲ
တို့သည်ကြားပြီဟု သခင်ဘုရား သိတော်မူသောအခါ၊
၃ ယုဒပြည်မှ ထွက်သွား၍ ဂါလိလဲပြည်သို့ တဖန်
ကြွတော်မူစဉ်တွင်၊
၄ ရှမာရိပြည်အလယ်၌ ရှောက်သွားရ၏။
၅ ယာကုပ်သည် မိမိသား ယောသပ်အား ပေး
သောမြေအကွက်နှင့်အနီး၊ ရှမာရိနယ်၊ ရှုခါ အမည်
ရှိသော မြို့သို့ရောက်တော်မူ၏။
၆ ထိုအရပ်၌ ယာကုပ်၏ရေတွင်း ရှိ၏။ ယေရှုသည်
ခရီးသွား၍ ပင်ပန်းသောကြောင့် ရေတွင်းနားမှာ
ထိုင်တော်မူ၏။ ထိုအချိန်သည် ခြောက်နာရီ အချိန်
ဖြစ်၏။
၇ ရှမာရိ မိန်းမ တယောက်သည် ရေခပ်ခြင်းငှါ
လာ၍၊ ယေရှုက၊ ငါသောက်ဘို့ ရေပေးပါဟု ထိုမိန်းမ
အားမိန့်တော်မူ၏။
၈ အကြောင်းမူကား၊ တပည့်တော်တို့သည် စားစ
ရာကို ဝယ်ခြင်းငှါ မြို့ထဲသို့ သွားကြသည် အခိုက်
ဖြစ်သတည်း။
၉ ထိုမိန်းမကလည်း၊ သင်သည် ယုဒလူဖြစ်လျက်
ပင်၊ ရှမာရိ မိန်းမဖြစ်သော အကျွန်ုပ်ကိုအဘယ်ကြောင့်
သောက်ဘို့ တောင်းသနည်းဟု ဆို၏။ ဆိုသည်
အကြောင်းကား၊ ယုဒလူတို့သည် ရှမာရိလူတို့နှင့်
ပေါင်းဘော်ခြင်း မရှိ။
၁၀ ယေရှုကလည်း၊ ဘုရားသခင့် ကျေးဇူးတော်ကို
၎င်း၊ ငါသောက်ဘို့ ရေပေးပါဟု ဆိုသောသူကား အ
ဘယ်သူဖြစ်သည်ကို၎င်း သင်သည် သိလျှင် ထိုသူကို
တောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကို
ပေးလိမ့်မည်ဟု ပြန်၍ မိန့်တော်မူသော်၊
၁၁ မိန်းမက၊ သခင်၌ ရေခပ်စရာမရှိရေတွင်းလည်း
နက်သည်ဖြစ်၍အသက်ရေကိုအဘယ်သို့ရပါမည်နည်း။
၁၂ ဤရေတွင်းကို ငါတို့အဘ ယာကုပ်သည် ငါတို့
အား ပေး၏။ သူ့ကိုယ်တိုင် မှစ၍ သားသမီး၊ တိရစ္ဆာန်
များတို့သည် ဤတွင်းရေကို သောက်ကြပြီ။ သခင်
သည် ထိုသူထက် ကြီးမြတ်သလောဟု ဆို၏။
၁၃ ယေရှုကလည်း၊ ဤရေကို သောက်သောသူ
သည် နောက်တဖန် ရေငတ်ဦးမည်။
၁၄ ငါပေးသော ရေကို သောက်သော သူမူကား၊
ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေး
သောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်းအလိုငှါ
ထွက်သော စမ်းရေ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။
၁၅ မိန်းမကလည်း၊ သခင်၊ အကျွန်ုပ်သည် ရေငတ်
ခြင်းနှင့်၎င်း၊ သည်ကိုလာ၍ ရေခပ်ခြင်းနှင့်၎င်း ကင်း
လွတ်မည်အကြောင်း ထိုရေကိုပေးပါဟုတောင်းလျှင်၊
၁၆ ယေရှုက၊ သွားလော့။ သင်၏လင်ကို ခေါ်၍
သည်ကို လာဦးလော့ဟု မိန့်တော်မူ၏။
၁၇ မိန်းမကလည်း၊ အကျွန်ုပ်၌ လင်မရှိဟုဆိုလျှင်၊
ယေရှုက၊ လင်မရှိဟူသောစကားသည် မှန်၏။
၁၈ အကြောင်းမူကား၊ သင်၌လင် ငါးယောက်
ရှိဘူးပြီ။ ယခု သင်နှင့်နေသောသူသည် သင်၏လင်
မဟုတ်။ ဤအရာ၌ သင်သည် မှန်သောစကားကို
ပြောပြီဟု မိန့်တော်မူ၏။
၁၉ ထိုမိန်းမကလည်း၊ သခင်၊ ကိုယ်တော်သည်
ပရောဖက်ဖြစ်သည်ကို အကျွန်ုပ် ရိပ်မိပါ၏။
၂၀ အကျွန်ုပ်တို့ ဘိုးဘေးများသည် ဤတောင်ပေါ်၌

၄း၁၊ ၂။



ဝတ်ကို ပြုမည်အကြောင်း ဘုရားသခင်၏ ကရုဏာ
တော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်း
နှိုးဆော်ပေး၏။
၂ သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်
ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သော
အရာ၊ စုံလင်သော အရာတည်းဟူသော ဘုရားသခင်
အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်
သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသင့်
ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ ရောက်
ကြလော့။
၃ သင်တို့သည် ကိုယ်ကို ထင်သင့်သည်အတိုင်း
ထက် လွန်၍ မထင်ဘဲ၊ ဘုရားသခင်သည် လူအသီး
အသီးတို့အား ယုံကြည်ခြင်းကို ဝေပေးတော်မူသည်
နှင့်အညီ၊ ကိုယ်ကို လျောက်ပတ်စွာ ထင်ရမည်
အကြောင်း ငါသည် ကိုယ်ခံရသော ကျေးဇူးတော်ကို
အမှီပြုလျက်၊ သင်တို့တွင် ရှိသမျှသော သူတို့ကို
မှာထား၏။
၄ ဥပမာကား၊ ကိုယ်တခု၌ အင်္ဂါအများရှိသည် ဖြစ်
၍၊ ထိုအင်္ဂါအများသည် ဆောင်ရွက်စရာအမှု တခု
တည်း မရှိသကဲ့သို့၊
၅ ထိုအတူ၊ အများဖြစ်သောငါတို့သည် ခရစ်တော်၌
တကိုယ်တည်းဖြစ်၍၊ အသီးအသီး အင်္ဂါချင်းဖြစ်ကြ၏။
၆ ထိုသို့ပေးတော်မူသော ကျေးဇူးတော်အတိုင်း
ငါတို့သည် အသီးသီးအပြားပြားသော ဆုများကို
ခံရသည်ဖြစ်၍၊ ပရောဖက်အရာရှိလျှင်၊ ယုံကြည်ခြင်း
ပမာဏကို ရသည်အတိုင်း ပရောဖက်ပြုကြကုန်အံ့။
၇ ဓမ္မဆရာ အရာရှိလျှင်၊ ဓမ္မဆရာ၏ အမှုကို
ဆောင်ရွက်ကြကုန်အံ့။ ဆုံးမဩဝါဒပေးသောသူသည်
ထိုအမှုကို ဆောင်ရွက်စေ။
၈ နှိုးဆော် သွေးဆောင်သောသူသည် ထိုအမှုကို
ဆောင်ရွက်စေ။ အစွန့်အကြဲ ဝေငှသောသူသည်
လျစ်လျူသောစိတ်နှင့် ဝေငှစေ။ အုပ်ချုပ်သောသူသည်
လုံ့လဝီရိယနှင့် အုပ်ချုပ်စေ။ မစသနားခြင်းအမှုကို
ပြုသောသူသည် စေတနာစိတ်နှင့် ပြုစေ။
၉ မေတ္တာစိတ်သည် လျို့ဝှက်ခြင်းနှင့် ကင်းစေလော့။
ဆိုးညစ်သောအမှုကို စက်ဆုပ်ရွံရှာကြလော့။ ကောင်း
မွန်သောအမှု၌ မှိဝဲဆည်းကပ်ကြလော့။
၁၀ ညီအစ်ကို ချစ်ခြင်းအရာမှာ၊ ပကတိပေါက်ဘော်
ကဲ့သို့ တယောက် ကိုတယောက် စုံမက်ကြလော့။ ချီး
မွမ်းခြင်းအရာမှာ၊ သူတပါးကို ကိုယ်ထက် ချီးမြှောက်
ကြလော့။
၁၁ အားထုတ်ခြင်း အရာမှာ ပျင်းရိခြင်း မရှိဘဲလျက်၊
စိတ်တန်းသဖြင့် သခင်ဘုရား၏ အလိုတော်သို့ လိုက်
၍ အားထုတ်ကြလော့။
၁၂ မြော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဆင်းရဲ
ဒုက္ခရောက်သောအခါ သည်းခံကြလော့။ ဆုတောင်း
ပဌနာပြုခြင်းအမှုကို အမြဲပြုကြလော့။
၁၃ သန့်ရှင်းသူတို့သည် ဆင်းရဲသောအခါ ဝေငှ
ပေးကမ်းကြလော့။ အာဂန္တုတို့အား ဧည့်သည်ဝတ်ကို
ကြိုးစား၍ ပြုကြလော့။
၁၄ သင်တို့ကို ညှဉ်းဆဲသော သူတို့အဘို့ မေတ္တာ
ပို့ကြလော့။ ကျိန်ဆဲခြင်းကို မပြု၊ မေတ္တာပို့ခြင်းကိုသာ
ပြုကြလော့။
၁၅ ဝမ်းမြောက်သော သူတို့နှင့်အတူ၊ ဝမ်းမြောက်
ခြင်းကို၎င်း၊ ငိုကြွေးသောသူတို့နှင့်အတူ ငိုကြွေးခြင်း
ကို၎င်း ပြုကြလော့။
၁၆ အချင်းချင်း စိတ်သဘော တညီတညွတ်တည်း
ရှိကြလော့။ ဂုဏ်စည်းစိမ်ကို ငဲ့ကွက်ခြင်း မရှိကြနှင့်။
နှိမ့်ချသောသူတို့ကို အပေါင်းအဘော် လုပ်ကြလော့။
ငါသည် ပညာရှိ၏ဟု ကိုယ်ကို မထင်ကြနှင့်။
၁၇ အဘယ်သူကိုမျှ ရန်တုံ့ မမူကြနှင့်။ လူအပေါင်းတို့
ရှေ့မှာ တင့်တယ်လျောက်ပတ်သော အကျင့်ကို ကြံ
စည်ကြလော့။
၁၈ သင်တို့သည် တတ်နိုင်သမျှအတိုင်း လူအပေါင်း
တို့နှင့် အသင့်အတင့် နေကြလော့။
၁၉ ချစ်သူတို့၊ သူတပါးသည် သင်တို့ကို ပြစ်မှားလျှင်၊
ကိုယ်တိုင် အပြစ်ပြန်၍ မတုံ့ကြနှင့်။ အမျက်တော်ကို
အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား၊ ငါသည်
အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့် အလျောက်
ငါဆပ်ပေးမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။
၂၀ ထိုကြောင့် သင်၏ ရန်သူသည် မွတ်သိပ်လျှင်
လုပ်ကျွေးလော့။ ရေငတ်လျှင် သောက်စရာဘို့ ပေး
လော့။ ထိုသို့ပြုလျှင်၊ သူ၏ခေါင်းပေါ်၌ မီးခဲကို ပုံထား
လိမ့်မည်။
၂၁ အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့်
အဆိုးကို နိုင်လော့။

## ၁၃

၁ အစိုးရသော မင်းအာဏာစက်၏ အုပ်စိုးခြင်းကို
လူတိုင်း ဝန်ခံစေ။ အကြောင်းမူကား၊ ဘုရားသခင်၏
အခွင့်မရှိလျှင်၊ မင်းအာဏာစက် မရှိ။ အာဏာစက်
ရှိသမျှသည် ဘုရားသခင် ခန့်ထားတော်မူရာ ဖြစ်
သတည်း။

၁၇ အချို့သော အခက်တို့ကို ချိုးဖဲ့ပြီးမှ၊ ရိုင်းသော
သံလွင်ပင်တည်းဟူသော သင်ကို အထက်ငုတ်၌
ဆက်၍ စိုက်သဖြင့် အခက်များနှင့်အတူ သံလွင်ပင်
အမြစ်ကိုဎင်း၊ အဆီဩဇာကိုဎင်း ဆက်ဆံလျှင်၊
ချိုးဖဲ့သော အခက်တို့ကို ကဲ့ရဲ့ဝါကြွားခြင်း မရှိနှင့်။
၁၈ ဝါကြွားလျှင်မူကား၊ သင်သည် အမြစ်ကို မ
ဆောင်၊ အမြစ်သည်သင့်ကို ဆောင်၏။
၁၉ ငါ့ကိုဆက်၍ စိုက်ခြင်းငှါ ထိုအခက်တို့ကို ချိုးဖဲ့ပြီ
ဟု သင်ဆိုပြန်လျှင်၊ မှန်စေတော့။
၂၀ မယုံကြည်သော စိတ်ရှိသောကြောင့် သူတို့ကို
ချိုးဖဲ့သည်ဖြစ်၍၊ သင်သည် ယုံကြည်ခြင်းအားဖြင့်သာ
တည်၏။ မာနစိတ် မရှိစေနှင့်။ ကြောက်ခြင်းစိတ်
ရှိစေလော့။
၂၁ အကြောင်းမူကား၊ ဘုရားသခင်သည် ပကတိ
အခက်များကို နှမြောတော် မမူလျှင်၊ သင်တို့ကို
နှမြောတော်မူမည်လော။
၂၂ သို့ဖြစ်၍၊ လဲသောသူတို့၌ ပြင်းစွာ စီရင်တော်
မူခြင်းကိုဎင်း၊ ကျေးဇူးတော်၌ သင်သည် တည်နေလျှင်၊
သင်၌ ပြုတော်မူသော ကျေးဇူးတော်ကိုဎင်း၊ ဤ
နှစ်ပါးကို အောက်မေ့လော့။ ကျေးဇူးတော်၌ မတည်
မနေလျှင်၊ သင်သည်လည်း ခုတ်ပစ်ခြင်းကို ခံရမည်။
၂၃ သူတို့သည် မယုံကြည်သောစိတ် ပျောက်လျှင်၊
အပင်၌ တဖန်ဆက်၍ စိုက်သောအခွင့်ကို ရကြ
လိမ့်မည်။ သူတို့ကို တဖန်ဆက်၍ စိုက်ခြင်းငှါ ဘုရား
သခင် တတ်နိုင်တော်မူ၏။
၂၄ အဘယ်သို့နည်း ဟူမူကား၊ ပကတိရိုင်းသော
သံလွင်ပင်မှ သင့်ကို ခုတ်ယူ၍၊ ကောင်းသော သံလွင်
ပင်၌ ပကတိကို မလိုက်ဘဲ ဆက်၍ စိုက်သည် မှန်လျှင်
ပကတိ အခက်ဖြစ်သော ထိုသူတို့သည် မိမိတို့
သံလွင်ပင်၌ဆက်၍ စိုက်သောအခွင့်ကို သာ၍ရကြ
မည် မဟုတ်လော။
၂၅ ညီအစ်ကိုတို့၊ သင်တို့သည် ဝါကြွားသောစိတ်
မရှိစေမည်အကြောင်း တပါးအမျိုးသား အပေါင်း
တို့သည် မဝင်မှီတိုင်အောင်၊ ဣသရေလလူ အချို့တို့
ကို မှောင်မိုက် ဖုံးလွှမ်းခြင်းအကြောင်း တည်းဟူ
သောနက်နဲသော အရာကို မသိဘဲ နေစေခြင်းငှါ ငါ
အလို မရှိ။
၂၆ ထိုသို့ ကျမ်းစာနှင့်အညီ၊ ဣသရေလ လူအပေါင်း
တို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။
ကျမ်းစာချက်ဟူမူကား၊ ကယ်လွှတ်သော သခင်သည်
ဇိအုန်တောင်၌ ပေါ်ထွန်း၍၊ မတရားသောအမှုကို
ယာကုပ် အမျိုးသားတို့မှ လွှဲတော်မူလတံ့။
၂၇ သူတို့အပြစ်များကို ငါပယ်ရှင်းသောအခါ၊ သူတို့
၌ ငါပေးသော ပဋိညာဉ်တရားသည် ထိုသို့သော
တရားဖြစ်၏ဟု လာသတည်း။
၂၈ သူတို့သည် ဧဝံဂေလိတရား အားဖြင့်မူကား
သင်တို့ အကြောင်းကြောင့် ရန်သူဖြစ်ကြ၏။ ရွေး
ကောက်တော်မူခြင်း အားဖြင့်မူကား၊ ဘိုးဘေးများ
အကြောင်းကြောင့် ချစ်သူ ဖြစ်ကြ၏။
၂၉ အဘယ်သို့နည်းဟူမူကား၊ ဘုရားသခင် ပေးသ
နားတော်မူခြင်း၊ ခေါ်ထားတော်မူခြင်း ကျေးဇူးသည်
ဖောက်ပြန်ခြင်းသဘော မရှိ၊
၃၀ သင်တို့သည် အထက်က၊ ဘုရားသခင်၏စကား
တော်ကို နားမထောင်ဘဲ နေသော်လည်း၊ ယခုတွင်
သူတို့ နားမထောင်ခြင်း အမှုအားဖြင့် သနားတော်
မူခြင်းကို ခံရသကဲ့သို့၊
၃၁ ထိုနည်းတူ၊ သင်တို့ ခံရသော သနားတော်မူခြင်း
အားဖြင့် သူတို့လည်း သနားတော်မူခြင်းကို ခံရမည်
အကြောင်း၊ ယခုတွင် သူတို့သည် နားမထောင်ဘဲ
နေရကြ၏။
၃၂ ဘုရားသခင်သည် လူအပေါင်းတို့ကို သနား
တော်မူခြင်းအခွင့် ရှိစေခြင်းငှါ လူအပေါင်းတို့ကို နား
မထောင်ခြင်း အဖြစ်၌ ချုပ်ထားတော်မူ၏။
၃၃ ဘုရားသခင်၏ ပညာနှင့် ဥာဏ်တော်သည်
အလွန် ကျယ်ဝန်း နက်နဲစွတကား။ စီရင်တော်မူချက်
တို့ကို အဘယ်သူမျှ စစ်၍ မကုန်နိုင်။ ကြွတော်မူရာ
လမ်းတို့ကို လိုက်၍ ရှာသော်လည်း မတွေ့မမှီနိုင်။
၃၄ ထာဝရ ဘုရား၏ စိတ်တော်ကို အဘယ်သူ သိ
သနည်း။ ထာဝရဘုရားနှင့် အဘယ်သူသည် တိုင်ပင်
ဘက် ပြုသနည်း။
၃၅ ကျေးဇူး ဆပ်တော်မူရမည်အကြောင်း၊ ထာဝရ
ဘုရား၌ အဘယ်သူသည် ကျေးဇူးပြုဘူးသနည်း။
၃၆ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော် အထဲ
ကဎင်း၊ ကိုယ်တော် အားဖြင့်ဎင်း၊ ကိုယ်တော် အဘို့
အလိုငှါဎင်း ဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက် ဘုန်းကြီး
တော်မူစေသတည်း။ အာမင်။

## ၁၂

၁ ညီအစ်ကိုတို့၊ အသက်ရှင်ခြင်း လက္ခဏာ၊
သန့်ရှင်းခြင်း လက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူ
ဘွယ်သောလက္ခဏာနှင့် ပြည့်စုံသော ယဇ်ကို သင်တို့
သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား
ဆက်ကပ်ခြင်း တည်းဟူသော သင်တို့ ပြုအပ်သော



ကိုးကွယ်လေ့ရှိကြ၏။ ယေရုရှလင်မြို့၌သာ ကိုးကွယ်
ရမည်ဟုသင်တို့သည် ဆိုတတ်ကြ၏ဟု လျှောက်လျှင်၊
၂၁ ယေရှုက၊ အချင်းမိန်းမ၊ ငါ့စကားကို ယုံလော့။ ဤ
တောင်သို့ မလာ၊ ယေရုရှလင်မြို့သို့ မသွားဘဲ ခမည်း
တော်ကို ကိုးကွယ်ရမည် အချိန်ကာလ ရောက်ဆဲရှိ၏။
၂၂ သင်တို့သည် ကိုယ်မသိသော အရာကို ကိုးကွယ်
ကြ၏။ ငါတို့သည် ကိုယ်သိသောအရာကို ကိုးကွယ်
ကြ၏။ အကြောင်းမူကား၊ ယုဒလူတို့၌ ကယ်တင်ခြင်း
အကြောင်းရှိ၏။
၂၃ ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်
ကို နံဝိညာဉ်နှင့်ဎင်း၊ သစ္စာတရားနှင့်ဎင်း၊ ကိုးကွယ်ရ
မည့်အချိန်ကာလသည် လာ၍ ယခုပင် ရောက်လျက်
ရှိ၏။ အကြောင်းမူကား၊ ထိုသို့ကိုးကွယ်သောသူတို့ကို
ခမည်းတော်သည် အလိုရှိတော်မူ၏။
၂၄ ဘုရားသခင်သည် နံဝိညာဉ် ဖြစ်တော်မူ၏။
ဘုရားသခင်ကို ကိုးကွယ်သော သူတို့သည်၊ နံဝိညာဉ်
နှင့်ဎင်း၊ သစ္စာနှင့်ဎင်း၊ ကိုးကွယ်ရမည်ဟု မိန့်တော်မူ၏။
၂၅ မိန်းမကလည်း၊ မေရှိ ကြွလာတော်မူသည်ဟု အ
ကျွန်ုပ်သိပါ၏။ ရောက်တော်မူသောအခါ အကျွန်ုပ်တို့
အား အလုံးစုံတို့ကိုဘော်ပြတော်မူမည်ဟု လျှောက်ပြန်
၏။ မေရှိအနက်ကား၊ ခရစ်တော် ဟုဆိုလိုသတည်း။
၂၆ ယေရှုကလည်း၊ သင်နှင့် စကားပြောသော
ငါသည် မေရှိပင်ဖြစ်သည်ဟု မိန့်တော်မူ၏။
၂၇ ထိုအခါ တပည့်တော်တို့သည် ရောက်လာ၍၊
ထိုမိန်းမနှင့် စကားပြောတော်မူသည်ကို အံ့ဩခြင်း
ရှိကြ၏။ သို့သော်လည်း၊ အဘယ် အလိုတော်ရှိ
သနည်း၊ ထိုမိန်းမနှင့် အဘယ်ကြောင့် စကားပြော
တော်မူသနည်းဟု အဘယ်သူမျှ မလျှောက်ကြ။
၂၈ ထိုမိန်းမသည်လည်း ရေအိုးကို ထားခဲ့၍ မြို့ထဲ
သို့သွားပြီးလျှင်၊
၂၉ အကျွန်ုပ် ပြုဘူးသမျှသော အမှုအရာတို့ကို
ထုတ်ဘော်သောသူကို လာ၍ ကြည့်ကြပါ။ ထိုသူ
သည် ခရစ်တော်မှန်လိမ့်မည်လောဟု လူများတို့အား
ပြောဆိုသော်၊
၃၀ သူတို့သည် မြို့ထဲမှ ထွက်၍ အထံတော်သို့
သွားကြ၏။
၃၁ မရောက်မှီတွင် တပည့်တော်တို့က၊ အရှင်ဘုရား၊
အစာကို သုံးဆောင်တော်မူပါဟု တောင်းပန်ကြလျှင်၊
၃၂ သင်တို့ မသိသော စားစရာသည် ငါ၌ရှိသည်ဟု
မိန့်တော်မူ၏။
၃၃ ထိုကြောင့် တပည့်တော်တို့က၊ တစုံတယောက်
သောသူသည် စားစရာကို ပို့ပြီလောဟု အချင်းချင်း
မေးမြန်းကြလျှင်၊
၃၄ ယေရှုက၊ ငါ့ကို စေလွှတ်တော်မူသော သူ၏
အလိုတော်ကို ဆောင်ခြင်း၊ သူ၏အမှုတော်ကို ပြီးစီး
ခြင်းအမှုသည် ငါ့စားစရာဖြစ်၏။
၃၅ ယခုမှစ၍လေးလ လွန်လျှင်၊ စပါးရိတ်ရာကာလ
ဖြစ်လိမ့်မည်ဟု သင်တို့ဆိုတတ်သည် မဟုတ်လော။
ငါဆိုသည်ကား၊ စပါးရိတ်ခြင်းအလိုငှါလယ်ပြင်တို့သည်
ယခုပင် ဝင်းဝင်းရှိသည်ကို မျှော်၍ ကြည့်ကြလော့။
၃၆ စပါးရိတ်သောသူသည် အခကို ခံရ၍ ထာဝရ
အသက်ရှင်ခြင်းအလိုငှါ အသီးအနှံကို စုသိမ်း၏။
သို့ဖြစ်လျှင် မျိုးကြဲသောသူနှင့် စပါးရိတ်သောသူတို့
သည် အတူဝမ်းမြောက်ကြလိမ့်မည်။
၃၇ တဦးကား မျိုးကြဲ၏။ တဦးကား စပါးရိတ်၏
ဟူသောစကားသည် ဤအရာ၌ အမှန်ကျသတည်း။
၃၈ သင်တို့သည် လယ်မလုပ်သောအရပ်၌ စပါးရိတ်
စေခြင်းငှါ သင်တို့ကို ငါစေလွှတ်၏။ အခြားသော
သူတို့သည် လယ်လုပ်ကြ၍၊ သင်တို့သည် ထိုသူတို့၏
အလုပ်ထဲသို့ ဝင်ရကြ၏ဟု မိန့်တော်မူ၏။
၃၉ ရှမာရိမိန်းမက၊ အကျွန်ုပ်ပြုဘူးသမျှသော အမှု
အရာတို့ကို သူသည် ထုတ်ဘော်ပြီဟု သက်သေ
ခံသောစကားကြောင့်၊ ထိုမြို့၌နေသော ရှမာရိလူ
အများတို့သည် ယေရှုကို ယုံကြည်ကြ၏။
၄၀ ထိုကြောင့်၊ ရှမာရိလူတို့သည် အထံတော်သို့
ရောက်လျှင်၊ မိမိတို့အရပ်၌ နေတော်မူမည်အကြောင်း
တောင်းပန်ကြ၏။ ထိုအရပ်၌ နှစ်ရက် နေတော်မူ၏။
၄၁ အခြားသောသူ အများတို့သည် နှုတ်ကပတ်
စကားတော်ကြောင့် ယုံကြည်၍၊
၄၂ ထိုမိန်းမအား၊ ယခုဖြစ်လျှင် ငါတို့သည် သင်၏
စကားကြောင့်သာ ယုံကြည်သည် မဟုတ်။ စကား
တော်ကို ကိုယ်တိုင်ကြားနာရ၍၊ ဤသူသည် လော
ကီသားတို့ကို ကယ်တင်တော်မူသော သခင် တည်း
ဟူသော ခရစ်တော် အမှန်စင်စစ် ဖြစ်တော်မူကြောင်း
ကို သိသည်ဟု ဆိုကြ၏။
၄၃ နှစ်ရက်လွန်ပြီးလျှင်၊ ထိုအရပ်မှထွက်၍နာဇရက်
မြို့ကို ရှောင်လျက် ဂါလိလဲပြည်သို့ ကြွတော်မူ၏။
၄၄ အကြောင်းမူကား၊ ပရောဖက်သည် မိမိနေရင်း
ပြည်၌အသရေမရှိဟု ယေရှုသည် ကိုယ်တိုင်သက်သေ
ခံတော်မူ၏။
၄၅ ဂါလိလဲပြည်သို့ ရောက်တော်မူသော အခါ၊
ဂါလိလဲလူတို့သည် ကိုယ်တော်ကို လက်ခံကြ၏။

အကြောင်းမူကား၊ ထိုသူတို့သည် ယေရုရှလင်မြို့၌
ခံသောပွဲသို့ သွားတတ်သဖြင့်၊ ထိုပွဲ အတွင်းတွင်
ပြုတော်မူသမျှတို့ကို မြင်ခဲ့ကြ၏။
၄၆ ရေကို စပျစ်ရည်ဖြစ်စေသောအရပ်၊ ဂါလိလဲပြည်
ကာနမြို့သို့ တဖန် ကြွတော်မူ၏။ ကပေရနောင်မြို့
၌အမတ် တယောက်၏ သားသည် အနာရောဂါ
စွဲလျက်ရှိ၏။
၄၇ ယေရှုသည် ယုဒပြည်မှ ဂါလိလဲပြည်သို့ ရောက်
တော်မူသည်ကို ထိုအမတ်သည် ကြားလျှင်၊ အထံ
တော်သို့သွား၍ သေခါနီးဖြစ်သော မိမိသားဆီသို့ကြွ၍
အနာရောဂါကို ငြိမ်းစေတော်မူမည် အကြောင်း
တောင်းပန်လေ၏။
၄၈ ယေရှုကလည်း၊ သင်တို့သည် နိမိတ်လက္ခဏာ
နှင့် အံ့ဘွယ်သောအမှုတို့ကို မမြင်ရလျှင် ယုံခြင်းမရှိ
ကြဟု မိန့်တော်မူသော်၊
၄၉ သခင်၊ အကျွန်ုပ်သား မသေမီ ကြွတော်မူပါဟု
အမတ်လျှောက်ပြန်၏။
၅၀ ယေရှုကလည်း၊ သွားလော့။ သင်၏သားသည်
အသက်ချမ်းသာရပြီဟုမိန့်တော်မူ၏။ ထိုအမတ်သည်
ယေရှု မိန့်တော်မူသောစကားကို ယုံ၍သွားလေ၏။
၅၁ လမ်း၌ သွားစဉ်တွင် မိမိ ငယ်သားတို့သည်
ခရီးဦးကြိုလာ၍၊ ကိုယ်တော်၏ သားသည် အသက်
ချမ်းသာရပါပြီဟု ကြားလျှောက်ကြ၏။
၅၂ အဘယ်အချိန်၌ သက်သာခြင်းသို့ ရောက်သ
နည်းဟု မေးလျှင်၊ မနေ့ ခုနစ်နာရီ အချိန်၌ ဖျားနာ
ပျောက်ပါသည်ဟု လျှောက်ကြ၏။
၅၃ ထိုအချိန်ကား၊ သင်၏ သားသည် အသက် ချမ်း
သာရပြီဟု ယေရှု မိန့်တော်မူသောအချိန်ဖြစ်သည်ကို
အဘ သိ၍၊ ကိုယ်တိုင်မှစသော မိမိအိမ်သူအိမ်သား
အပေါင်းတို့သည် ယုံကြည်ခြင်းသို့ ရောက်ကြ၏။
၅၄ ဤနိမိတ်လက္ခဏာတော်ကား၊ ယေရှုသည်
ယုဒပြည်မှ ဂါလိလဲပြည်သို့ ကြွသည်နောက်၊ ပြုတော်
မူသော ဒုတိယ နိမိတ်လက္ခဏာ ဖြစ်သတည်း။

## ၅

၁ ထိုနောက်မှ ယုဒပွဲခံစဉ်တွင်၊ ယေရှုသည် ယေရုရှ
လင်မြို့သို့ ကြွတော်မူ၏။
၂ ယေရုရှလင်မြို့၌ သိုးတံခါးနားမှာ ဟေဗြဲဘာသာ
စကားအားဖြင့် ဗေသေသဒ အမည်ရှိသော ရေကန်
ရှိ၏။ ထိုရေကန်သည် ကနားပြင် ငါးဆောင်နှင့်
ပြည့်စုံ၏။
၃ ထိုကနားပြင်တို့၌ မျက်စိကန်း၊ ခြေမစွမ်း၊ ကိုယ်ပိန်
ခြောက်သော သူတို့မှစ၍ အနာရောဂါစွဲသော သူများ
အပေါင်းတို့သည် ရေလှုပ်ရှားခြင်းကို မြော်လင့်၍
နေကြ၏။
၄ အကြောင်းမူကား၊ အချိန်တန်လျှင် ကောင်းကင်
တမန်သည် ရေကန်သို့ ဆင်းသက်၍ ရေကိုလှုပ်ရှား
တတ်၏။ ထိုသို့ ရေလှုပ်ရှားသည်နောက်၊ ရှေ့ဦးစွာ
ဝင်သောသူသည် မိမိ၌ စွဲသမျှသော အနာရောဂါနှင့်
ကင်းလွတ်ခြင်းသို့ ရောက်တတ်၏။
၅ ထိုအခါ သုံးဆယ်ရှစ်နှစ်ပတ်လုံး ရောဂါစွဲသော
သူတယောက်သည် ရေကန်နားမှာရှိ၏။
၆ ထိုသူသည် တုံးလုံးနေသည်ကို ယေရှုမြင်တော်
မူ၍ ကြာလှပြီဟု သိတော်မူလျှင်၊ သင်သည် ကျန်းမာ
ခြင်းသို့ ရောက်လိုသလောဟု မေးတော်မူ၏။
၇ နာသောသူကလည်း၊ သခင်၊ ရေလှုပ်ရှားသော
အခါ ရေကန်ထဲသို့အကျွန်ုပ်ကို သွင်းထားမည့်သူမရှိပါ။
အကျွန်ုပ်သွားစဉ်တွင် အခြားသောသူသည် အကျွန်ုပ်
ရှေ့မှာ ဝင်တတ်ပါသည်ဟု လျှောက်၏။
၈ ယေရှုကလည်း ထလော့။ ကိုယ်အိပ်ယာကို
ဆောင်၍ လှမ်းသွားလော့ဟု မိန့်တော်မူသည်၊
၉ ခဏခြင်းတွင် ထိုသူသည် ပကတိအဖြစ်သို့
ရောက်၍၊ မိမိ အိပ်ရာကို ဆောင်လျက် လှမ်းသွား၏။
၁၀ ထိုနေ့သည် ဥပုသ်နေ့ဖြစ်၏။ ထိုကြောင့် ယုဒ
လူတို့က ဥပုသ်နေ့ဖြစ်၏။ အိပ်ရာကို မဆောင်အပ်ဟု
ရောဂါကင်းသောသူအား ဆိုကြ၏။
၁၁ သူကလည်း၊ အကျွန်ုပ်ကို ကျန်းမာစေသော
သူက၊ ကိုယ်အိပ်ရာကို ဆောင်၍ လှမ်းသွားလော့ဟု
ဆိုသည်ဟု ပြန်ပြော၏။
၁၂ ယုဒလူတို့ကလည်း၊ ကိုယ်အိပ်ယာကို ဆောင်
၍လှမ်းသွားလော့ဟု သင့်အား ဆိုသောသူကား
အဘယ်သူနည်းဟု မေးမြန်းကြ၏။
၁၃ ထိုသူကား အဘယ်သူဖြစ်သည်ကို ရောဂါကင်း
သောသူသည် မသိ။ အကြောင်းမူကား၊ ထိုအရပ်၌
လူစုဝေးလျက်ရှိသည်ဖြစ်၍၊ ယေရှုသည် မထင်မရှား
ထွက်ကြွတော်မူ၏။
၁၄ ထိုနောက်မှ ယေရှုသည် ဗိမာန်တော်၌ထိုသူကို
တွေ့တော်မူလျှင် သင်သည် ကျန်းမာခြင်းရှိ၏။ သာ၍
ဆိုးသောဘေးနှင့် ကင်းလွတ်မည်အကြောင်း နောက်
တဖန် ဒုစရိုက်ကို မပြုနှင့်ဟု မိန့်တော်မူ၏။
၁၅ ထိုသူသည် သွား၍ မိမိကို ကျန်းမာစေသော
သူသည် ယေရှု ဖြစ်သည်ကို ယုဒလူတို့အား ကြား
ပြောလေ၏။



ပြီလော၊ အမှန် ကြားရကြပြီ။ သူတို့၏ အသံသည်
မြေတ ပြင်လုံး၌ နှံ့ပြား၍၊ သူတို့၏ စကားသည် မြေကြီး
စွန်းတိုင်အောင် ရောက်လေပြီဟု ငါဆို၏။
၁၉ တဖန် ငါဆိုသည်ကား၊ ဣသရေလလူတို့သည်
ဤ အမှုကို မသိကြသလော။ မောရှေက၊ မရေရသော
လူမျိုးအားဖြင့် သင်တို့သည် ငြူစူသော စိတ်ရှိစေခြင်း
ငှါ၎င်း၊ ပညာမရှိသော လူမျိုးအားဖြင့် စိတ်ဆိုးစေ
ခြင်းငှါ၎င်း၊ ငါပြုမည်ဟု ရှေ့ဦးစွာ ဆို၏။
၂၀ ဟေရှာယသည် သာ၍ ရဲရင့်စွာ ဆိုသည်ကား၊
ငါ့ကို မရှာသော သူတို့သည် ငါ့ကို တွေ့ရကြ၏။ ငါ၏
အကြောင်းကို မမေးမြန်းသောသူတို့၌ ငါထင်ရှားသည်
ဟုဆို၏။
၂၁ ဣသရေလ လူတို့ကို ရည်မှတ်၍ တဖန်မိန့်တော်
မူသည်ကား၊ နားမထောင် ငြင်းဆန်တတ်သော
လူမျိုးသို့ တနေ့လုံး ငါသည် လက်ဝါးကို ဖြန့်ရပြီဟုဆို
သတည်း။

## ၁၁

၁ သို့ဖြစ်လျှင်၊ ဘုရားသခင်သည် မိမိလူမျိုးကို
ပယ်တော်မူပြီလောဟု မေးသော်၊ ပယ်တော်မမူဟု
ဆိုရ၏။ ငါပင် ဣသရေလလူ ဖြစ်၏။ အာဗြဟံအမျိုး၊
ဗင်္ယာမိန် အနွယ်ဖြစ်၏။
၂ ဘုရားသခင်သည် အထက်က သိမှတ်တော်
မူသော မိမိလူတို့ကို ပယ်တော်မမူ။ ပရောဖက်ဧလိယ
က၊ အို ထာဝရဘုရား၊
၃ သူတို့သည် ကိုယ်တော်၏ ပရောဖက်များကို
သတ်ကြပါပြီ။ ကိုယ်တော်၏ ယဇ်ပလ္လင်များကို ဖြို
ဖျက်ကြပါပြီ။ အကျွန်ုပ် တယောက်တည်း ကျန်ရစ်၍၊
အကျွန်ုပ်အသက်ကိုပင် ရှာကြပါ၏ဟု ဘုရားသခင့်ရှေ့
မှာ ဣသရေလ အမျိုးတဘက်၌ လျှောက်ထားသည်
ဟု ကျမ်းစာ၌ပါသော အကြောင်းကို သင်တို့သည်
မသိကြသလော။
၄ ထိုသို့ လျှောက်သောအခါ၊ အဘယ်သို့ ဗျာဒိတ်
ထားတော်မူသနည်းဟူမူကား၊ ဗာလရှေ့၌ဒူး မ
ထောက်သောလူ ခုနစ်ထောင်တို့ကို ငါ့အဘို့ ငါ
ကျန်ကြွင်းစေပြီဟု မိန့်တော်မူ၏။
၅ ထိုနည်းတူ၊ ယခုကာလတွင်ပင် ကျေးဇူးတော်
အတိုင်း ရွေးကောက်တော်မူသော အကြွင်းအကျန်
ရှိသေး၏။
၆ ကျေးဇူးတော်အားဖြင့် ရှိလျှင်၊ ကိုယ်ကျင့်သော
အကျင့်အားဖြင့် မရှိ။ ရှိလျှင် ကျေးဇူးသည် ကျေးဇူး
မဟုတ်။ ကိုယ်ကျင့်သော အကျင့်အားဖြင့် ရှိလျှင်၊
ကျေးဇူးအားဖြင့် မရှိ။ ရှိလျှင် ကိုယ်ကျင့်သောအကျင့်
သည် အကျင့်မဟုတ်။
၇ သို့ဖြစ်လျှင် အဘယ်သို့နည်း၊ ဣသရေလလူတို့
သည် ရှာသောအရာကို မတွေ့မရကြ။ ရွေးကောက်
တော်မူသောသူတို့သာ တွေ့ရကြ၏။ ကြွင်းသောသူ
တို့ကို မှောင်မိုက်ဖုံးလွှမ်း၏။
၈ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊ ဘုရား
သခင်သည် အိပ်ချင်သော သဘောကိုရင်း၊ မမြင်
နိုင်သော မျက်စိကိုရင်း၊ မကြားနိုင်သော နားကိုရင်း၊
ထိုသူတို့အား ပေးတော်မူပြီဟု လာ၏။ ထိုကျမ်းစာ
ချက်သည် ယနေ့တိုင်အောင် ပြည့်စုံသတည်း။
၉ ဒါဝိဒ်၏ စကားဟူမူကား၊ သူတို့ စားပွဲသည်
သူတို့၌ ကျော့ကွင်းသော်၎င်း၊ ဂျမ်းသော်၎င်း၊ ထောင်
ချောက်သော်၎င်း၊ ခံထိုက်သော အပြစ်သော်၎င်း
ဖြစ်ပါစေ။
၁၀ သူတို့သည် မမြင်နိုင်အောင် မျက်စိ ကွယ်ပါစေ။
သူတို့ ကျောသည်လည်း အစဉ်ကုန်းပါစေဟု လာ
သတည်း။
၁၁ သို့ဖြစ်လျှင်၊ ဣသရေလ လူတို့သည် လဲ၍ နေရ
သည်တိုင်အောင် ထိမိကြပြီလောဟု မေးသော်၊ လဲ၍
မနေရကြ။ သူတို့၏စိတ်ကို နှိုးဆော်စရာအကြောင်းရှိ
စေခြင်းငှါ၊ သူတို့၏ လဲခြင်းအားဖြင့် ကယ်တင်တော်
မူခြင်း ကျေးဇူးသည် တပါးအမျိုးသားတို့၌ သက်
ရောက်လေ၏။
၁၂ သူတို့၏ လဲခြင်းအရာသည် လောကီသားတို့၏
စီးပွါးကိုရင်း၊ သူတို့၏ ရှုံးခြင်းအရာသည် တပါးအမျိုး
သားတို့၏ စီးပွါးကိုရင်း ပြုစုလျှင်၊ သူတို့၏ ပြည့်စုံခြင်း
အရာသည် သာ၍ပြုစုမည် မဟုတ်လော၊
၁၃၊၁၄ ထိုသို့ဆိုသော်၊ ငါသည် တပါးအမျိုးသားတို့
နှင့်ဆိုင်သော တမန်တော်ဖြစ်သည် နှင့်အညီ၊ ထိုတမန်
တော်၏ အရာကို ချီးမွမ်းလျက်၊ ငါ့အမျိုးသားချင်းတို့၏
စိတ်ကို တခုခုအားဖြင့် နှိုးဆော်၍၊ အချို့တို့ကို ကယ်
တင်ခြင်းငှါ တပါးအမျိုးသားဖြစ်သော သင်တို့အား
ဆိုရသတည်း။
၁၅ ထိုသူတို့ကို ပယ်တော်မူခြင်းအရာသည် လောကီ
သားတို့၏ မိဿဟာယဖွဲ့ခြင်းအကြောင်းဖြစ်လျှင်၊ သူ
တို့ကို သိမ်းဆည်းတော်မူခြင်းအရာသည် သေခြင်းမှ
ထမြောက်ရှင်ပြန်ခြင်းကဲ့သို့ ဖြစ်လိမ့်မည် မဟုတ်လော။
၁၆ အဦးနယ်သော မုန့်စိမ်းသည် သန့်ရှင်းလျှင်၊
တပုံလုံး သန့်ရှင်းလိမ့်မည်။ အမြစ် သန့်ရှင်းလျှင်
အခက်အလက်များလည်း သန့်ရှင်းကြလိမ့်မည်။

အမျိုးသားတို့သည် ဖြောင့်မတ်ခြင်းကို မှီကြ၏။ ထိုသို့
ဆိုသော် ယုံကြည်ခြင်းအားဖြင့် မှီသောဖြောင့်မတ်
ခြင်းကို ဆိုလိုသတည်း။
၃၁ ဖြောင့်မတ်ခြင်းတရားကို မှီအောင်လိုက်သော
ဣသရေလ လူတို့မူကား၊ ဖြောင့်မတ်ခြင်းတရားကို
မမှီကြ။
၃၂ အဘယ်ကြောင့် မမှီကြသနည်း။ ယုံကြည်ခြင်း
အားဖြင့် မလိုက်၊ ပညတ်တရား၏ အကျင့်အားဖြင့်
သာလိုက်ကြသတည်း။
၃၃ ကျမ်းစာ၌ လာသည်ကား၊ ထိမိ၍ လဲစရာ
ကျောက်၊ မှားယွင်းစရာကျောက်ကို ဇိအုန်တောင်
ပေါ်မှာ ငါချထား၏။ ထိုကျောက်ကို အမှီပြုသောသူ
မည်သည်ကား၊ ရှက်ကြောက်ခြင်း မရှိနိုင်ရာဟု လာ
သည်နှင့်အညီ၊ ထိုကျောက်ကို ဣသရေလ လူတို့သည်
ထိမိ၍ လဲကြ၏။

## ၁၀

၁ ညီအစ်ကိုတို့၊ ဣသရေလ လူတို့သည် ကယ်တင်
တော်မူခြင်းသို့ ရောက်စေခြင်းငှါ၊ ငါ၏ စေတနာ
အလိုရှိ၍ ဘုရားသခင်ကို ဆုတောင်းလေ့ရှိ၏။
၂ ထိုသူတို့သည် မှန်သောပညာ မရှိသော်လည်း၊
ဘုရားသခင်ဘက်၌ စိတ်အားကြီးသည်ဟု သူတို့အဘို့
ငါသက်သေခံ၏။
၃ ထိုသူတို့သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်း
တရားကို မသိဘဲ၊ ကိုယ်ဖြောင့်မတ်ခြင်းကို တည်စေ
ခြင်းငှါ ရှာကြံသောကြောင့်၊ ဘုရားသခင်၏ ဖြောင့်
မတ်ခြင်းတရားကို ဝန်မခံကြ။
၄ ယုံကြည်သောသူ အပေါင်းတို့သည် ဖြောင့်မတ်
ရာသို့ ရောက်မည်အကြောင်း၊ ပညတ်တရားသည်
ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိ၏။
၅ မောရှေ ကလည်း၊ ထိုအကျင့်ကို ကျင့်သော
သူသည် ထိုအကျင့်အားဖြင့် အသက်ရှင်လိမ့်မည်ဟု
ပညတ်တရားနှင့် စပ်ဆိုင်သော ဖြောင့်မတ်ခြင်းတရား
ကို ရည်မှတ်၍ ရေးထားသတည်း။
၆ ယုံကြည်ခြင်းနှင့် စပ်ဆိုင်သော ဖြောင့်မတ်ခြင်း
တရားဆိုသည်ကား၊
၇ ကောင်းကင်သို့ အဘယ်သူ တက်လိမ့်မည်နည်း။
နက်နဲရာထဲသို့ အဘယ်သူ ဆင်းလိမ့်မည်နည်းဟု
စိတ်ထဲမှာ မအောက်မေ့နှင့်ဟု ဆို၏။ ထိုသို့ဆိုသော်
ခရစ်တော်ကို ဆောင်ခဲ့ခြင်းငှါ ကောင်းကင်သို့ အ
ဘယ်သူ တက်လိမ့်မည်နည်း။ ခရစ်တော်ကို သေခြင်း
မှ ထမြောက်စေခြင်းငှါ နက်နဲရာ ထဲသို့ အဘယ်
သူ ဆင်းလိမ့် မည်နည်းဟု ဆို လို သတည်း။
၈ တဖန်ဆိုသည်ကား၊ တရားတော်သည် သင်နှင့်
နီး၏။ သင်၏ နှုတ်၌၎င်း၊ သင်၏နှလုံး၌၎င်း ရှိသည်ဟု
ဆို၏၊ ထိုသို့ ဆိုသော်၊ ငါတို့ ဟောသော ယုံကြည်
ခြင်းတရားကို ဆိုလိုသတည်း။
၉ အဘယ်သို့နည်းဟူမူကား သင်သည် သခင်
ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို
သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌
ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။
၁၀ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့်
ယုံကြည်ရ၏။
၁၁ ကယ်တင်ခြင်းသို့ ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။
ကျမ်းစာလာသည်ကား၊ ထိုကျောက်ကို အမှီပြုသော
သူမည်သည်ကား၊ ရှက်ကြောက်ခြင်း မရှိနိုင်ရာဟု
လာသတည်း။
၁၂ ယုဒအမျိုး၊ ဟေလသအမျိုးကို မခွဲ၊ လူအပေါင်း
တို့ကို အစိုးရသော အရှင်တပါးတည်းရှိ၍၊ ကိုယ်တော်
ကို ပဌနာပြုသောသူ အပေါင်းတို့၌ ကျေးဇူးကြွယ်ဝ
တော်မူ၏။
၁၃ အကြောင်းမူကား၊ ထာဝရ ဘုရားကို ပဌနာပြု
သောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့
ရောက်ရကြလတံ့။
၁၄ သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ ပဌနာ
ပြုနိုင်မည်နည်း။ သိတင်းမကြားလျှင် အဘယ်သို့
ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူ မရှိလျှင်
အဘယ်သို့ ကြားနိုင်မည်နည်း။
၁၅ လူကို မစေလွှတ်လျှင် အဘယ်သို့ ဟောပြောနိုင်
မည်နည်း။ ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား၊
ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာသိတင်း၊ ကောင်းကျိုး
ချမ်းသာ၏ ဝမ်းမြောက်စရာ သိတင်းကို ကြားပြော
သောသူ၏ ခြေတို့သည် အလွန်တင့်တယ်စွတကား
ဟု လာသတည်း။
၁၆ သို့သော်လည်း၊ လူအပေါင်းတို့သည် ဝမ်းမြောက်
စရာ သိတင်းကို နားထောင်ကြသည် မဟုတ်။
ပရောဖက် ဟေရှာယ စကားဟူမူကား၊ အို ထာဝရ
ဘုရား၊ အကျွန်ုပ်တို့ ဟောပြောသော သိတင်းစကား
ကို အဘယ်သူ ယုံပါသနည်းဟု ဆို၏။
၁၇ သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားနာခြင်းအား
ဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏
စကားတော်အားဖြင့် ဖြစ်၏။
၁၈ သို့ရာတွင် လူအပေါင်းတို့သည် မကြားရကြ



၁၆ ထိုအမှုကို ဥပုသ်နေ့၌ ပြုတော်မူသောကြောင့်၊
ယုဒလူတို့သည် ယေရှုကို ညှဉ်းဆဲကြ၏။
၁၇ ယေရှုကလည်း၊ ငါ့ခမည်းတော်သည် ယခုတိုင်
အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်း
လုပ်၏ဟု ပြန်ပြောတော်မူ၏။
၁၈ သို့ဖြစ်၍ ဥပုသ်နေ့ကို ဖျက်သည် သာမက၊
ဘုရားသခင်ကို မိမိအဘဟု ခေါ်၍ မိမိကို ဘုရားသခင်
နှင့် ပြိုင်နိုင်းတော်မူသောကြောင့်၊ ယုဒလူတို့သည်
ကိုယ်တော်ကို သတ်ခြင်းငှါ သာ၍ ရှာကြံကြ၏။
၁၉ ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်
ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသော အမှုကို
သားတော်သည် မြင်၍သာပြု၏။ မိမိအလိုအလျောက်
အဘယ်အမှုကိုမျှ မပြုနိုင်။ ခမည်းတော်ပြုတော်မူသမျှ
အတိုင်း သားတော်လည်းပြု၏။
၂၀ ခမည်းတော်သည် သားတော်ကို ချစ်တော်မူ၍
ပြုတော်မူသမျှတို့ကို သားတော်အား ပြတော်မူ၏။
သင်တို့သည် အံ့ဩဘွယ်ရှိစေခြင်းငှါ ဤမျှမက သာ၍
ကြီးစွာသော အမှုအရာတို့ကို သားတော်အား
ပြတော်မူလိမ့်မည်။
၂၁ ခမည်းတော်သည် သေလွန်သော သူတို့ကို
ထမြောက်ရှင်ပြန်စေတော်မူသကဲ့သို့၊ထိုနည်းတူ သား
တော်သည်လည်း အလိုရှိသမျှသောသူတို့ကိုရှင်စေ၏။
၂၂ လူအပေါင်းတို့သည် ခမည်းတော်ကို ရိုသေသည်
နည်းတူ၊
၂၃ သားတော်ကို ရိုသေစေမည်အကြောင်း၊ ခမည်း
တော်သည် အဘယ်သူကိုမျှ တရားစီရင်တော်မမူ။
တရားစီရင်ခြင်းအခွင့် ရှိသမျှကို သားတော်အား
အပ်ပေးတော်မူ၏။ သားတော်ကို မရိုသေသော
သူသည်ကား၊ သားတော်ကို စေလွှတ်တော်မူသော
ခမည်းတော်ကို မရိုသေသောသူဖြစ်၏။
၂၄ ငါ အမှန်အကန် ဆိုသည်ကား၊ ငါ့စကားကို
နားထောင်၍ ငါ့ကို စေလွှတ်တော်မူသော သူကို
ယုံကြည်သောသူသည် ထာဝရ အသက်ကို ရသည်
ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်
ခြင်းသို့ ကူးမြောက်သောသူ ဖြစ်၏။
၂၅ ငါ အမှန်အကန် ဆိုသည်ကား၊ သေလွန်သော
သူတို့သည် ဘုရားသခင်သားတော်၏ စကားသံကို
ကြား၍၊ ကြားသောအားဖြင့် အသက်ရှင်ရမည့် အချိန်
ကာလသည် လာ၍ ယခုပင် ရောက်လျက်ရှိ၏။
၂၆ အကြောင်းမူကား၊ ခမည်းတော်သည် ကိုယ်၌
အသက် ရှိတော်မူသည်နည်းတူ သားတော်သည်
မိမိ၌ အသက် ရှိရသော အခွင့်ကို ပေးတော်မူ၏။
၂၇ သားတော်သည် လူသားဖြစ်သောကြောင့်
တရားစီရင်ခြင်း အခွင့်ကိုလည်း အပ်ပေးတော်မူ၏။
၂၈ ဤအမှုအရာကို အံ့ဩခြင်း မရှိကြနှင့်။ သင်္ချိုင်း
များမှာ ရှိသောသူ အပေါင်းတို့သည် သားတော်၏
စကားသံကို ကြား၍၊
၂၉ ထွက်ရမည့် အချိန်ကာလ ရောက်လတံ့။ ကောင်း
သောအကျင့်ကို ကျင့်သောသူတို့သည် အသက်ရှင်ရာ
ထမြောက်ခြင်းသို့၎င်း၊ ဆိုးယုတ်သောအကျင့်ကို
ကျင့်သောသူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်း
သို့၎င်း ထွက်ရကြလတံ့။
၃၀ ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကို
မျှမပြုနိုင်။ ငါသည် ကြားသည်အတိုင်း တရားစီရင်၏။
ငါစီရင်ခြင်းသည်လည်း တရားတော်နှင့် ညီညွတ်၏။
အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့ မလိုက်။
ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏ အလို
သို့လိုက်၏။
၃၁ ငါသည် ကိုယ်အကြောင်းကို သက်သေခံလျှင်
ငါ့သက်သေ မတည်။
၃၂ ငါ၏ အကြောင်းကို သက်သေခံသောသူတပါး
ရှိသေး၏။ ထိုသူ၏သက်သေ တည်ကြောင်းကို ငါသိ၏။
၃၃ သင်တို့သည် ယောဟန်ထံသို့ စေလွှတ်ကြ၏။
သူသည် သမ္မာတရားဘက်၌ သက်သေခံ၏။
၃၄ သို့သော်လည်း လူပေးသော သက်သေကို
ငါသည် ပမာဏ မပြု။ သင်တို့သည် ကယ်တင်ခြင်းသို့
ရောက်မည် အကြောင်း ဤစကားကို ငါပြော၏။
၃၅ ယောဟန်သည် ညှို့ထွန်း၍ လင်းသော ဆီမီး
ဖြစ်၏။ သင်တို့သည် သူ၏ အလင်း၌ ခဏသာ
မွေ့လျော်ခြင်းငှါ အလိုရှိကြ၏။
၃၆ ယောဟန်၏ သက်သေထက် သာ၍ ကြီးသော
သက်သေသည် ငါ၌ရှိ၏။ အကြင်အမှုတို့ကို ငါပြီးစီး
စေခြင်းငှါ ခမည်းတော်သည် ငါ့လက်သို့ အပ်တော်မူ၍၊
ငါပြုသော ထိုအမှုတို့သည်လည်း ငါ့ဘက်၌ နေ၍၊
ခမည်းတော်သည် ငါ့ကို စေလွှတ်တော်မူသည် အ
ကြောင်းကို သက်သေခံ ကြ၏။
၃၇ ခမည်းတော်သည်လည်း ငါ့ဘက်၌ သက်သေခံ
တော်မူ၏။ ခမည်းတော်၏ စကားသံတော်ကို သင်တို့
သည် မကြား၊ သဏ္ဌာန်တော်ကို မမြင်၊
၃၈ နှုတ်ကပတ် တော်သည်လည်း သင်တို့၌ မတည်။
အကြောင်းမူကား၊ စေလွှတ်တော်မူသော သူကို
သင်တို့သည် မယုံကြည်ဘဲ နေကြ၏။

၃၉ ကျမ်းစာ အားဖြင့် ထာဝရ အသက်ကို ရမည်ဟု
စိတ်ထင်နှင့်သင်တို့သည် ကျမ်းစာကို စေ့စေ့ကြည့်ရှု
ကြ၏။ ထိုကျမ်းစာပင် ငါ၏ သက်သေဖြစ်၏။
၄၀ သင်တို့သည် အသက်ကို ရအောင် ငါ့ထံသို့
လာခြင်းငှါ အလို မရှိကြ။
၄၁ လူပေးသော ဘုန်းအသရေကို ငါမခံ။
၄၂ သို့သော်လည်း ဘုရားသခင်ကို ချစ်ခြင်းမေတ္တာ
သည် သင်တို့၌ မရှိသည်ကို ငါသိ၏။
၄၃ ငါသည် ခမည်းတော်၏ အခွင့်နှင့် ရောက်လာ
သော်လည်း သင်တို့သည် ငါ့ကို လက်မခံကြ။ အခြား
သောသူသည် မိမိအခွင့်နှင့် ရောက်လာလျှင် ထိုသူကို
လက်ခံကြလိမ့်မည်။
၄၄ အချင်းချင်းပေးသော ဘုန်းအသရေကိုသာ ခံ၍၊
ဘုရားသခင်သာလျှင် ပေးတော်မူတတ်သော ဘုန်း
အသရေကို အလိုမရှိသော သင်တို့သည် အဘယ်သို့
ယုံကြည်နိုင်မည်နည်း။
၄၅ ခမည်းတော် ရှေ့၌ ငါသည် သင်တို့ကို အပြစ်
တင်မည်ဟု မထင်ကြနှင့်။ သင်တို့ကို အပြစ်တင်သော
သူတပါးရှိသေး၏။ ထိုသူကား သင်တို့ ကိုးစားသော
မောရှေပေတည်း။
၄၆ သင်တို့သည် မောရှေ၏ စကားကို ယုံလျှင်
ငါ့စကားကို မယုံဘဲမနေနိုင်ကြ။ အကြောင်းမူကား၊
မောရှေသည် ငါ့အကြောင်းကို ရေးထား၏။
၄၇ သူရေးထားသော စာကို သင်တို့သည် မယုံလျှင်၊
ငါ့စကားကို အဘယ်သို့ ယုံနိုင်မည်နည်းဟု ယုဒလူ
တို့အား မိန့်တော်မူ၏။

## ၆

၁ ထိုနောက်မှ ယေရှုသည် တိဗေရိအိုင်တည်း
ဟူသော ဂါလိလဲအိုင်ကို ကူးတော်မူ၏။
၂ အနာရောဂါ စွဲသောသူတို့၌ ပြတော်မူသော
နိမိတ်လက္ခဏာတို့ကို လူအစုအဝေး အပေါင်းတို့သည်
မြင်ကြသဖြင့် နောက်တော်သို့ လိုက်ကြ၏။
၃ ယေရှုသည် တောင်ပေါ်သို့ တက်ကြွ၍ တပည့်
တော်တို့နှင့်အတူ ထိုင်တော်မူ၏။
၄ ထိုအခါ ယုဒလူတို့၏ ပသခါပွဲခံချိန် ရောက်လုနီး
သတည်း။
၅ ယေရှုသည် မျှော်ကြည့်၍ လူအစုအဝေးအပေါင်း
တို့သည် အထံတော်သို့ လာကြသည်ကို မြင်တော်မူ
လျှင်၊ ဖိလိပ္ပုအား၊ ဤသူတို့စားစရာမုန့်ကို အဘယ်မှာ
ဝယ်မည်နည်းဟု မေးတော်မူ၏။
၆ ထိုသို့မေးတော်မူသော်၊ မိမိ အဘယ်သို့ပြုမည်
ကို သိတော်မူလျက်ပင် ဖိလိပ္ပုကို စုံစမ်းခြင်းငှါသာ
မေးတော်မူ၏။
၇ ဖိလိပ္ပု ကလည်း ဤသူတို့သည် မုန့် တဖွဲ့စီ
စေ့ငအောင် ဒေနာရိအပြား နှစ်ရာ အဘိုးထိုက်သော
မုန့် မလောက်ပါဟု လျှောက်လေ၏။
၈ ရှိမုန်ပေတရု၏ညီ အန္ဒြေ အမည်ရှိသောတပည့်
တော်က၊
၉ မုယောမုန့် ငါးလုံးနှင့် ငါးကလေး နှစ်ကောင်
ပါသောသူငယ် တယောက် ရှိပါ၏။ သို့သော်လည်း
ဤမျှလောက် များစွာသောလူတို့သည် ရှိကြသည်
ဖြစ်၍၊ ထိုမုန့်နှင့် ငါးနှစ်ကောင်တို့ကို အဘယ်ပြောစရာ
ရှိပါသနည်းဟု လျှောက်၏။
၁၀ ယေရှုကလည်း၊ လူများတို့ကို လျောင်းကြစေဟု
မိန့်တော်မူ၏။ ထိုအရပ်၌ မြက်ပင်ထူပြောလျက်
ရှိသည်ဖြစ်၍၊ အရေအတွက်အားဖြင့် ငါးထောင်မျှ
လောက်သောလူတို့သည် လျောင်းကြ၏။
၁၁ ယေရှုသည် မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်း
ပြီးမှ တပည့်တော်တို့အား ဝေငှတော်မူ၍၊ တပည့်
တော်တို့သည် လျောင်းသော သူတို့အား ဝေငှပြန်၏။
ထိုနည်းတူ ငါးနှစ်ကောင်ကို လူများလိုချင်သမျှ ဝေငှ
ကြ၏။
၁၂ ထိုသူတို့သည် ဝကြပြီးမှ ကိုယ်တော်က ဘာမျှ
မပျောက်စေခြင်းငှါ ကျန်ကြွင်းသောအကျိုးအပဲ့တို့ကို
ကောက်သိမ်းကြလော့ဟု တပည့်တော်တို့အား မိန့်
တော်မူသည်ဖြစ်၍၊
၁၃ စားသောသူတို့၌ ကျန်ကြွင်းသော မုယောမုန့်
ငါးလုံး၏ အကျိုးအပဲ့တို့ကို ကောက်သိမ်း၍ တဆယ်
နှစ်တောင်း အပြည့်ရကြ၏။
၁၄ ထိုသို့ ယေရှု ပြတော်မူသော နိမိတ်လက္ခဏာကို
ထိုလူများတို့သည် မြင်လျှင်၊ ဤသူကား ဤလောက
သို့ ကြွလာရသော ပရောဖက်အမှန် ဖြစ်သည်ဟု
ဆိုကြ၏။
၁၅ ထိုသူ တို့သည် ကိုယ်တော်ကို ရှင်ဘုရင်အရာ၌
ချီးမြှောက်ခြင်းငှါ လာ၍ အနိုင်အထက် ပြုကြမည်
အကြောင်းကို ယေရှုသည် သိတော်မူလျှင်၊ တောင်ပေါ်
သို့ တယောက်တည်း ကြွတော်မူပြန်၏။
၁၆ ညအချိန် ရောက်သောအခါ တပည့်တော်တို့
သည် အိုင်သို့ သွား၍ လှေထဲသို့ ဝင်ပြီးလျှင်၊ ကပေရ
နောင်မြို့သို့ ရောက်အံ့သောငှါ အိုင်ကို ကူးကြ၏။
၁၇ ထိုအခါ မှောင်မိုက်ဖြစ်၍ ယေရှုသည် သူတို့
ရှိရာသို့ မရောက်သေး။



သူအပေါင်းတို့သည် အာဗြဟံ၏ သားမှန် မဟုတ်။
ဣဇာက်၌သာ သင်၏အမျိုး တည်လိမ့်မည်ဟု ဗျာဒိတ်
တော်ရှိ၏။
၈ ထိုကြောင့်၊ ဇာတိ အမျိုးသားတို့သည် ဘုရား
သခင်၏သားမှန် မဟုတ်။ ဂတိတော်နှင့်ဆိုင်သောသား
တို့သည် အမျိုးအနွယ် မှန်သည်ဟုမှတ်တော်မူ၏။
၉ ဂတိတော်အချက်ဟူမူကား၊ ယခုမှစ၍ ကာလ
အချိန် စေ့သောအခါ၊ ငါလာ၍ စာရာသည် သားကို
ရလိမ့်မည်ဟု လာသတည်း။
၁၀ ထိုမျှမက၊ ရေဗက္ကာသည် ငါတို့အဘ ဣဇာက်နှင့်
စုံဘက်၍ ပဋိသန္ဓေ စွဲယူသောအခါ၊
၁၁ ဘုရားသခင် ရွေးကောက်တော်မူခြင်းနှင့် ယှဉ်
သော အကြံတော်သည် အကျင့်အားဖြင့် မတည်၊
ခေါ်တော်မူသောသူ၏ အလိုတော်အားဖြင့် တည်မည်
အကြောင်း၊ သားမဘွားမှီ၊ ထိုသားတို့သည် ကောင်း
သော အကျင့်၊ မကောင်းသော အကျင့်ကို မကျင့်မှီ၊
၁၂ သားအကြီးသည် သားအငယ်၌ ကျွန် ခံရလိမ့်
မည်ဟု ထိုမိန်းမအား ဗျာဒိတ်ပေးတော်မူ၏။
၁၃ ထိုသို့နှင့်အညီ၊ ယာကုပ်ကို ငါချစ်၏၊ ဧသောကို
မုန်း၏ဟု ကျမ်းစာလာသတည်း။
၁၄ သို့ဖြစ်၍၊ အဘယ်သို့ ပြောရမည်နည်း။ ဘုရား
သခင်သည် မတရားသောအမှုကို ပြုတော်မူသလော။
ထိုသို့ မပြောရ။
၁၅ ဘုရားသခင်က၊ ငါသည် ကျေးဇူးပြုလိုသော
သူကို ကျေးဇူးပြုမည်။ သနားလိုသော သူကိုလည်း
သနားမည်ဟု မောရှေကို မိန့်တော်မူ၏။
၁၆ ထိုကြောင့်၊ လိုချင်သောသူသည် တတ်နိုင်သည်
မဟုတ်။ ပြေးသော သူသည်လည်း တတ်နိုင်သည်
မဟုတ်။ ကျေးဇူးပြုတော်မူသော ဘုရားသခင်
သာလျှင် တတ်နိုင်တော်မူ၏။
၁၇ ကျမ်းစာ၌ ဖာရောဘုရင်ကို ဆိုသည်ကား၊ ငါ့
တန်ခိုးကို သင်၌ ငါပြခြင်းငှါရင်း၊ ငါ့နာမကို မြေကြီး
တပြင်လုံးတွင် ကျော်စောစေခြင်းငှါရင်း၊ သင့်ကို
ချီးမြှောက်ခဲ့ပြီဟု ဆိုသတည်း။
၁၈ ထိုသို့နှင့်အညီ၊ ကျေးဇူးပြုလိုသောသူကို ကျေးဇူး
ပြုတော်မူ၏။ ခိုင်မာစေလိုသောသူကိုလည်း ခိုင်မာစေ
တော်မူ၏။
၁၉ သို့ဖြစ်လျှင်၊ ဘုရားသခင်သည် အဘယ်ကြောင့်
အပြစ်တင် တော်မူသေးသနည်း။ အဘယ်သူသည်
အလိုတော်ကို ဆီးတားဘူးသနည်းဟု ဆိုမည်လော။
၂၀ ဘုရားသခင်ကို ငြင်းဆန်သော အချင်းလူ၊
သင်သည်ကား အဘယ်သူနည်း။ လုပ်အပ်သော
အရာသည် လုပ်တတ်သောသူအား၊ အဘယ်ကြောင့်
ငါ့ကို ဤသို့ လုပ်သနည်းဟု ဆိုရမည်လော။
၂၁ အိုးထိန်းသမားသည် အိုးမြေကို ပိုင်သည် မ
ဟုတ်လော။ အိုးမြေတပုံတည်းနှင့် အိုးမြတ်၊ အိုးယုတ်
ကို လုပ်ပိုင်သည် မဟုတ်လော။
၂၂ ဘုရားသခင်သည် မိမိအမျက်တော်ကို ပြ၍၊
တန်ခိုးတော်ကို ထင်ရှားစေခြင်းငှါ အလိုတော်ရှိလျက်၊
ပျက်စီးခြင်းအဘို့ ပြင်ဆင်သော အမျက်ခံရာ အိုးများ
တို့ကို အလွန် သည်းခံခြင်း ခန္တီနှင့် သည်းခံတော်မူသည်
မှန်လျှင် အဘယ်ပြောဘွယ် ရှိအံ့နည်း။
၂၃ ချီးမြှောက်ခြင်းအဘို့ ပြင်ဆင်တော်မူနှင့်သော
ကရုဏာ ခံရာအိုးများတည်းဟူသော၊
၂၄ ယုဒအမျိုးသားတို့ အထဲမှသာ မဟုတ်၊ တပါး
အမျိုးသားတို့အထဲမှ ပရောဖက်ဟောရှေ ဆိုသည်အ
တိုင်းခေါ်တော်မူသော ငါတို့၌ ဘုန်းအာနုဘော်တော်
ကြွယ်ဝခြင်းကို ထင်ရှားစေခြင်းငှါ ပြုတော်မူသည် မှန်
လျှင်၊ အဘယ် ပြောဘွယ်ရှိအံ့နည်း။
၂၅ ဟောရှေ၏ ကျမ်းစာ၌ လာသည်ကား၊ ငါ၏လူ
မဟုတ်သောသူကို ငါ၏လူ ဟူ၍ ငါခေါ်မည်။ မချစ်သော
သတို့သမီးကိုလည်း အချစ်ဟူ၍ ငါခေါ်မည်။
၂၆ သင်တို့သည် ငါ၏လူ မဟုတ်ဟု ပြောဆိုရာ
အရပ်၌နေသောသူတို့သည်၊ အသက်ရှင်တော်မူသော
ဘုရားသခင်၏ သားဟု ခေါ်ဝေါ်ခြင်းကို ခံရကြလိမ့်
မည်ဟု လာသတည်း။
၂၇ ပရောဖက် ဟေရှာယသည်လည်း၊ ဣသရေလ
အမျိုးကို ရည်မှတ်၍ ကြွေးကြော်သည်ကား၊ ဣသ
ရေလ အမျိုးသားတို့သည် သမုဒ္ဒရာ သဲလုံးနှင့်အမျှ
များသော်လည်း၊ ကြွင်းသောသူတို့သာလျှင် ကယ်တင်
တော်မူခြင်းသို့ ရောက်ကြလိမ့်မည်။
၂၈ အမှုတော်ကို တရားသဖြင့် ပြီးစီးစေခြင်းငှါ
ဆုံးဖြတ်တော်မူမည်။ ထာဝရ ဘုရားသည် မြေပေါ်မှာ
ဆုံးဖြတ်တော်မူသောအမှုကို ပြုတော်မူလိမ့်မည်ဟု
ဆိုသတည်း။
၂၉ ထိုသို့နှင့်အညီ၊ ဟေရှာယသည် အထက်က ဆို
ပြန်သည်ကား၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရ
ဘုရားသည် ငါတို့၌မျိုးစေ့ကို ကြွင်းစေတော်မမူလျှင်၊
ငါတို့သည် သောဒုံမြို့ကဲ့သို့ ဖြစ်၍ ဂေါမောရမြို့နှင့်
တူကြပြီ။
၃၀ ထိုကြောင့်၊ အဘယ်သို့ ပြောရမည်နည်းဟူမူ
ကား၊ ဖြောင့်မတ်ခြင်းကို မှီအောင် မလိုက်သော တပါး

၂၇ စိတ်နှလုံးကို စစ်တော်မူသော သူသည်လည်း
ဝိညာဉ်တော်၏ စိတ်သဘောကို သိတော်မူ၏။ အ
ကြောင်းမူကား၊ ဝိညာဉ်တော်သည် သန့်ရှင်းသူတို့၏
ဆုတောင်းခြင်းအမှုကို ဘုရားသခင်၏ အလိုတော်
နှင့်အညီ စောင့်မတော်မူ၏။
၂၈ ဘုရားသခင်ကို ချစ်သောသူတည်းဟူသော
ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏
အကျိုးကို ခပ်သိမ်းသော အရာတို့သည် တညီတ
ညွတ်တည်း ပြုစုကြသည်ကို ငါတို့ သိကြ၏။
၂၉ ဘုရားသခင်၏ သားတော်သည် အများသော
ညီတို့တွင် သားဦး ဖြစ်တော်မူမည်အကြောင်း၊ ဘုရား
သခင်သည် ရှေ့မဆွက သိတော်မူသော သူတို့ကို
သားတော်၏ပုံသဏ္ဍာန်နှင့် တညီတည်း ဖြစ်စေခြင်းငှါ
ရှေ့မဆွက ခွဲခန့်မှတ်သားတော်မူ၏။
၃၀ ထိုသို့ ခွဲခန့်မှတ်သားနှင့်သော သူတို့ကို ခေါ်တော်
မူ၏။ ခေါ်တော်မူသော သူတို့ကိုလည်း ဖြောင့်မတ်ရာ၌
တည်စေတော်မူ၏။ ထိုသို့ တည်စေတော်မူသော
သူတို့ကိုလည်း ချီးမြှောက်တော်မူ၏။
၃၁ သို့ဖြစ်၍ ဤအရာများတို့၌အဘယ်သို့ပြောစရာ
ရှိသနည်း။ ဘုရားသခင်သည် ငါတို့ဘက်၌ ရှိတော်မူ
လျှင်၊ အဘယ်သူသည် ငါတို့တဘက်၌နေနိုင်မည်နည်း။
၃၂ မိမိသားတော်ရင်းကို မနှမြောဘဲ၊ ငါတို့ ရှိသမျှ
အဘို့အလို့ငှါ စွန့်တော်မူသောသူသည်၊ သားတော်နှင့်
တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အား မပေးဘဲ
အဘယ်သို့ နေတော်မူမည်နည်း။
၃၃ ဘုရားသခင် ရွေးကောက်တော်မူသော သူတို့ကို
အဘယ်သူသည် အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ
၌ တည်စေသောသူကား၊ ဘုရားသခင် ပေတည်း။
၃၄ အပြစ် စီရင်သောသူကား အဘယ်သူနည်း။
အသေခံ၍ ခံသည်သာမက၊ သေခြင်းမှ ထမြောက်၍
ဘုရားသခင်၏ လက်ျာတော်ဘက်၌ နေလျက်၊ ငါတို့
အဘို့ ဆုတောင်းသောသူကား ခရစ်တော် ပေတည်း။
၃၅ ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို
အဘယ်သူ ကွာစေမည်နည်း။
၃၆ အကယ်စင်စစ် ကိုယ်တော်အတွက် အကျွန်ုပ်တို့
သည် အစဉ်မပြတ် အသေသတ်ခြင်းကို ခံရကြပါ၏။
သတ်ဘို့ရာ ထားသော သိုးကဲ့သို့ အကျွန်ုပ်တို့ကို
သူတပါး မှတ်တတ်ကြပါ၏ဟု ကျမ်းစာလာသည်
နှင့်အညီ၊ ဆင်းရဲငြိုငြင်ခြင်း၊ ညှဥ်းဆဲနှိပ်စက်ခြင်း၊
မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်း ရှိခြင်း၊ ဘေးနှင့်
တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းကို ခံရသော်လည်း၊ ထို
အမှုတို့တွင် အဘယ်အမှုသည် ခရစ်တော်၏ ချစ်ခြင်း
မေတ္တာတော်နှင့် ငါတို့ကို ကွာစေမည်နည်း။
၃၇ မကွာစေသည် သာမက၊ ငါတို့ကို ချစ်တော်မူ
သောသူ၏ ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ထိုအမှု
ခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်
မြင်ကြ၏။
၃၈ အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်
ခြင်းဖြစ်စေ၊ ကောင်းကင်တမန် ဖြစ်စေ၊ အထွဋ်အမြတ်
ဖြစ်စေ၊ အာဏာတန်ခိုး ဖြစ်စေ၊ မျက်မှောက်အရာ
ဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊
၃၉ အမြင့်ဖြစ်စေ၊ အနိမ့် ဖြစ်စေ၊ ဤအရာ မှစ၍
အဘယ်နိမ္မိတ အရာမျှသည်၊ ငါတို့ သခင် ယေရှုခရစ်
အားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော်နှင့်
ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျလျက်ရှိ၏။

## ၉

၁ ငါ့ကိုယ်ကိုကိုယ် သိသောစိတ်သည် သန့်ရှင်း
သောဝိညာဉ်တော်နှင့်တကွ ငါ့ဘက်၌ သက်သေခံ
လျက်၊ ငါသည် မုသာမပါ၊ ခရစ်တော်ရှေ့၌ မှန်ကန်စွာ
ပြောသည်ကား၊
၂ ငါသည် အလွန်ဝမ်းနည်းခြင်းရှိ၏။ စိတ်နှလုံးထဲ၌
မခြားမလပ် ပူပန်ခြင်း ဝေဒနာရှိ၏။
၃ အကြောင်းမူကား၊ ဇာတိအားဖြင့် ငါ့အမျိုးသား
ချင်းဖြစ်သော ငါ့ညီအစ်ကိုတို့အတွက်၊ ငါသည်
ကိုယ်တိုင် ခရစ်တော်နှင့် ခွါ၍ ကျိန်ခြင်းကို ခံချင်
လောက်အောင် စိတ်ရှိ၏။
၄ ထိုသူတို့သည် ဣသရေလ လူဖြစ်၍၊ သား
အရာ၌ ချီးမြှောက်ခြင်းနှင့်ငှင်း၊ ဘုန်းအာနုဘော်တော်
နှင့်ငှင်း၊ ပဋိညာဉ်တရားတို့နှင့်ငှင်း၊ ပညတ်တရား
ထားခြင်းနှင့်ငှင်း၊ ဝတ်ပြုခြင်းနှင့်ငှင်း၊ ဂတိတော်တို့နှင့်
ငှင်း၊ ဆိုင်ကြ၏။
၅ ဘိုးဘေးများတို့နှင့် ဆက်နွယ်သောသူလည်း
ဖြစ်ကြ၏။ ခရစ်တော်သည်လည်း၊ ဇာတိအမျိုးအားဖြင့်
ထိုသူတို့၏ အမျိုးဖြစ်တော်မူ၏။ ထိုခရစ်တော်သည်
လည်း ခပ်သိမ်းသောအရာတို့ကို အစိုးရတော်မူ၍
ထာဝရ မင်္ဂလာရှိတော်မူသော ဘုရားသခင် ဖြစ်တော်
မူ၏။ အာမင်။
၆ ထိုသို့ဆိုသော် ဘုရားသခင်၏ ဂတိတော်မတည်
ဟု ငါမဆိုလို။ အကြောင်းမူကား၊ ဣသရေလနှင့်
ဆက်နွယ်သော သူအပေါင်းတို့သည် ဣသရေလ
လူမှန် မဟုတ်။
၇ ထိုနည်းတူ အာဗြဟံ၏ အမျိုးအနွယ် ဖြစ်သော



၁၈ လေပြင်းမုန်တိုင်းလာ၍ လှိုင်းတံပိုး ထလေ၏။
၁၉ ခရီး တတိုင်ခွဲ နှစ်တိုင်လောက် တက်ခတ်၍
ရောက်သောအခါ၊ ယေရှုသည် အိုင်ပေါ်မှာ စက်တော်
ဖြန့်၍ လှေအနီးသို့ ချဉ်းတော်မူသည်ကို သူတို့သည်
မြင်၍ ကြောက်လန့်ခြင်း ရှိကြ၏။
၂၀ ကိုယ်တော်ကလည်း၊ ငါပင်ဖြစ်သည်၊ မကြောက်
လန့်ကြနှင့်ဟု မိန့်တော်မူလျှင်၊ လှေထဲသို့ကိုယ်တော်ကို
ဝမ်းမြောက်စွာ ခံယူကြ၏။
၂၁ လှေသည်လည်း ရောက်လိုသော အရပ်သို့
တခဏခြင်းတွင် ဆိုက်လေ၏။
၂၂ အိုင်တဘက်၌နေသော လူအစုအဝေးတို့သည်
ကား၊
၂၃ အထက်က သခင်ဘုရားသည် ကျေးဇူးတော်ကို
ချီးမွမ်းပြီးမှ၊ လူများသည် မုန့်ကို စားကြရာအရပ်နှင့်
အနီး၊ တိဗေရိမြို့မှ အခြားသော လှေငယ်များလာသော်
လည်း၊ မနေ့၌ တပည့်တော်တို့ဝင်သော လှေမှတပါး
အဘယ်လှေမျှ မရှိသည်ကိုငှင်း၊ ယေရှုသည် ထိုလှေ
ထဲသို့တပည့်တော်တို့နှင့်အတူ ဝင်တော်မမူဘဲလျက်၊
တပည့်တော်တို့သာ သွားသည်ကိုငှင်း မြင်ကြ၍၊
၂၄ ထိုအရပ်၌ ယေရှုမှစသော တပည့်တော်တို့
မရှိသည်ကို သိကြသဖြင့်၊ နက်ဖြန်နေ့၌ လှေစီး၍
ယေရှုကိုရှာခြင်းငှါ ကပေရနောင်မြို့သို့ သွားကြ၏။
၂၅ အိုင်တဘက်၌ တွေ့လျှင် အရှင်ဘုရား၊ အဘယ်
သောအခါ ဤအရပ်သို့ ကြွလာတော်မူ သနည်းဟု
မေးလျှောက်ကြ၏။
၂၆ ယေရှုကလည်း၊ ငါအမှန်အကန် ဆိုသည်ကား၊
သင်တို့သည် နိမိတ်လက္ခဏာတို့ကို မြင်သောကြောင့်
ငါ့ကိုရှာသည် မဟုတ်။
၂၇ မုန့်ကို စား၍ ဝသောကြောင့်သာ ရှာကြ၏။
ပျက်စီးတတ်သောအစာကို ရခြင်းငှါ မကြိုးစားကြနှင့်။
လူသားသည် သင်တို့အား ပေး၍ ထာဝရ အသက်နှင့်
အမျှတည်တတ်သော အစာကို ရခြင်းငှါ ကြိုးစား
ကြလော့။ ထိုသားသည် ခမည်းတော်ဘုရား၏ တံဆိပ်
ခတ်ခြင်းကို ခံသောသူ ဖြစ်သည်ဟု မိန့်တော်မူ၏။
၂၈ ထိုသူတို့ကလည်း၊ ဘုရားသခင်၏ အလိုတော်
နှင့်ညီသော အကျင့်ကို ကျင့်ခြင်းငှါ အဘယ်သို့ပြုရပါ
မည်နည်းဟု မေးလျှောက်ကြ၏။
၂၉ ယေရှုကလည်း ဘုရားသခင် စေလွှတ်တော်မူ
သောသူကို ယုံကြည်ခြင်းအကျင့်ကား၊ အလိုတော်နှင့်
ညီသော အကျင့်တည်းဟု မိန့်တော်မူ၏။
၃၀ ထိုသူတို့ကလည်း၊ အကျွန်ုပ်တို့သည် ကိုယ်မျက်စိ
နှင့်မြင်၍ ကိုယ်တော်ကို ယုံကြည်မည် အကြောင်း
အဘယ် နိမိတ်လက္ခဏာကို ပြတော်မူသနည်း။
အဘယ်အမှုကို ပြုတော်မူသနည်း။
၃၁ ကျမ်းစာ၌ လာသည်ကား၊ ထိုသူတို့ စားစရာဘို့
ကောင်းကင်မှမုန့်ကို ပေးတော်မူသည်ဟု လာသည်
နှင့်အညီ၊ ငါတို့ဘိုးဘေးများသည် တော၌ မန္နကို
စားကြသည်ဟု လျှောက်ကြ၏။
၃၂ ယေရှုကလည်း ငါအမှန်အကန် ဆိုသည်ကား၊
မောရှေသည် ကောင်းကင်မုန့်ကို သင်တို့အားမပေး။
ခမည်းတော်သည် မှန်သောကောင်းကင်မုန့်ကို သင်တို့
အားပေးတော်မူ၏။
၃၃ ဘုရားသခင်၏ မုန့်မူကား၊ ကောင်းကင်မှ ဆင်း
သက်၍ လောကီသားတို့အား အသက်ကို ပေးသော
မုန့်ပေတည်းဟု မိန့်တော်မူလျှင်၊
၃၄ သခင်၊ ထိုမုန့်ကိုအကျွန်ုပ်တို့အား အစဉ်မပြတ်
ပေးတော်မူပါဟု လျှောက်ကြ၏။
၃၅ ယေရှုကလည်း၊ ငါသည် အသက်မုန့်ဖြစ်၏။ ငါ့ထံ
သို့ လာသောသူသည် နောက်တဖန် အဆာအမွတ်
မခံရ။ ငါ့ကို ယုံကြည်သော သူသည် နောက်တဖန်
ရေငတ် မခံရ။
၃၆ သို့သော်လည်း သင်တို့သည် ငါ့ကို မြင်လျက်ပင်
မယုံကြည်ကြဟု ငါဆိုခဲ့ပြီ။
၃၇ ခမည်းတော်သည် ငါ့အား ပေးတော်မူသမျှသော
သူတို့သည် ငါ့ထံသို့ လာကြလိမ့်မည်။ ငါ့ထံသို့
လာသော သူကို ငါသည် အလျှင်းမပယ်။
၃၈ အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့ လိုက်
ခြင်းငှါ ကောင်းကင်မှ ဆင်းသက်သည် မဟုတ် ငါ့ကို
စေလွှတ်တော်မူသောသူ၏အလိုတော်သို့ လိုက်ခြင်းငှါ
ဆင်းသက်၏။
၃၉ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏
အလိုတော်ကား၊ ငါ့အားပေးသောသူတို့တွင် တစုံတ
ယောက်ကိုမျှ ငါမပျောက်စေရဘဲ နောက်ဆုံးသော
နေ့၌ ထိုသူအပေါင်းတို့ကို ထမြောက်စေခြင်းငှါငှင်း၊
၄၀ သားတော်ကို ကြည့်မြင်၍ ယုံကြည်သောသူ
ရှိသမျှတို့သည် ထာဝရအသက်ကို ရစေခြင်းငှါငှင်း
အလိုတော်ရှိ၏။ ငါသည်လည်း နောက်ဆုံးသောနေ့၌
ထိုသူတို့ကို ထမြောက်စေမည်ဟု မိန့်တော်မူ၏။
၄၁ ငါသည် ကောင်းကင်မှ ဆင်းသက်သော မုန့်ဖြစ်
၏ဟု မိန့်တော်မူသည်ကို ယုဒလူတို့က၊
၄၂ ဤသူသည် ယောသပ်၏သား ယေရှုဖြစ်သည်
မဟုတ်လော။ သူ၏ မိဘကို ငါတို့သိသည် မဟုတ်

လော။ ငါသည် ကောင်းကင်မှ ဆင်းသက်၏ဟု သူသည် အဘယ်သို့ ဆိုရသနည်းဟု ကဲ့ရဲ့ပြစ်တင်လျက်ဆိုကြ၏။

၄၃ ယေရှုကလည်း၊ ငါ့ကို အချင်းချင်း ကဲ့ရဲ့၍ အပြစ်မတင်ကြနှင့်။

၄၄ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်သည် သွေးဆောင်တော် မမူလျှင်၊ အဘယ်သူမျှ ငါ့ထံသို့ မလာနိုင်။ လာသောသူကို နောက်ဆုံးသောနေ့၌ ငါ ထမြောက်စေမည်။

၄၅ အနာဂတ္တိကျမ်း၌ လာသည်ကား၊ ထိုသူအပေါင်းတို့သည် ဘုရားသခင် ဆုံးမသွန်သင်တော်မူသောသူဖြစ်ကြလိမ့်မည်ဟု လာသည်နှင့်အညီ၊ ခမည်းတော်ထံ၌ နားထောင်၍ နည်းခံသောသူ မှန်သမျှတို့သည် ငါ့ထံသို့ လာကြ၏။

၄၆ ထိုသို့ ငါဆိုသော်၊ ဘုရားသခင့် အထံတော်ကကြွလာသောသူ မှတပါး တစုံတယောက်သောသူသည် ခမည်းတော်ကို မြင်ခဲ့ပြီဟု မဆိုလို။ ကြွလာသောသူမူကား၊ ခမည်းတော်ကို မြင်ခဲ့ပြီ။

၄၇ ငါအမှန်အကန် ဆိုသည်ကား၊ ငါ့ကို ယုံကြည်သောသူသည် ထာဝရ အသက်ကို ရ၏။

၄၈ ငါသည် အသက်မုန့် ဖြစ်၏။

၄၉ သင်တို့ ဘိုးဘေးများသည် တော၌ မန္နကို စားလျက် သေရကြ၏။

၅၀ ကောင်းကင်မှ ဆင်းသက်သော မုန့်ကို စားသောသူသည် သေခြင်းနှင့် ကင်းလွတ်၏။

၅၁ ငါသည် ကောင်းကင်မှ ဆင်းသက်သော အသက်မုန့် ဖြစ်၏။ ဤမုန့်ကို စားသောသူမည်သည်ကား၊ အစဉ်မပြတ် အသက်ရှင်လိမ့်မည်။ ငါပေးသောမုန့်ကား၊ လောကီသားတို့၏ အသက်အဘို့အလိုငှါ စွန့်သော ငါ၏ အသားပေတည်းဟု မိန့်တော်မူ၏။

၅၂ ထိုအခါ ယုဒလူတို့က၊ ဤသူသည် မိမိအသားကို ငါတို့ စားစရာဘို့ အဘယ်သို့ ပေးနိုင်သနည်းဟု အချင်းချင်း ငြင်းခုံကြ၏။

၅၃ ယေရှုကလည်း၊ ငါအမှန် အကန်ဆိုသည်ကား၊ လူသား၏ အသားကိုမစား၊ အသွေးကို မသောက်လျှင် သင်တို့၌ အသက်မရှိ။

၅၄ ငါ၏ အသားကို စား၍ ငါ၏ အသွေးကိုလည်း သောက်သော သူသည် ထာဝရ အသက်ကို ရ၏။ ထိုသူကိုနောက်ဆုံးသော နေ့၌ ငါထမြောက်စေမည်။

၅၅ ငါ၏ အသားသည် စားစရာကောင်း၏။ ငါ၏ အသွေးလည်း သောက်စရာ ကောင်း၏။

၅၆ ငါ၏ အသားအသွေးကို သောက်စားသောသူသည် ငါ၌ တည်၏။ ထိုသူ၌လည်း ငါ တည်၏။

၅၇ အသက်ရှင်တော်မူသော ခမည်းတော်သည် ငါ့ကို စေလွှတ်တော်မူ၍၊ ငါသည် ခမည်းတော်အားဖြင့် အသက်ရှင်သည်နည်းတူ၊ ငါ့ကိုစားသောသူသည် ငါ့အားဖြင့် အသက်ရှင်လိမ့်မည်။

၅၈ ဤမုန့်ကား၊ ကောင်းကင်မှ ဆင်းသက်သော မုန့် ဖြစ်၏။ သင်တို့ ဘိုးဘေးများသည် မန္နကိုစားလျက် သေရသကဲ့သို့ မဟုတ်။ ဤမုန့်ကို စားသောသူသည် အစဉ်မပြတ် အသက်ရှင်လိမ့်မည်ဟု၊

၅၉ ကပေရနောင်မြို့မှာ တရားစရပ်၌ ဩဝါဒပေးစဉ်တွင် မိန့်တော်မူ၏။

၆၀ တပည့်တော်အများတို့သည် ကြားလျှင်၊ ထိုစကားသည် အလွန်ခက်လှ၏။ အဘယ်သူ နားခံနိုင်မည်နည်းဟု ဆိုကြ၏။

၆၁ ထိုသို့တပည့်တော်တို့ ကဲ့ရဲ့ အပြစ်တင်သည်ကို ယေရှုသည် အလိုအလျောက် သိတော်မူလျှင်၊ ဤတရားစကားကြောင့် သင်တို့သည် စိတ်ပျက်ကြသလော။

၆၂ လူသားသည် အရင် နေရာအရပ်သို့ တဖန်ကြွတက်သည်ကို မြင်ရလျှင် အဘယ်သို့ ထင်မှတ်ကြမည်နည်း။

၆၃ ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်းမတတ်နိုင်။ ငါပြောသော စကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်း ဖြစ်၏။

၆၄ သို့သော်လည်း သင်တို့တွင် မယုံကြည်သောသူ အချို့ရှိ၏။

၆၅ ထိုကြောင့်ငါ၏ခမည်းတော်သည် အခွင့်ပေးတော်မမူလျှင်၊ အဘယ်သူမျှ ငါ့ထံသို့ မလာနိုင်ဟု အထက်က ငါဆိုခဲ့ပြီဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသည် အကြောင်းဟူမူကား၊ အဘယ်သူ မယုံကြည်သည်ကိုငင်း၊ အဘယ်သူသည် ကိုယ်တော်ကို အပ်နှံမည်ကိုငင်း၊ ယေရှုသည် အစအဦး၌ သိတော်မူ၏။

၆၆ ထိုအခါမှစ၍ တပည့်တော် အများတို့သည် ကိုယ်တော်နှင့် မပေါင်းဘော်ဘဲ ဆုတ်သွားကြ၏။

၆၇ ထိုကြောင့် ယေရှုသည် တကျိပ်နှစ်ပါးသော သူတို့အား၊ သင်တို့သည်လည်း ထွက်သွားခြင်းငှါ အလိုရှိကြသလောဟု မေးတော်မူလျှင်၊

၆၈ ရှိမုန်ပေတရုက၊ သခင်၊ အကျွန်ုပ်တို့သည် အဘယ်သူ ထံသို့ သွားရပါမည်နည်း။ ထာဝရ အသက်နှင့် ယှဉ်သောစကားသည် ကိုယ်တော်၌ တည်ပါ၏။

၆၉ ကိုယ်တော်သည် ခရစ်တော်တည်းဟူသော



ဝိညာဉ်ပကတိနှင့် စပ်ဆိုင်သော အရာတို့ကို စွဲလမ်းသော စိတ်သဘောရှိကြ၏။

၆ ဇာတိပကတိ စိတ်သဘောသည် သေခြင်း အကြောင်းဖြစ်၏။ ဝိညာဉ်ပကတိ စိတ်သဘောသည် အသက်ရှင်ခြင်း အကြောင်းနှင့် ငြိမ်သက်ခြင်း အကြောင်းဖြစ်၏။

၇ အဘယ်ကြောင့်နည်းဟူမူကား၊ ဇာတိပကတိ စိတ်သဘောသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏ တရားတော်အလိုသို့ မလိုက်တတ်။ ထိုမျှမက မလိုက်နိုင်။

၈ ထိုကြောင့် ဇာတိပကတိ၌ ကျင်လည်သောသူတို့သည် ဘုရားသခင်၏ စိတ်တော် နှင့် မတွေ့နိုင်ကြ။

၉ သို့သော်လည်း ဘုရားသခင်၏ ဝိညာဉ်တော်သည် သင်တို့ အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ သင်တို့သည် ဇာတိပကတိဘက်၌ ရှိကြသည် မဟုတ်။ ဝိညာဉ် ပကတိဘက်၌ ရှိကြ၏။ ခရစ်တော်၏ ဝိညာဉ်ကို မရသောသူ မည်သည်ကား ခရစ်တော်နှင့်မဆိုင်။

၁၀ ခရစ်တော်သည် သင်တို့အထဲ၌ ရှိတော်မူလျှင်၊ ကိုယ်ကာယသည် အပြစ်ကြောင့် အသေဖြစ်သော်လည်း ဝိညာဉ်မူကား ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်လျက် ရှိ၏။

၁၁ ထိုမျှမက၊ ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရား၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှ ထမြောက်စေတော်မူသော ဘုရားသည် သင်တို့အထဲ၌ကျိန်းဝပ်သော မိမိဝိညာဉ်တော်အားဖြင့်၊ သေတတ်သော သင်တို့၏ကိုယ်ကာယကိုပင် ရှင်စေတော်မူမည်။

၁၂ သို့ဖြစ်၍ ညီအစ်ကိုတို့၊ ငါတို့သည် ဇာတိပကတိအတိုင်း ကျင့်ရမည်အကြောင်း၊ ဇာတိပကတိ၏ ကျွန်ဖြစ်ကြသည်မဟုတ်။

၁၃ သင်တို့သည် ဇာတိပကတိ အတိုင်း အသက်ရှင်လျှင် သေရကြမည်။ ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏ အကျင့်တို့ကို သေစေလျှင် အသက်ရှင်ကြလိမ့်မည်။

၁၄ ဘုရားသခင်၏ ဝိညာဉ်တော် ဆုံးမပဲ့ပြင်တော်မူသမျှသောသူတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။

၁၅ အကြောင်းမူကား၊ သင်တို့သည် တဖန် ကြောက်ရွံ့တတ်သော ကျွန်၏ သဘောကို ရကြသည်မဟုတ်။ အဗ္ဗအဘဟု ခေါ်ရသော အခွင့်နှင့် သား ဖြစ်ခြင်း၏ သဘောကို ရကြပြီ။

၁၆ ငါတို့သည် ဘုရားသခင်၏ သား ဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏။

၁၇ သားမှန်လျှင် အမွေခံ၊ ဘုရားသခင်၏ အမွေခံဖြစ်ကြ၏။ ခရစ်တော်နှင့်အတူ ဘုန်းဝင်စားမည် အကြောင်း၊ ထိုသခင်နှင့်အတူ ဆင်းရဲဒုက္ခကို ခံရလျှင်၊ ထိုသခင်နှင့် ဆက်ဆံသော အမွေခံလည်း ဖြစ်ကြ၏။

၁၈ ငါတို့အား ပေါ်ထွန်းလတံ့သော ဘုန်းကို ထောက်သော်၊ ယခု မျက်မှောက်ကာလ၌ ခံရသော ဆင်းရဲဒုက္ခကို ပမာဏ မပြုထိုက်ဟု ငါသဘောရှိ၏။

၁၉ ဤလောကသည် ဘုရားသခင့် သားတို့၏ပေါ်ထွန်းခြင်းအရာကို အလွန်တောင့်တ မြော်လင့်လျက် နေ၏။

၂၀ ဤလောကသည် အနိစ္စနိုင်ငံသို့ အလိုလိုလိုက်သည် မဟုတ်။

၂၁ ဘုရားသခင် သားတို့၏ ထူးမြတ်သော လွတ်ခြင်းချမ်းသာတည်းဟူသော ဖေါက်ပြန်ပျက်စီးခြင်း အနှောင်အဖွဲ့မှ ကယ်လွှတ်ခြင်း ချမ်းသာကို ဝင်စားမည်ဟု မြော်လင့်ရသော အခွင့်ကို ပေး၍ အနိစ္စနိုင်ငံသို့ လိုက်စေတော်မူသော သူ၏ အလိုတော်ကြောင့်သာ လိုက်ရ၏။

၂၂ ဤလောက တနိုင်ငံလုံးသည် ယခုတိုင်အောင် တညီတညွတ်တည်း ညည်းတွား၍ ဆင်းရဲခြင်းဝေဒနာကို ခံရသည်ဟု ငါတို့ သိကြ၏။

၂၃ ထိုမျှမက ဝိညာဉ်တော်၏ ကျေးဇူးတော် အစအဦးကို ခံပြီးသော ငါတို့သည်လည်း၊ သားအရာ၌ ချီးမြှောက်ခြင်း အကြောင်းတည်းဟူသော ကိုယ်ခန္ဓာ ရွေးနှုတ်ခြင်း ချမ်းသာကို မြော်လင့်၍၊ စိတ်နှလုံးအထဲ၌ ညည်းတွားလျက် နေကြ၏။

၂၄ ငါတို့သည် မြော်လင့်ခြင်းအားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်ကြ၏။ မြော်လင့်သောအရာကို တွေ့မြင်လျှင် မြော်လင့်စရာအကြောင်း မရှိ၊ တွေ့မြင်သော အရာကို အဘယ်ကြောင့် မြော်လင့်ရမည်နည်း။

၂၅ ငါတို့သည် မတွေ့မမြင်သော အရာကို မြော်လင့်လျှင်မူကား၊ ထိုအရာကို သည်းခံသောစိတ်နှင့် ငံ့လင့်၍ နေကြ၏။

၂၆ ထိုမှတပါး၊ ငါတို့ မတတ်နိုင်သော အရာမှာ ဝိညာဉ်တော်သည် မစတော်မူ၏။ ငါတို့သည် ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကို တောင်းရမည်ဟု မသိကြ။ သို့ရာတွင် ငါတို့ ဆုတောင်းခြင်း အမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မတော်မူ၏။

ပညတ်တရားအားဖြင့်သာ အပြစ်သဘောကို ငါသိရ
၏၊ အဘယ်သို့နည်းဟူမူကား၊ လောဘစိတ် မရှိစေနှင့်
ဟုပညတ်တရားမဆိုလျှင်၊ လောဘသဘောကို ငါမသိ။
၈ အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့်
ရ၍၊ ငါ၌ အမျိုးမျိုးသော လောဘတို့ကို ဖြစ်စေ၏။
ပညတ် တရားမရှိလျှင်၊ အပြစ်တရားသေ၏။
၉ အထက်က ပညတ်တရားမရှိသဖြင့်၊ ငါသည်
အသက်ရှင်၏။ ပညတ်တရား ပေါ်သောအခါ အပြစ်
တရားသည် ရှင်ပြန်၏။ ငါလည်း သေ၏။
၁၀ အသက် ရှင်ခြင်းနှင့် ဆိုင်သော ပညတ်တရား
သည် သေခြင်းနှင့် ဆိုင်သည်ကို ငါတွေ့၏။
၁၁ အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့်
ရလျှင်၊ ငါ့ကို လှည့်ဖြား၍ ထိုတရားအားဖြင့် ငါ့ကို
သတ်လေ၏။
၁၂ ထို့ကြောင့်၊ တရားတော်သည် သန့်ရှင်းခြင်းရှိ၏။
ပညတ်တရားလည်း သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊
ကောင်းမြတ်ခြင်း ရှိ၏။
၁၃ သို့ဖြစ်လျှင် ကောင်းမြတ်သော အရာသည် ငါ၌
သေခြင်းအကြောင်း ဖြစ်သလော။ မဖြစ်နိုင်ရာ။ အပြစ်
တရားသည် မိမိ သဘောကို ထင်ရှားစေခြင်းငှါ
ကောင်းမြတ်သော အရာအားဖြင့် ငါ၌ သေခြင်းကို
ပြု၍ သေခြင်းအကြောင်း ဖြစ်၏။ ထိုသို့ ဖြစ်သော
ကြောင့် အပြစ်တရားသည် ပညတ်တော်အားဖြင့်
အလွန် အပြစ်နှင့် ပြည့်စုံခြင်း ရှိသတည်း။
၁၄ ထိုမှတပါး၊ ပညတ်တရားသည် ဝိညာဉ်ပကတိ
နှင့် စပ်ဆိုင်သည်ကို ငါတို့ သိကြ၏။ ငါမူကား ဇာတိ
ပကတိရှိ၏။ အပြစ်တရားလက်၌ ကျေးကျွန်ဖြစ်၏။
၁၅ အကြောင်းမူကား၊ ငါသည် ကိုယ်ကျင့်သော
အကျင့်ကို မနှစ်သက်။ ကျင့်ချင်သော အကျင့်ကို မကျင့်၊
ရွံရှာသော အကျင့်ကို ကျင့်၏။
၁၆ ထိုသို့ ငါသည် မကျင့်ချင်သော အကျင့်ကို ကျင့်
လျှင်၊ ပညတ်တရား ဖြောင့်သည်ဟု ငါဝန်ခံ၏။
၁၇ သို့ဖြစ်လျှင်၊ ထိုမကောင်းသော အကျင့်ကို
ငါ့ကိုယ်တိုင် ကျင့်သည် မဟုတ်။ ငါ့အထဲ၌နေသော
အပြစ်တရားသည် ကျင့်၏။
၁၈ ငါ့အထဲမှာ ငါ့ဇာတိပကတိ၌ ကောင်းသော
အရာ တစုံတခုမျှ မတည်သည်ကို ငါသိ၏။ အကြောင်း
မူကား၊ ငါသည် ကျင့်ချင်သောစိတ် ရှိသော်လည်း၊
ကောင်းစွာ ကျင့်တတ်သော အခွင့်ကိုရှာ၍ မတွေ့နိုင်။
၁၉ ငါသည် ကျင့်ချင်သော အကျင့်ကောင်းကို မကျင့်၊
မကျင့်ချင်သော အကျင့်ဆိုးကို ကျင့်၏။
၂၀ ထိုသို့ငါသည် မကျင့်ချင်သော အကျင့်ကို ကျင့်
လျှင်၊ ငါကိုယ်တိုင် ကျင့်သည် မဟုတ်။ ငါ့အထဲ၌
နေသောအပြစ်တရားသည် ကျင့်၏။
၂၁ ထိုသို့ ကောင်းသော အကျင့်ကို ငါကျင့်ချင်သော
အခါ၊ မကောင်းသောအကျင့်ကို ကျင့်စေတတ်သော
တရားကို ငါတွေ့၏။
၂၂ ငါသည် အတွင်းလူအားဖြင့် ဘုရားသခင်၏
ပညတ်တရားတော်ကို နှစ်သက်၏။
၂၃ သို့သော်လည်း ငါ့ကိုယ်အင်္ဂါများ၌ရှိသော တရား
တပါးသည် စိတ်ဝိညာဉ်တရားကို ဆိုင်ပြိုင်တိုက်လှန်
သဖြင့်၊ ငါ့ကိုယ်အင်္ဂါများ၌ ရှိသော အပြစ်တရားလက်
သို့ ငါ့ကို ဘမ်းသွားအပ်နှံသည်ကို ငါမြင်၏။
၂၄ ငါသည် ငြိုငြင်သောသူ ဖြစ်ပါသည်တကား။
ဤအသေကောင်မှ ငါ့ကို အဘယ်သူ ကယ်လွှတ်
မည်နည်း။
၂၅ ငါတို့သခင် ယေရှုခရစ်အားဖြင့် ကယ်လွှတ်တော်
မူသော ဘုရားသခင်၏ ကျေးဇူးတော် ကြီးလှပေ၏။
ထိုသို့စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏တရားတော်
အလိုသို့၎င်း၊ ဇာတိပကတိ အားဖြင့် အပြစ်တရား
အလိုသို့၎င်း၊ ငါလိုက်တတ်၏။

## ၈

၁ ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့်
ယေရှုခရစ်၌ တည်၍၊ ဇာတိပကတိအတိုင်း မကျင့်၊
ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်
စီရင်ခြင်းနှင့် လွတ်ကြ၏။
၂ ယေရှုခရစ်၌ တည်၍ အသက်ရှင်စေသော
ဝိညာဉ်တော်၏ တရားသည် အပြစ်တရား၏ လက်မှ
၎င်း၊ သေခြင်းတရား၏ လက်မှ၎င်း၊ ငါ့ကို ကယ်လွှတ်ပြီ။
၃ ဇာတိပကတိကြောင့် ပညတ်တရားသည် အား
နည်း၍မတတ်နိုင်သောအမှုကို ဘုရားသခင် ပြုတော်
မူခြင်းငှါ၊ အပြစ်နှင့် ပြည့်စုံသော ဇာတိပကတိ၏
သဏ္ဌာန်ကိုဆောင်သော မိမိသားတော်ကို စေလွှတ်
တော်မူ၍၊ အပြစ်ဖြေဘို့ရာ ဇာတိပကတိ၌ အပြစ်ကို
ဒဏ်ပေးတော်မူ၏။
၄ အကြောင်းမူးကား၊ ဇာတိပကတိအတိုင်း မကျင့်၊
ဝိညာဉ်ပကတိအတိုင်းကျင့်သောငါတို့သည်၊ တရား၌
ပါသောပညတ်တို့ကို စောင့်ရှောက်မည် အကြောင်း
တည်း။
၅ ဇာတိပကတိ ရှိသော သူတို့သည် ဇာတိပကတိ
နှင့် စပ်ဆိုင်သော အရာတို့ကို စွဲလမ်းသော စိတ်
သဘော ရှိကြ၏။ ဝိညာဉ်ပကတိ ရှိသောသူတို့မူကား၊



အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်
ဖြစ်တော်မူသည်ကို အကျွန်ုပ်တို့ ယုံကြည်သိမှတ်ကြ
ပါသည်ဟု လျှောက်လေ၏။
၇၀ ယေရှုကလည်း တကျိပ်နှစ်ပါးသော သင်တို့ကို
ငါရွေးကောက်သည် မဟုတ်လော။ သို့သော်လည်း
သင်တို့တွင် ရန်သူတယောက်ပါသည်ဟု မိန့်တော်မူ၏။
၇၁ ထိုသို့ မိန့်တော်မူသော်၊ တကျိပ်နှစ်ပါးအဝင် ဖြစ်
၍ ကိုယ်တော်ကို အပ်နှံမည့်သူ၊ ရှိမုန်၏သား ယုဒ
ရှကာရုတ်ကို ဆိုလိုသတည်း။

## ၇

၁ ထိုနောက်မှ ယေရှုသည် ဂါလိလဲပြည်၌ လှည့်
လည်တော်မူ၏။ ယုဒလူတို့သည် ကိုယ်တော်ကို
သတ်အံ့သောငှါ ရှာကြံသောကြောင့်၊ ယုဒပြည်၌
လှည့်လည်ခြင်းငှါ အလိုတော်မရှိ။
၂၊ ၃ ယုဒလူတို့၏ သကေနေပွဲခံခါနီးတွင်၊ညီတော်တို့
က၊ သင်ပြုသော အမှုတို့ကို တပည့်များတို့သည်
မြင်စေခြင်းငှါ ဤအရပ်မှထွက်၍ ယုဒပြည်သို့ ကြွပါ။
၄ ကျော်စောကိတ္တိကို အလိုရှိသောသူ မည်သည်
ကား၊ မထင်ရှားသောအားဖြင့် အဘယ်အမှုကိုမျှ မပြု
တတ်။ ဤအမှုတို့ကို သင်သည်ပြုလျှင်၊ ဤလောက၌
ကိုယ်ကို ထင်ရှားစွာ ပြပါဟု၊
၅ မယုံကြည်သောကြောင့် ယေရှုအား ဆိုကြ၏။
၆ ယေရှုကလည်း၊ ငါ့အချိန် မရောက်သေး။ သင်တို့
ဘို့ ခပ်သိမ်းသော အချိန်သင့်လျက် ရှိ၏။
၇ လောကီသားတို့သည် သင်တို့ကို မမုန်းနိုင်၊ ငါ့ကို
မုန်းကြ၏။ အကြောင်းမူကား၊ ငါသည်သူတို့၏ အကျင့်
ဆိုးညစ်ကြောင်းကို သက်သေခံ၏။
၈ ထိုပွဲသို့ သင်တို့သွားကြလော့။
၉ ငါ မသွားသေး။ ငါ့အချိန် မပြည့်စုံသေးဟု
မိန့်တော်မူပြီးလျှင်၊ ဂါလိလဲပြည်မှာ နေတော်မူ၏။
၁၀ ညီတော်တို့ သွားပြီးမှ ကိုယ်တော်သည် ထိုပွဲသို့
မထင်မရှား ကြွတော်မူ၏။
၁၁ ထိုပွဲ၌ ယုဒလူတို့က၊ ယေရှုသည် အဘယ်မှာ
ရှိသနည်းဟု မေးမြန်းရှာဖွေကြ၏။
၁၂ လူအစုအဝေးတို့သည် ကိုယ်တော်ကိုအကြောင်း
ပြု၍ အုတ်အုတ်သဲသဲ ဖြစ်ကြ၏။ အချို့တို့က၊ သူသည်
သူတော်ကောင်းဖြစ်သည် ဟူ၍၎င်း၊ အချို့တို့က၊
သူတော်ကောင်းမဟုတ်၊ လူများကို လှည့်ဖြားသည်
ဟူ၍၎င်း ဆိုကြ၏။
၁၃ သို့သော်လည်း ယုဒလူတို့ကို ကြောက်သော
ကြောင့် အဘယ်သူမျှ အတည့်အလင်း မပြောဝံ့ကြ။
၁၄ ထိုပွဲကို ခံစဉ်တွင်၊ ယေရှုသည် ဗိမာန်တော်သို့
တက်၍ ဆုံးမဩဝါဒ ပေးတော်မူ၏။
၁၅ ယုဒလူတို့သည် အံ့ဩ၍၊ ဤသူသည် စာမသင်
ဘဲလျက် အဘယ်သို့ တတ်ဘိသနည်းဟုဆိုကြ၏။
၁၆ ယေရှုကလည်း၊ ငါ ဟောသော ဒေသနာသည်
ငါ၏ ဒေသနာ မဟုတ်။ ငါ့ကို စေလွှတ်တော်မူသော
သူ၏ ဒေသနာဖြစ်၏။
၁၇ ထိုသူ၏ အလိုတော်သို့ လိုက်ချင်သောသူမည်
သည်ကား၊ ဤဒေသနာသည် ဘုရားသခင်၏ ဒေသ
နာတော်ဖြစ်သလော၊ ငါသည် ကိုယ်အလို အလျောက်
ဟောပြောသလောဟု ပိုင်းခြား၍ သိလိမ့်မည်။
၁၈ ကိုယ်အလိုအလျောက် ဟောပြောသော သူ
သည် မိမိဘုန်းအသရေကို ရှာတတ်၏။ မိမိကို စေလွှတ်
တော်မူသောသူ၏ ဘုန်းအသရေကို ရှာသော သူမူ
ကား၊ ယုံလောက်သောသူ ဖြစ်၏။ ထိုသူ၌ မုသာ မရှိ။
၁၉ မောရှေသည် ပညတ်တရားကို သင်တို့အား
ပေးသည် မဟုတ်လော။ ထိုတရားကို သင်တို့တွင် တစုံ
တယောက်မျှ မကျင့်။ ငါ့ကို သတ်အံ့သောငှါ အဘယ်
ကြောင့် ရှာကြံကြသနည်းဟု မိန့်တော်မူ၏။
၂၀ လူအစုအဝေးကလည်း၊ သင်သည် နတ်ဆိုးစွဲ
သောသူဖြစ်၏။ သင့်ကို သတ်အံ့သောငှါ အဘယ်သူ
ရှာကြံသနည်းဟု ဆိုကြ၏။
၂၁ ယေရှုကလည်း၊ ငါပြုသော အမှုတခုကို သင်တို့
ရှိသမျှသည် အံ့ဩခြင်းရှိကြ၏။
၂၂ မောရှေသည် အရေဖျားလှီးခြင်းတရားကို သင်
တို့အားပေး၏။ ထိုသို့ဆိုသော် မောရှေမှအစစွာ ခံရ
သည်ဟု မဆိုလို။ ဘိုးဘေးများမှ ဆက်ခံရသတည်း။
ထိုကြောင့် ဥပုသ်နေ့၌ သင်တို့သည် အရေဖျားလှီး
ခြင်းကို ပေးကြ၏။
၂၃ မောရှေ၏ တရား မပြတ်စေခြင်းငှါ လူသည်
ဥပုသ်နေ့၌ အရေဖျားလှီးခြင်းကို ခံရလျှင်၊ ငါသည်
ဥပုသ်နေ့၌ လူတကိုယ်လုံးကို ကျန်းမာစေသော
ကြောင့်၊ သင်တို့သည် ငါ့ကို အမျက်ထွက်ရာသလော။
၂၄ မျက်နှာကိုသာ ကြည့်၍ မစီရင်ကြနှင့်။ တရားသ
ဖြင့် စီရင်ကြလော့ဟု မိန့်တော်မူ၏။
၂၅ ထိုအခါ ယေရှုရှလင်မြို့သား အချို့ကလည်း၊ ဤ
သူကို သတ်အံ့သောငှါ ရှာကြသည်မဟုတ်လော။
၂၆ ကြည့်ပါ။ သူသည် ထင်ရှားစွာ ဟောပြော၍
အဘယ် မြစ်တားခြင်းကိုမျှ မပြုကြပါတကား။ ဤ
သူသည် ခရစ်တော် ဖြစ်ကြောင်းကို မင်းများတို့သည်
အမှန် သိကြသလော။

၂၇ သို့သော်လည်း ဤသူသည် အဘယ်က ဖြစ်
သည်ကို ငါတို့ သိကြ၏။ ခရစ်တော်သည် ကြွလာ
တော်မူသောအခါ အဘယ်က ဖြစ်တော်မူသည်ကို
အဘယ်သူမျှ မသိရဟု ဆိုကြ၏။
၂၈ ယေရှုကလည်း၊ သင်တို့သည် ငါ့ကို သိကြ၏။
ငါသည် အဘယ်က ဖြစ်သည်ကိုလည်း သိကြ၏။
သို့သော်လည်း ငါသည် ကိုယ်အလိုအလျောက် လာ
သည် မဟုတ်။ ငါ့ကို စေလွှတ်တော်မူသော သူသည်
သစ္စာနှင့် ပြည့်စုံတော်မူ၏။ ထိုသူကို သင်တို့ မသိကြ။
၂၉ ငါမူကား သိ၏။ အကြောင်းမူကား၊ ထိုသူ၏
အထံတော်မှ ငါလာ၏။ သူသည်လည်း ငါ့ကို စေလွှတ်
တော်မူ၏ဟု ဗိမာန်တော်၌ ဆုံးမဩဝါဒ ပေးတော်မူစဉ်
တွင် ကြွေးကြော်၍ မိန့်တော်မူလျှင်၊
၃၀ ကိုယ်တော်ကို ဘမ်းဆီးခြင်းအခွင့်ကို ရှာကြ၏။
သို့သော်လည်း ကိုယ်တော်၏အချိန် မစေ့မရောက်
သေးသောကြောင့် အဘယ်သူမျှ မဘမ်းမဆီးကြ။
၃၁ လူအစုအဝေးထဲ၌ ပါသောသူ အများတို့သည်
ယုံကြည်သည်ဖြစ်၍၊ ခရစ်တော်သည် ကြွလာတော်မူ
သောအခါ၊ ဤသူပြသော နိမိတ်လက္ခဏာထက်
သာ၍ များသော နိမိတ်လက္ခဏာတို့ကို ပြတော်မူ
မည်လောဟု ဆိုကြ၏။
၃၂ ထိုသို့ လူများ အုတ်အုတ်သဲသဲဖြစ်ကြသည်ကို
ဖာရိရှဲတို့သည် ကြားလျှင်၊ ယဇ်ပုရောဟိတ် အကြီးတို့
နှင့် တိုင်ပင်ပြီးမှ ကိုယ်တော်ကို ဘမ်းဆီးစေခြင်းငှါ
မင်းလုလင်တို့ကို စေလွှတ်ကြ၏။
၃၃ ယေရှုကလည်း၊ ငါသည် သင်တို့နှင့်အတူ ခဏ
သာ နေပြီးလျှင်၊ ငါ့ကို စေလွှတ်တော်မူသောသူ ထံသို့
သွားရမည်။ သင်တို့သည် ငါ့ကို ရှာကြလိမ့်မည်။
၃၄ ရှာသော်လည်း မတွေ့ရကြ။ ငါရှိရာအရပ်သို့
သင်တို့ မရောက်နိုင်ကြဟု မိန့်တော်မူလျှင်၊
၃၅ ယုဒလူတို့က၊ ငါတို့ မတွေ့စေခြင်းငှါ သူသည်
အဘယ် အရပ်သို့ သွားလိမ့်မည်နည်း။ ဟေလလ
လူတို့တွင် အရပ်ရပ်သို့ ကွဲပြားလျက်နေသောသူတို့
ရှိရာသို့ သွား၍ ဟေလသလူတို့အား တရားဟော
လိမ့်မည်လော။
၃၆ သင်တို့သည် ငါ့ကို ရှာကြလိမ့်မည်။ ရှာသော်
လည်း မတွေ့ရကြ။ ငါရှိရာအရပ်သို့ သင်တို့ မရောက်နိုင်
ကြဟူသော စကားသည် အဘယ်သို့ ဆိုလိုသနည်း
ဟု အချင်းချင်း ဆိုကြ၏။
၃၇ ထိုပွဲကို ခံ၍ နောက်ဆုံးဖြစ်သော နေ့မြတ်၌
ယေရှုသည် ရပ်၍ ကြွေးကြော်တော်မူသည်ကား၊
ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။
၃၈ ငါ့ကို ယုံကြည်သော သူသည် ကျမ်းစာလာသည်
အတိုင်း အသက်ရေထွက်ရာ စမ်းရေတွင်းဖြစ် လိမ့်မည်
ဟု မိန့်တော်မူ၏။
၃၉ ထိုသို့ မိန့်တော်မူသော၊ ယုံကြည်သော သူတို့
သည် ခံရလတ္တံ့သော ဝိညာဉ်တော်ကို ရည်မှတ်၍
မိန့်တော်မူ၏။ ယေရှုသည် ဘုန်းပွင့်တော် မမူသေး
သောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ကို ပေး
တော်မမူသေး။
၄၀ စကားတော်ကို ကြားသောသူ အများတို့က၊
ဤသူသည် လာလတ္တံ့သော ပရောဖက် အမှန်ဖြစ်
သည်ဟု ဆိုကြ၏။
၄၁ အချို့ကလည်း၊ ဤသူသည် ခရစ်တော်ဖြစ်သည်
ဟု ဆိုကြ၏။ အချို့ကလည်း၊ ခရစ်တော်သည် ဂါလိလဲ
ပြည်သား ဖြစ်ရသလော။
၄၂ ခရစ်တော်သည် ဒါဝိဒ်အမျိုး၊ ဒါဝိဒ် နေရာဌာန၊
ဗက်လင်ရွာသား ဖြစ်ရမည်ဟု ကျမ်းစာလာသည်
မဟုတ်လောဟု ဆိုကြ၏။
၄၃ ထိုသို့လူများတို့သည် ကွဲပြားကြသည်ဖြစ်၍၊အ
ချို့တို့သည် ကိုယ်တော်ကိုဘမ်းဆီးခြင်းငှါ အလိုရှိကြ၏။
၄၄ သို့သော်လည်း အဘယ်သူမျှ မဘမ်းမဆီးကြ။
၄၅ ထိုအခါ မင်းလုလင်တို့သည် ယဇ်ပုရောဟိတ်
အကြီး၊ ဖာရိရှဲထံသို့ ပြန်၍၊ ထိုမင်းတို့က၊ အဘယ်
ကြောင့် သူ့ကို မဆောင်ခဲ့ကြသနည်းဟု မေးမြန်းလျှင်၊
၄၆ မင်းလုလင်တို့က၊ ထိုသူဟောပြောသကဲ့သို့
အဘယ်သူမျှ မဟောစဖူးပါဟု လျှောက်ကြ၏။
၄၇ ဖာရိရှဲတို့ ကလည်း၊ သင်တို့ကိုပင် လှည့်ဖြား
ပြီလော။
၄၈ မင်းများ၊ ဖာရိရှဲများတို့တွင် သူ့ကို ယုံကြည်
သောသူ တစုံတယောက်မျှ ရှိသလော။
၄၉ တရားကို မသိသော ဤလူများတို့သည် ကျိန်
ခြင်းကို ခံရသောသူ ဖြစ်သည်ဟု ဆိုကြ၏။
၅၀ အထက်က ညဉ့်အခါ၌ အထံတော်သို့ လာ
သောသူတည်းဟူသော ထိုမင်းများ အဝင်ဖြစ်သော
နိကောဒင်ကလည်း၊
၅၁ ငါတို့တရားသည် လူကိုမစစ်၊ သူ့အမှုကို မသိမီ
ကပင် ရှေ့မဆွက ဆုံးဖြတ်တတ်သလောဟု ဆိုလျှင်၊
၅၂ သူတို့က၊ သင်သည်လည်း ဂါလိလဲပြည်သား
ဖြစ်သလော။ စစ်ဦးလော့။ ဂါလိလဲပြည်၌ အဘယ်
ပရောဖက်မျှ မပေါ်မထွန်းသည်ကို မှတ်လော့ဟု
ဆိုကြပြီးမှ၊



တရားကြောင့် တကြိမ်သာ ခံတော်မူ၏။ အသက်
ရှင်တော်မူရာမှာ၊ ဘုရားသခင့်အဘို့ ရှင်တော်မူ၏။
၁၁ ထိုနည်းတူ သင်တို့သည် အပြစ် တရားနှင့်
ဆိုင်သော အရာ၌ကား၊ အသေဖြစ်သည် ဟူ၍၎င်း၊
ဘုရားသခင်နှင့် ဆိုင်သောအရာ၌ကား၊ ငါတို့ သခင်
ယေရှုခရစ် အားဖြင့် အသက်ရှင်သည် ဟူ၍၎င်း၊
ကိုယ်ကိုကိုယ် ထင်မှတ်ကြလော့။
၁၂ ထိုကြောင့်၊ သင်တို့၏ သေတတ်သော ကိုယ်
ခန္ဓာ၏ တပ်မက်ခြင်းအလိုသို့လိုက်ရသည်တိုင်အောင်၊
အပြစ်တရားသည် ထိုကိုယ်ခန္ဓာ၌ အစိုးမရစေနှင့်။
၁၃ သင်တို့၏ ကိုယ်အင်္ဂါများကို ဒုစရိုက်လက်နက်
ဖြစ်စေ၍၊ အပြစ်တရားအား မဆက်ကြနှင့်။ သေခြင်းမှ
ထမြောက်၍ အသက်ရှင်သောသူကဲ့သို့၊ ဘုရားသခင်
အား ကိုယ်ကိုကိုယ် ဆက်ကြလော့။
၁၄ ကိုယ်အင်္ဂါများကိုလည်း သုစရိုက်လက်နက်
ဖြစ်စေ၍၊ ဘုရားသခင်အား ဆက်ကြလော့။ သင်တို့
သည် ပညတ်တရားလက်၌ မရှိ၊ ကျေးဇူးတရားလက်၌
ရှိသောကြောင့် အပြစ်တရားသည် သင်တို့ကို မ
အုပ်စိုးရ။
၁၅ ထိုသို့ ဖြစ်လျှင် အဘယ်သို့နည်း။ ငါတို့သည်
ပညတ်တရားလက်၌ မရှိ၊ ကျေးဇူးတရားလက်၌ရှိ
သောကြောင့်၊ ဒုစရိုက်ကို ပြုရမည်လော။ ထိုသို့ မပြုရ။
၁၆ အကြင်သူ၏ အထံ၌ အစေခံကျွန် ဖြစ်ခြင်းငှါ
သင်တို့ ဝင်၍အစေခံ၏၊ ထိုသူသည် သေခြင်းနှင့်
ယှဉ်သော အပြစ်တရားဖြစ်စေ၊ ဖြောင့်မတ်ရာသို့
ရောက်ခြင်းနှင့် ယှဉ်သော နားထောင်ခြင်းတရားဖြစ်
စေ၊ သင်တို့၏ သခင်ဖြစ်သည်ကို မသိကြသလော။
၁၇ သင်တို့သည် အပြစ်တရား၏ကျွန် ဖြစ်ဘူးသော်
လည်း၊ ယခုတွင် ခံခဲ့ပြီးသော ဩဝါဒနည်းဥပဒေသ
စကားကို စေတနာစိတ်နှင့် နားထောင်ကြသည်ဖြစ်၍၊
ဘုရားသခင်၏ ကျေးဇူးတော် ကြီးလှပေ၏။
၁၈ သင်တို့သည် အပြစ်တရား၏ လက်မှလွတ်ကြ
ပြီဖြစ်၍၊ ဖြောင့်မတ်ခြင်းတရား၏ကျွန် ဖြစ်ကြ၏။
၁၉ ထိုသို့ ငါဆိုသော်၊ သင်တို့သည် ဇာတိပကတိ
အတိုင်း ဉာဏ်နည်းသောကြောင့်၊ လောကီဝေါဟာရ
အားဖြင့် ဆိုသတည်း။ သင်တို့သည်မိမိတို့ ကိုယ်အင်္ဂါ
များကို အဓမ္မအလို့ငှါ ညစ်ညူးခြင်းတရား၊ အဓမ္မ
တရား၌ သွင်း၍ ကျွန်ခံစေဘူးသည်နည်းတူ၊ ယခုမှာ
ကိုယ်အင်္ဂါများကို သန့်ရှင်းခြင်းအလို့ငှါ ဖြောင့်မတ်ခြင်း
တရား၌ သွင်း၍ ကျွန် ခံစေကြလော့။
၂၀ သင်တို့သည် အပြစ်တရား၏ကျွန် ဖြစ်စဉ်ကာလ၊
ဖြောင့်မတ်ခြင်း တရား၏ လက်မှ လွတ်ကြ၏။
၂၁ ယခု သင်တို့ရှက်ကြောက်သော ထိုအကျင့်တို့ကို
ကျင့်စဉ်အခါ၊ အဘယ် အကျိုးကို ရကြသနည်း။ ထို
သို့သော အကျင့်သည် သေခြင်း၌လမ်းဆုံးသတည်း။
၂၂ ယခုမူကား၊ သင်တို့သည် အပြစ်တရား၏လက်မှ
လွတ်၍၊ ဘုရားသခင်၏ကျွန် ဖြစ်ကြသည်နှင့်အညီ၊
သန့်ရှင်းခြင်းအကျိုးကို ရကြ၏။ အဆုံး၌လည်း ထာဝရ
အသက်ကို ရကြလိမ့်မည်။
၂၃ အပြစ်တရား၏ အခကား သေခြင်းပေတည်း။
ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊
ငါတို့ သခင် ယေရှုခရစ် အားဖြင့် ထာဝရ အသက်
ပေတည်း။

## ၇

၁ ပညတ်တရားကို သိသော ညီအစ်ကိုတို့၊ ပညတ်
တရားသည် လူကို အသက်ထက်ဆုံးမျှသာ ပိုင်သည်
ကို မသိကြသလော။
၂ ဥပမာကား၊ လင်ရှိသော မိန်းမသည် လင်မသေ
မှီတိုင်အောင်၊ ပညတ်တရားအားဖြင့် လင်၌ချည်
နှောင်လျက်ရှိ၏။ လင်သေလျှင်မူကား လင်ဝတ်နှင့်
လွတ်၏။
၃ ထိုကြောင့်၊ မိမိလင်မသေမှီ အခြားသောသူ၏
မယားဖြစ်လျှင်၊ မျောက်မထားသောမိန်းမဟု ခေါ်ထိုက်
၏။ လင်သေလျှင်မူကား၊ ထိုတရားနှင့် လွတ်သည်
ဖြစ်၍၊ အခြားသောသူ၏ မယားဖြစ်သော်လည်း၊
မျောက်မထားသောမိန်းမဟု ခေါ်စရာအကြောင်း မရှိ၊
၄ ထိုနည်းတူ၊ ငါ့ညီအစ်ကိုတို့၊ သင်တို့သည် အခြား
သောသူတည်းဟူသော၊ သေခြင်းမှ ထမြောက်တော်
မူသောသူ၏ မယားဖြစ်၍၊ ဘုရားသခင်၏ အလိုတော်
နှင့်အညီ တိုးပွါးမည်အကြောင်း၊ ခရစ်တော်၏ ကိုယ်
ခန္ဓာအားဖြင့်သေ၍ ပညတ်တရားနှင့် ကွာကြ၏။
၅ ငါတို့သည် ဇာတိပကတိ၌ ကျင်လည်သောအခါ၊
အပြစ်နှင့် စပ်ဆိုင်သော စိတ်တို့သည် ပညတ်တရား
အားဖြင့်၊ ပေါက်၍ သေခြင်းတရား၏ အလိုနှင့်အညီ
တိုးပွါးမည် အကြောင်း၊ ငါတို့၏ ကိုယ်အင်္ဂါများ၌
ပြုပြင်ကြ၏။
၆ ယခုမူကား၊ ကျမ်းစာ၌ ပါသော တရားဟောင်းကို
မမှီဘဲ၊ ဝိညာဉ်တော် တရားသစ်ကို မှီ၍ အမှုဆောင်
ရွက်ခြင်း အလို့ငှါ၊ ငါတို့သည် သေသဖြင့် အုပ်ချုပ်သော
ပညတ်တရား၏လက်မှ လွတ်ခြင်းသို့ ရောက်ကြပြီ။
၇ သို့ဖြစ်၍ အဘယ်သို့ ပြောရမည်နည်း။ ပညတ်
တရား၌ အပြစ်ရှိသလော။ အပြစ် မရှိနိုင်ရာ။ သို့ရာတွင်

၍၊ အပြစ်တရားအားဖြင့် သေခြင်းတရား ဝင်သည်နှင့်
အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့်
သေခြင်းသို့ ရောက်ရကြ၏။
၁၃ ပညတ်တရားကို မထားမှီတိုင်အောင် ဤလော
က၌ အပြစ်ရှိ၏။ အဘယ် ပညတ်တရားမျှ မရှိလျှင်၊
အပြစ်ရှိသည်ဟု မှတ်စရာမရှိ၊
၁၄ သို့သော်လည်း အာဒံ လက်ထက်မှစ၍ မောရှေ
လက်ထက်တိုင်အောင် သေခြင်းတရားသည် အစိုး
ရ၏။ အာဒံ ပြစ်မှားသည်နည်းတူ မပြစ်မှားသော
သူတို့ကိုပင် အစိုးရ၏။ ထိုအာဒံသည် နောက်လာ
လတံ့သော သူ၏ ပုံပမာ ဖြစ်သတည်း။
၁၅ သို့သော်လည်း၊ ပြစ်မှားခြင်းသဘောနှင့် ကျေးဇူး
တော်သဘော မတူ။ အကြောင်းမူကား၊ လူတယောက်
သည် ပြစ်မှားသောအားဖြင့်၊ လူများတို့သည် သေခြင်း
သို့ ရောက်ကြ၏။ တယောက်သောသူ တည်းဟူ
သော ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ ကျေးဇူး
တော်နှင့် ကျေးဇူးတော်၏ အကျိုးသည် လူများတို့၌
သာ၍ ကြွယ်ဝပြည့်စုံ၏။
၁၆ ထိုမှတပါး၊ လူတယောက် ပြစ်မှားသော အရာနှင့်
ကျေးဇူးတော်အရာ မတူ။ အကြောင်းမူကား၊ တရား
စီရင်သော အရာမှာ၊ အပြစ်တခုကြောင့် ဒဏ်ခံစေဟု
စီရင်၏။ ကျေးဇူးတော်အရာမှာ၊ အပြစ်များလျက်ပင်
လွှတ်စေဟု စီရင်၏။
၁၇ ထိုမှတပါး၊ လူတယောက်သည် ပြစ်မှားသော
ကြောင့် ထိုတယောက်သောသူအားဖြင့် သေခြင်း
တရားသည် အစိုးရ၏။ ကျေးဇူးတော်၏ ကြွယ်ဝ
ခြင်းကိုဎင်း၊ ဖြောင့်မတ်ရာသို့ သွင်းပေးတော်မူခြင်း
ကိုဎင်း ခံရသောသူတို့သည် တယောက်သောသူ
တည်းဟူသော ယေရှုခရစ်အားဖြင့် အသက်ရှင်လျက်
သာ၍ စိုးစံရကြလတံ့။
၁၈ ထိုကြောင့်၊ တယောက်သောသူ၏ ပြစ်မှားခြင်း
အားဖြင့်၊ လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းနှင့်
တွေ့ကြုံရကြသည်နည်းတူ၊ တယောက်သော သူ၏
ဖြောင့်မတ်ခြင်းအားဖြင့်၊ လူအပေါင်းတို့သည် အသက်
နှင့်ယှဉ်သော ဖြောင့်မတ်ရာသို့ ရောက်ခြင်း အခွင့်ကို
ရကြ၏။
၁၉ အကြောင်းမူကား၊ တယောက်သောသူသည်
နားမထောင်သောအားဖြင့်၊ လူများတို့သည် အပြစ်
ရောက်သည် နည်းတူ တယောက်သောသူသည်
နားထောင်သောအားဖြင့်၊ လူများတို့သည် ဖြောင့်မတ်
ရာသို့ ရောက်ရကြ၏။

၆း၃၊ ၄။

၂၀ ထိုမှတပါး၊ ပညတ်တရားသည် တဖန် ဝင်သဖြင့်
ပြစ်မှားသောအပြစ် ပွါးများ၏။ သို့သော်လည်း အပြစ်
ပွါးများသည့်အရာမှာ ကျေးဇူးတော် သာ၍ကြွယ်ဝ၏။
၂၁ ထိုသို့ဖြစ်လျှင်၊ အပြစ်တရားသည် သေခြင်းအား
ဖြင့် အစိုးရသည်နည်းတူ၊ ငါတို့ သခင် ယေရှုခရစ်
ပြုစုတော်မူ၍ ကျေးဇူးတရားသည် ထာဝရအသက်
နှင့်ယှဉ်သော ဖြောင့်မတ်ရာသို့ သွင်းခြင်းအားဖြင့်
အစိုးရလေအံ့သတည်း။

၆

၁ ထိုသို့ မှန်လျှင်၊ အဘယ်သို့ ပြောရမည်နည်း။
ကျေးဇူးတော် ပွါးများစေခြင်းငှါ အပြစ်တရားကို ကျင့်၍
နေရမည်လော။
၂ ထိုသို့ မနေရ။ အပြစ်တရားမှ စုတေ့သော
သူတို့သည် ထိုတရား၌ အဘယ်သို့ ရှင်ရဦးမည်နည်း။
၃ ယေရှုခရစ်၌ ဗတ္တိဇံကို ခံသောသူ ရှိသမျှတို့သည်
အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံကြသည်ဟု သင်တို့
မသိသလော။
၄ ထိုကြောင့်၊ အသေခံတော်မူခြင်း၌ ဗတ္တိဇံကို
ခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို
ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်း
တော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်
တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သော
အသက်၌ ကျင်လည်ရကြသတည်း။
၅ တနည်းကား၊ အသေခံတော်မူခြင်း၏ ပုံသဏ္ဍာန်
ကို ဆောင်၍၊ ထိုသခင်နှင့်အတူ ငါတို့သည် စိုက်ပျိုး
လျက် ရှိသည်မှန်လျှင်၊ ထမြောက်တော်မူခြင်း၏
ပုံသဏ္ဍာန်ကို ဆောင်၍စိုက်ပျိုးလျက် ရှိကြလိမ့်မည်။
၆ ထိုမှတပါး၊ ငါတို့၏ လူဟောင်းသည် ထိုသခင်နှင့်
အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကို ခံပြီဟု
ငါတို့ သိကြ၏။ အကြောင်းမူကား၊ ငါတို့သည် နောက်မှ
အပြစ်တရား၏ အစေကို မခံစေခြင်းငှါ၊ အပြစ်တရား၏
ကိုယ်ကို ဖျက်ဆီးမည် အကြောင်းတည်း။
၇ သေသောသူသည် အပြစ်တရား၏ လက်မှ
လွတ်လျက်ရှိ၏။
၈ ခရစ်တော်သည် သေခြင်းမှ ထမြောက်သော
အခါ သေခြင်းနှင့် အစဉ်ကင်းလွတ်တော်မူ၏။
၉ သေခြင်းတရားသည် နောက်တဖန် ကိုယ်တော်
ကို မအုပ်စိုးရသည်ကို ထောက်သော်၊ ငါတို့သည်
ခရစ်တော်နှင့် အတူသေလျှင်၊ ထိုသခင်နှင့်အတူ
ရှင်လိမ့်မည်ဟု သဘောရှိကြ၏။
၁၀ ခရစ်တော်သည် အသေခံတော်မူရာမှာ၊ အပြစ်

ဗတ္တိဇံ၏ ပုဒ်နက်သည် နှစ်ခြင်း ဖြစ်သည်။



၅၃ ထိုသူအပေါင်းတို့သည် မိမိတို့ အိမ်သို့ သွားကြ၏။

၈

၁ ယေရှုသည်လည်း သံလွင်တောင်သို့ကြွတော်မူ၏။
၂ နံနက်စောစော ဗိမာန်တော်သို့ တဖန် ကြွတော်
မူ၍ လူအပေါင်းတို့သည် အထံတော်သို့ လာကြ၏။
ထိုအခါ ထိုင်တော်မူ၍ ဆုံးမဩဝါဒပေးစဉ်တွင်၊
၃ မှားယွင်းခြင်းအမှုကို ပြုလျက်နေသော မိန်းမ
တယောက်ကို တွေ့လျှင်၊ ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲ
တို့သည် ခေါ်ခဲ့၍ အလယ်၌ ထားပြီးမှ၊
၄ အရှင်ဘုရား၊ ဤမိန်းမသည် မှားယွင်းခြင်း အမှု
ကို ပြုစဉ်တွင်ပင် တွေ့မိပါသည်။
၅ ထိုသို့သော မိန်းမကို ကျောက်ခဲနှင့် ပစ်ရမည်ဟု
မောရှေသည် အကျွန်ုပ်တို့အား ပညတ်တရား၌ စီရင်
ထုံးဖွဲ့ပါပြီ။ သို့ရာတွင် ကိုယ်တော်သည် အဘယ်သို့
မိန့်တော်မူမည်နည်းဟု လျှောက်ကြ၏။
၆ ထိုသို့ လျှောက်ကြသော်၊ ကိုယ်တော်၌ အပြစ်
တင်ခွင့် ရှိစေခြင်းငှါ စုံစမ်းနှောင့်ရှက်သောအားဖြင့်
လျှောက်ကြ၏။ ယေရှုသည် အောက်သို့ ငုံ့လျက်
လက်ညှိုးတော်နှင့် မြေ၌ရေးသား၍ နေတော်မူ၏။
၇ ထိုသူတို့သည် အထပ်ထပ် မေးလျှောက်ကြ
သောအခါ ကိုယ်ကို လှန်တော်မူ၍၊ သင်တို့တွင် အပြစ်
ကင်းသောသူသည် ရှေ့ဦးစွာ ကျောက်ခဲနှင့် ပစ်စေဟု
မိန့်တော်မူပြီးမှ၊
၈ တဖန် အောက်သို့ ငုံ့၍ မြေ၌ရေးသားတော်
မူပြန်၏။
၉ ထိုသူတို့သည် ကြားရလျှင် မိမိတို့စိတ်နှလုံးသည်
မိမိတို့အပြစ်ကို ဘော်ပြသဖြင့်၊ အသက်ကြီးသော
သူမှစ၍ အငယ်ဆုံးသော သူတိုင်အောင် တယောက်
နောက်တယောက် ထွက်သွားကြ၏။ ယေရှုသည်
တယောက်တည်း ကျန်ရစ်တော်မူ၍၊ မိန်းမသည်
အလယ်၌ ရပ်နေ၏။
၁၀ ထိုအခါ ယေရှုသည် ကိုယ်ကိုလှန်တော်မူပြန်၍၊
ထိုမိန်းမမှတပါး အဘယ်သူကိုမျှ မမြင်လျှင်၊ အချင်း
မိန်းမ၊ သင့်ကို အပြစ်တင်သောသူတို့သည် အဘယ်မှာ
ရှိကြသနည်း။ သင်၏ အမှုကို အဘယ်သူမျှ မစီရင်
လောဟု မေးတော်မူ၏။
၁၁ ထိုမိန်းမကလည်း၊ အဘယ်သူမျှ မစီရင်ပါ သခင်
ဟု လျှောက်၏။ ငါသည်လည်း သင်၏အမှုကို မစီရင်။
သွားလော့။ နောက်တဖန် ဒုစရိုက်ကို မပြုနှင့်ဟု
မိန့်တော်မူ၏။
၁၂ တဖန်တုံ ယေရှုက၊ ငါသည် ဤလောက၏
အလင်း ဖြစ်၏။ ငါ့နောက်သို့ လိုက်သော သူသည်
မှောင်မိုက်၌ မသွားမလာ၊ အသက်၏ အလင်းကို
ရလိမ့်မည်ဟု မိန့်တော်မူ၏။
၁၃ ဖာရိရှဲတို့ကလည်း။ သင်သည်ကိုယ်အကြောင်း
ကိုသက်သေခံ၏၊ သင်၏သက်သေ မတည်ဟုဆိုကြ၏။
၁၄ ယေရှု ကလည်း၊ ငါသည် ကိုယ်အကြောင်းကို
သက်သေ ခံသော်လည်း၊ ငါ့သက်သေ တည်၏။
အကြောင်းမူကား၊ ငါသည် အဘယ်အရပ်က
လာသည်ကိုဎင်း၊ အဘယ်အရပ်သို့ သွားသည်ကိုဎင်း
ငါသိ၏။ သင်တို့မူကား မသိကြ။
၁၅ သင်တို့သည် ဇာတိပကတိအတိုင်း စီရင်တတ်
ကြ၏။ ငါမူကား အဘယ်သူကိုမျှ မစီရင်။
၁၆ ငါသည် စီရင်သော်လည်း ငါ၏ စီရင်ခြင်းသည်
တည်၏။ အကြောင်းမူကား၊ ငါသည် တယောက်
တည်းနေသည် မဟုတ်။ ငါ့ကို စေလွှတ်တော်မူသော
ခမည်းတော်သည် ငါ့ဘက်၌ နေတော်မူ၏။
၁၇ သက်သေခံ နှစ်ဦးတို့၏ စကားသည် တည်ရ၏
ဟု သင်တို့ ပညတ္တိကျမ်းစာ၌လာ၏။
၁၈ ငါသည် ကိုယ်အကြောင်းကို သက်သေခံသော
သူဖြစ်၏။ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်
သည်လည်း ငါ့အကြောင်းကို သက်သေခံတော်မူ
သည်ဟု မိန့်တော်မူ၏။
၁၉ ထိုသူတို့ ကလည်း၊ သင်၏ ခမည်းတော်သည်
အဘယ်မှာ ရှိသနည်းဟု မေးကြ၏။ ယေရှုကလည်း၊
သင်တို့သည် ငါ့ကိုမသိကြ။ ငါ့ခမည်းတော်ကိုလည်း
မသိကြ။ ငါ့ကို သိလျှင် ငါ့ခမည်းတော်ကိုလည်း သိကြ
လိမ့်မည်ဟု မိန့်တော်မူ၏။
၂၀ ဗိမာန်တော်၌ ဆုံးမဩဝါဒ ပေးတော်မူစဉ် ဤ
စကားတော်ကို ဘဏ္ဍာတိုက်မှာ မိန့်မြွက်တော်မူ၏။
ကိုယ်တော်၏ အချိန် မစေ့မရောက်သေးသောကြောင့်
အဘယ်သူမျှ ကိုယ်တော်ကို မဘမ်းဆီးကြ။
၂၁ တဖန် ယေရှုက ငါသည် သွားရမည်။ သင်တို့
သည် ငါ့ကို ရှာကြလိမ့်မည်။ ကိုယ်အပြစ်၌လည်း
သေကြ လိမ့်မည်။ ငါသွားရာ အရပ်သို့ သင်တို့
မရောက်နိုင်ကြဟု မိန့်တော်မူ၏။
၂၂ ယုဒလူတို့ကလည်း၊ ငါသွားရာ အရပ်သို့ သင်တို့
မရောက်နိုင်ကြဟု သူသည် ဆိုသော်၊ ကိုယ်အသက်
ကို သတ်မည်လောဟု ဆိုကြ၏။
၂၃ ယေရှုကလည်း၊ သင်တို့သည် အောက်သားဖြစ်
ကြ၏။ငါမူကားအထက်သားဖြစ်၏။သင်တို့သည်လော
ကီသား ဖြစ်ကြ၏။ ငါမူကား လောကီသား မဟုတ်။

၂၄ ထိုကြောင့်သင်တို့သည် ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟု ငါဆို၏။ ငါသည် ဤမည်သောသူဖြစ်သည်ကို သင်တို့သည် မယုံလျှင်၊ ကိုယ်အပြစ်၌ သေကြလိမ့်မည်ဟု မိန့်တော်မူ၏။
၂၅ ထိုသူတို့ကလည်း၊ သင်သည် အဘယ်သူနည်းဟု မေးလျှင်၊ ယေရှုက၊ ငါသည် သင်တို့အား အစဉ်ပြောဆို သည်အတိုင်း ငါဖြစ်၏။
၂၆ သင်တို့အမှု၌ ငါပြောဆို စီရင်စရာ များစွာရှိ၏။ သို့သော်လည်း ငါ့ကိုစေလွှတ်တော်မူ သောသူသည် သစ္စာနှင့် ပြည့်စုံတော်မူ၏။ သူ၏အထံ တော်၌ ငါကြားသမျှကိုသာ ဤလောက၌ ငါဟောပြောသည်ဟု မိန့်တော်မူ၏။
၂၇ ခမည်းတော်ကို ရည်မှတ်၍ မိန့်တော်မူသည်ကို ထိုသူတို့သည် မရိပ်မိကြ။
၂၈ ထိုကြောင့် ယေရှုက၊ သင်တို့သည် လူသားကို မြှောက်ထားသောအခါ၊ ငါသည် ဤမည်သောသူဖြစ်သည်ကို၎င်း၊ ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အား နည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်ကို၎င်း၊ သင်တို့သည် သိကြလိမ့်မည်။
၂၉ ငါ့ကို စေလွှတ်တော်မူသော သူသည် ငါနှင့် အတူရှိတော်မူ၏။ ငါ့ကို တကိုယ်တည်း နေစေခြင်းငှါ ခမည်းတော်သည် စွန့်ပစ်တော်မမူ၊ အကြောင်းမူကား နှစ်သက်တော်မူသော အမှုကို အစဉ်မပြတ် ငါပြုသည်ဟု မိန့်တော်မူ၏။
၃၀ ထိုစကားတော်ကို မိန့်တော်မူစဉ်၊ လူများတို့သည် ယုံကြည်ခြင်းသို့ ရောက်ကြ၏။
၃၁ ထိုအခါ ယေရှုက၊ သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့်အမှန် ဖြစ်ကြ၏။
၃၂ သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်ဟု၊ ယုံကြည်သော ယုဒလူတို့အား မိန့်တော်မူ၏။
၃၃ ယုဒလူတို့ကလည်း၊ ငါတို့သည် အာဗြဟံအမျိုး ဖြစ်ကြ၏။ အဘယ်သူထံ၌ တရံတခါမျှ ကျွန်မခံကြ။ လွှတ်လိမ့်မည်ဟူ၍ သင်သည် အဘယ်သို့ ပြောဆိုသနည်းဟု မေးမြန်းကြ၏။ ယေရှုကလည်း၊ ငါအမှန် အကန်ဆိုသည်ကား၊
၃၄ ဒုစရိုက်ကို ပြုသမျှသောသူတို့သည် ဒုစရိုက်၏ ကျွန် ဖြစ်ကြ၏။
၃၅ ကျွန်သည်ကား အိမ်၌ အစဉ်အမြဲ နေသည် မဟုတ်။ သားမူကား အစဉ်အမြဲ နေ၏။
၃၆ ထိုကြောင့် သားသည် သင်တို့ကို လွှတ်လျှင်၊ သင်တို့သည် ကေန်အမှန် လွှတ်ကြလိမ့်မည်။
၃၇ သင်တို့သည် အာဗြဟံအမျိုး ဖြစ်ကြသည်ကို ငါသိ၏။ သို့သော်လည်း ငါ၏ဒေသနာသည် သင်တို့၌ တည်နေရာကို မရသောကြောင့် သင်တို့သည် ငါ့ကို သတ်အံ့သောငှါ ရှာကြံကြ၏။
၃၈ ငါသည် ငါ့ခမည်းတော်ထံ၌ မြင်ခဲ့ပြီးသည်အတိုင်း ဟောပြော၏။ သင်တို့သည် သင်တို့၏ အဘထံ၌ မြင်ခဲ့ပြီးသည်အတိုင်း ပြုကြ၏ဟု မိန့်တော်မူ၏။
၃၉ ထိုသူတို့ကလည်း၊ အာဗြဟံသည် ငါတို့ အဘ ဖြစ်၏ဟု ဆိုကြ၏။ ယေရှု ကလည်း၊ သင်တို့သည် အာဗြဟံ၏ သားမှန်လျှင် အာဗြဟံ၏ အကျင့်ကို ကျင့်ကြလိမ့်မည်။
၄၀ ဘုရားသခင့် အထံတော်၌ ကြားရသော သစ္စာတရားကို သင်တို့အား ဟောပြောသော သူတည်းဟူသော ငါ့ကိုသတ်အံ့သောငှါ သင်တို့သည်ယခု ရှာကြံကြ၏။ အာဗြဟံသည် ထိုနည်းတူကျင့်သည် မဟုတ်။
၄၁ သင်တို့သည် သင်တို့အဘ၏ အကျင့်ကို ကျင့်ကြ၏ဟု မိန့်တော်မူ၏။ ထိုသူတို့ကလည်း၊ ငါတို့သည် မျောက်မထားသော အမျိုး မဟုတ်။ ဘုရားသခင် တည်းဟူသော ငါတို့ အဘ တပါးတည်း ရှိတော်မူသည်ဟု ဆိုကြ၏။
၄၂ ယေရှုကလည်း၊ ဘုရားသခင်သည် သင်တို့အဘမှန်လျှင်၊ သင်တို့သည်ငါ့ကိုချစ်ကြလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ဘုရားသခင့်အထံတော်မှ ထွက်ကြွရောက်လာ၏။ ကိုယ်အလိုအလျောက် လာသည် မဟုတ်။ ဘုရားသခင်သည် ငါ့ကို စေလွှတ်တော်မူ၏။
၄၃ အဘယ်ကြောင့် ငါ့စကားကို နားမလည်ကြသနည်း။ ငါ၏ဒေသနာကို နားမခံ မယူနိုင်သောကြောင့်သာ သင်တို့သည် ငါ့စကားကို နားမလည်ကြ။
၄၄ သင်တို့သည် သင်တို့၏ အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူအသက်ကို သတ်သောသူဖြစ်၏။ သူ၌သစ္စာတရား မရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသာစကားကို ပြောသောအခါ မိမိပကတိအတိုင်း ပြော၏။ မုသာစကား၌ ကျင်လည်သောသူဖြစ်၏။ မုသာ၏အဘလည်းဖြစ်၏။
၄၅ ငါသည် သစ္စာစကားကို ပြောသောကြောင့် သင်တို့ မယုံကြ။
၄၆ ငါ၌ အပြစ်ရှိကြောင်းကို သင်တို့တွင် အဘယ်သူ



၁၆ ထိုကြောင့်၊ ဂတိတော်သည် ပညတ်တရားနှင့် ဆိုင်သော အမျိုးအနွယ်တို့၌ ပြည့်စုံသည်သာမက၊ အာဗြဟံ၏ ယုံကြည်ခြင်းတရားနှင့်ဆိုင်သောသူတို့၌ ပြည့်စုံလျက်၊ အာဗြဟံ၏ အမျိုးအနွယ်အပေါင်းတို့၌ ပြည့်စုံမည် အကြောင်း၊ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှါ၊ ယုံကြည်ခြင်းတရားကိုသာ အမှီပြု၍ ရောက်နိုင်၏။
၁၇ ငါသည်သင့်ကို လူမျိုးအများတို့၏အဘ ဖြစ်စေ၏ဟု ကျမ်းစာ၌ လာသည်နှင့်အညီ၊ ထိုအာဗြဟံသည်ကား၊ သေလွန်သောသူတို့ကို ရှင်စေတော်မူထသော၊ မဖြစ်သေးသော အရာတို့ကို ဖြစ်သောအရာကဲ့သို့ မှာထားတော်မူသော ဘုရားသခင် တည်းဟူသော၊ ကိုယ်တိုင် ယုံကြည်သော ဘုရားရှေ့တော်၌ ခပ်သိမ်းသော ငါတို့၏ အဘဖြစ်သတည်း။
၁၈ သင်၏ အမျိုးအနွယ်သည် ထိုသို့ ဖြစ်လိမ့်မည်ဟူသော ဗျာဒိတ်တော်အတိုင်း၊ မိမိသည် လူမျိုးအများတို့၏ အဘ ဖြစ်မည်ဟု မြော်လင့်စရာ အကြောင်း မရှိဘဲလျက် ယုံကြည်၍ မြော်လင့်လေ၏။
၁၉ ယုံကြည်အားကြီးသည်ဖြစ်၍ မိမိအသက်သည် အနှစ်တရာလောက် ရှိသဖြင့်၊ မိမိကိုယ်သည်အသေကဲ့သို့ရှိကြောင်းကို၎င်း၊ မိမိခင်ပွန်း စာရာ၏ ဝမ်းသည် သေကြောင်းကို၎င်း မအောက်မေ့၊
၂၀ ယုံမှားသောစိတ်နှင့် ကင်း၍ ဘုရားသခင်၏ ဂတိတော်ကို တွေးတောခြင်းမရှိ၊ ယုံကြည်အားကြီး သဖြင့် ဘုရားသခင်ကို ချီးမွမ်း၍၊
၂၁ ဂတိထားတော်မူသော သူသည် ဂတိတော် အတိုင်းတတ်နိုင်တော်မူသည်ကို စိတ်စွဲလမ်းလေ၏။
၂၂ ထိုကြောင့်၊ သူ၏ယုံကြည်ခြင်းကို သူ၏ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။
၂၃ ထိုသို့ မှတ်တော်မူသည်ဟု အာဗြဟံ အကျိုး အလို့ငှါသာ ကျမ်းစာ၌ ရေးထားသည် မဟုတ်။
၂၄ ငါတို့ အကျိုးအလို့ငှါ ရေးထားသတည်း။ ငါတို့ သခင် ယေရှုကို သေခြင်းမှ ထမြောက်စေတော်မူ သောသူကို ငါတို့သည် ယုံကြည်လျှင်၊ ထိုယုံကြည် ခြင်းကို ငါတို့၏ ဖြောင့်မတ်ခြင်းဟု မှတ်တော်မူလတံ့။
၂၅ ထိုသခင်ယေရှုသည် ငါတို့ အပြစ်ကြောင့် အပ်နှံခြင်းကို ခံတော်မူ၏။ ငါတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း ထမြောက်တော်မူ၏။

## ၅

၁ ထိုကြောင့်၊ ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ ရောက်လျှင်၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင့် ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။
၂ ထိုကျေးဇူးတော်ကို ခံစားရသည် အကြောင်းမှာ ယုံကြည်ခြင်းရှိ၍၊ ထိုသခင်အားဖြင့်သာ ခံစားသော အခွင့်ကို ရကြ၏။ သို့ဖြစ်၍ ဘုရားသခင်၏ ဘုန်းတော်ကို မြော်လင့်၍ ဝါကြွားဝမ်းမြောက်ခြင်း ရှိကြ၏။
၃ ထိုမျှမက၊ ဒုက္ခ ဆင်းရဲခြင်းကို ခံ၍ ဝါကြွား ဝမ်းမြောက်ခြင်း ရှိကြ၏။ အကြောင်းမူကား၊ ဒုက္ခ ဆင်းရဲခြင်းသည် သည်းခံခြင်းကို ပြုစုတတ်၏။
၄ သည်းခံခြင်းသည်လည်း သက်သေ ထင်ရှားခြင်း ကို ပြုစုတတ်၏။ သက်သေထင်ရှားခြင်းသည်လည်း မြော်လင့်ခြင်းကို ပြုစုတတ်၏။
၅ ထိုမြော်လင့်ခြင်းသည် ရှက်ကြောက်စရာ အကြောင်းနှင့် ကင်းလွတ်၏။ အဘယ်ကြောင့်နည်း ဟူမူကား၊ ငါတို့အား ပေးတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ မေတ္တာတော်ကို ငါတို့ စိတ်နှလုံးထဲသို့ ညွှန်းလောင်းတော်မူ၏။
၆ ငါတို့သည် အကျိုးနည်း ရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည် မတရားသော သူတို့အတွက်ကြောင့် အသေခံတော်မူ၏။
၇ ဖြောင့်မတ်သောသူ အတွက်ကြောင့် အသေခံ မည့်သူ ရှိခဲ၏။ သူတော်ကောင်း အတွက်ကြောင့် အသေခံဝံ့သောသူ ရှိကောင်းရှိလိမ့်မည် မှန်စေတော့။
၈ ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့ အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရား သခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော် မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။
၉ သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့် မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်နှုတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မြော်လင့်စရာရှိ၏။
၁၀ အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရား သခင်၏ သားတော် အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း ကျေးဇူးတော်ကို ခံရသည်မှန်လျှင်၊ မိဿဟာယဖွဲ့ပြီးမှ၊ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မြော်လင့်စရာရှိ၏။
၁၁ ထိုမျှမက၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် မိဿ ဟာယဖွဲ့ရာ ကျေးဇူးကို ယခုခံပြီးလျှင်၊ ထိုသခင် အားဖြင့် ဘုရားသခင်၌ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏။
၁၂ ဤအကြောင်းအရာဟူမူကား၊ အပြစ်တရား သည် တယောက်သောသူအားဖြင့် ဤလောကသို့ဝင်

၂၅ ဘုရားသခင်သည် သည်းခံတော်မူ၍၊
၂၆ လွန်ခဲ့ပြီးသော ဒုစရိုက်အပြစ်များကို မှတ်တော်
မမူရာတွင်၊ ဖြောင့်မတ်ခြင်း တရားတော်ကို ထင်ရှား
စေခြင်းငှါရင်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်း တရား
တော်ကို ထင်ရှားစေ၍၊ ယေရှုကို ယုံကြည်သောသူတို့
၏ အပြစ်ကို လွှတ်တော်မူသော်လည်း၊ တရားသဖြင့်
ပြုတော်မူခြင်းငှါရင်း၊ ယေရှုခရစ်၏ အသွေးတော်ကို
ယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကို အပြစ်ဖြေ
စရာအကြောင်း ဖြစ်စေခြင်းငှါ ခန့်ထားတော်မူပြီ။
၂၇ သို့ဖြစ်လျှင် ဝါကြွားစရာအကြောင်းကား အ
ဘယ်သို့နည်းဟု မေးသော်၊ ဝါကြွားစရာအကြောင်း
ကို ပယ်ပြီ။ အဘယ်တရားအားဖြင့် ပယ်သနည်း။
အကျင့်တရားအားဖြင့် ပယ်သလော။ အကျင့်တရား
အားဖြင့် ပယ်သည်မဟုတ်။ ယုံကြည်ခြင်း တရားအား
ဖြင့် ပယ်ပြီ။
၂၈ ထိုကြောင့် လူမည်သည်ကား၊ ပညတ်တရား၏
အကျင့်မရှိဘဲ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့
ရောက်တတ်သည်ဟု ယူရ၏။
၂၉ ဘုရားသခင်သည် ယုဒလူတို့၏ ဘုရားသာ
ဖြစ်တော်မူသလော။ တပါးအမျိုးသားတို့၏ ဘုရား
ဖြစ်တော်မူသည် မဟုတ်လော။  ဟုတ်ပေ၏။ တပါး
အမျိုးသားတို့၏ ဘုရားလည်း ဖြစ်တော်မူ၏။
၃၀ အကြောင်းမူကား၊ အရေဖျားလှီးခြင်းကို ခံသော
သူနှင့် မခံသောသူ နှစ်ဦးကို ယုံကြည်ခြင်းအားဖြင့်
ဖြောင့်မတ်ရာ၌ တည်စေတော်မူသော ဘုရားသခင်
တဆူတည်း ရှိတော်မူ၏။
၃၁ သို့ဖြစ်လျှင်၊ ယုံကြည်ခြင်းအားဖြင့် ငါတို့သည်
ပညတ်တရားကို ပယ်ကြသလော။ အလျှင်း မပယ်၊
သာ၍ တည်စေကြ၏။

## ၄

၁ ထိုသို့ဖြစ်လျှင်၊ ငါတို့အဘ အာဗြဟံသည် ဇာတိ
ပကတိအားဖြင့် အဘယ်အကျိုးကို ရသနည်း။
၂ အာဗြဟံသည် အကျင့်အားဖြင့် ဖြောင့်မတ်ရာ
သို့ရောက်သည်မှန်လျှင် ဝါကြွားစရာအကြောင်း ရှိ၏။
ဘုရားသခင့် ရှေ့တော်၌ ထိုသို့မဟုတ်။
၃ ကျမ်းစာ၌ အဘယ်သို့ လာသနည်း။ အာဗြဟံ
သည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ်၍၊ သူ၏
ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။
၄ အကျင့်ရှိသော သူမည်သည်ကား၊ ကျေးဇူးအား
ဖြင့် အကျိုးကို ခံရသည်မဟုတ်။ ခံထိုက်သောအားဖြင့်
ခံရ၏။
၅ အကျင့်မရှိသောသူ မည်သည်ကား၊ မတရား
သောသူ၏ အပြစ်ကို ဖြေသောသူကို ယုံကြည်လျှင်၊
သူ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်
လျက်ရှိ၏။
၆ ထိုအတူ၊ ဘုရားသခင်သည် အကျင့်ကို မ
ထောက်ဘဲလျက် ပေးတော်မူသော ဖြောင့်မတ်ခြင်းကို
ရသောသူ၏ မင်္ဂလာကို ဒါဝိဒ်သည် ရည်မှတ်၍
ဆိုသည်ကား၊
၇ အပြစ်မှလွှတ်ခြင်း၊ ဒုစရိုက်အပြစ်ကို ဖုံးအုပ်ခြင်း
သို့ ရောက်သောသူတို့သည် မင်္ဂလာရှိကြ၏။
၈ ထာဝရဘုရား အပြစ်တင်တော်မူခြင်းနှင့် လွတ်
သောသူသည် မင်္ဂလာရှိ၏ဟု ပြောဆိုသတည်း။
၉ အရေဖျားလှီးခြင်းကို ခံသောသူတို့သာလျှင် ထို
မင်္ဂလာကို ရကြသလော။ သို့မဟုတ် အရေဖျားလှီးခြင်း
ကို မခံသောလူတို့သည်လည်း ရကြသလော။ အဘယ်
ကြောင့်မေးသနည်းဟူမူကား၊ ယုံကြည်ခြင်းကို အာဗြ
ဟံ၌ ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်သည်ဟု ဆိုကြ၏။
၁၀ ထိုသို့ဆိုသော် အဘယ်သို့ မှတ်သနည်း။ အရေ
ဖျားလှီးခြင်းကို ခံပြီးမှ မှတ်သလော။ မခံမီ မှတ်သ
လော။ ခံပြီးမှ မှတ်သည် မဟုတ်။ မခံမီ မှတ်သတည်း။
၁၁ အရေဖျား လှီးခြင်းကို မခံဘဲ ယုံကြည်သော
သူတို့သည် ဖြောင့်မတ်ခြင်း ရှိသည်ဟု မှတ်စရာ အ
ကြောင်းရှိစေခြင်းငှါ၊
၁၂ ငါတို့ အဘ အာဗြဟံသည် ထိုသူအပေါင်းတို့၏
အဘဖြစ်အံ့ သောငှါရင်း၊ အရေဖျားလှီးခြင်းကို ခံသည်
သာမက၊ ငါတို့အဘ အာဗြဟံသည် အရေဖျားလှီး
ခြင်းကို မခံမီရှိသော ယုံကြည်ခြင်းလမ်းသို့ လိုက်သော
သူတို့၏ အဘဖြစ်အံ့သောငှါရင်း၊ အာဗြဟံသည်
အရေဖျားလှီးခြင်းကို မခံမီရှိသော ယုံကြည်ခြင်း၏
ဖြောင့်မတ်ခြင်း တံဆိပ်တည်းဟူသော အရေဖျားလှီး
ခြင်း၏ လက္ခဏာကို ခံရသတည်း။
၁၃ ထိုမှတပါး၊ ဤလောကကို အမွေခံစေမည်ဟု
ဂတိတော်ကို အာဗြဟံမှစသောသူ၏ အမျိုးအနွယ်
တို့သည် ပညတ်တရားအားဖြင့် ရကြသည် မဟုတ်။
ယုံကြည်ခြင်း၏ ဖြောင့်မတ်ခြင်းအားဖြင့် ရကြ၏။
၁၄ အကြောင်းမူကား၊ ပညတ်တရားနှင့် ဆိုင်သော
သူတို့သည် အမွေခံဖြစ်သည်မှန်လျှင်၊ ယုံကြည်ခြင်း
တရားကို ပယ်ပြီ။ ဂတိတော်လည်း အချည်းနှီးဖြစ်၏။
၁၅ ပညတ်တရားသည်ကား အမျက် ဒေါသနှင့်
စပ်ဆိုင်၏။ ပညတ်တရား မရှိလျှင်၊ လွန်ကျူးခြင်း
အပြစ်မရှိ။



တော်ပြသနည်း။ သစ္စာစကားကို ငါပြောသည်မှန်လျှင်
အဘယ်ကြောင့် သင်တို့ မယုံကြသနည်း။
၄၇ ဘုရားသခင်နှင့် စပ်ဆိုင်သောသူသည် ဘုရား
သခင်၏ စကားတော်ကို နားထောင်တတ်၏။
သင်တို့သည် ဘုရားသခင်နှင့် မစပ်ဆိုင်သောကြောင့်
နားမထောင်ကြဟု မိန့်တော်မူ၏။
၄၈ ယုဒလူတို့ကလည်း၊ သင်သည် ရှမာရိလူဖြစ်၏။
နတ် ဆိုးစွဲသောသူလည်း ဖြစ်၏ဟုငါတို့ ပြောသော
စကားသည် လျောက်ပတ်သည် မဟုတ်လောဟု
ဆိုကြ၏။
၄၉ ယေရှု ကလည်း၊ ငါသည် နတ်ဆိုး စွဲသောသူ
မဟုတ်။ ငါ့ခမည်းတော်ကို ချီးမြှောက်၏။ သင်တို့သည်
ငါ့ကို ရှုတ်ချကြ၏။
၅၀ ငါသည် ကိုယ်ဘုန်းအသရေကို မရှာ။ ငါ၏
ဘုန်းအသရေကို ရှာ၍ စီရင်တော်မူသောသူ ရှိသေး၏။
၅၁ ငါ အမှန်အကန် ဆိုသည်ကား၊ ငါ့ စကားကို
နားထောင်သောသူသည် သေခြင်းနှင့် အစဉ်မပြတ်
ကင်းလွတ်လိမ့်မည်ဟု မိန့်တော်မူ၏။
၅၂ ယုဒလူတို့ကလည်း၊ သင်၌ နတ်ဆိုးစွဲသည်ကို
ယခု ငါတို့သိကြ၏။ အာဗြဟံ မှစ၍ပရောဖက်တို့သည်
သေလွန်ကြပြီ။ သင်မူကား၊ ငါ့စကားကို နားထောင်
သောသူသည် သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်
လိမ့်မည်ဟု ဆိုပါသည်တကား။
၅၃ ငါတို့အဘ အာဗြဟံထက် သင်သည် သာ၍
ကြီးမြတ်သလော။ သူသည်သေပြီ။ ပရောဖက်တို့
လည်း သေကြပြီ။ သင်သည် အဘယ်သို့သော သူ၏
အရောင်ကို ဆောင်သနည်းဟု ဆိုကြ၏။
၅၄ ယေရှုကလည်း၊ ငါသည် ကိုယ်ဂုဏ်ကို ပြလျှင်၊
ငါ့ဂုဏ်သည် အချည်းနှီးဖြစ်၏။ ငါ့ခမည်းတော်သည်
ငါ့ဂုဏ်ကို ထင်ရှားစေတော်မူ၏။ ထိုဘုရားသခင်သည်
ငါတို့၏ ဘုရားဟူ၍ သင်တို့ ခေါ်ဝေါ်တတ်ကြ၏။
၅၅ သို့သော်လည်း ထိုဘုရားသခင်ကို သင်တို့
မသိကြ။ ငါမူကား သိ၏။ ငါမသိဟု ငါဆိုလျှင် သင်တို့ကဲ့
သို့ မုသာသုံးသောသူ ဖြစ်လိမ့်မည်။ ထိုဘုရားသခင်
ကို ငါသိ၏။ ဘုရားသခင်၏ စကားတော်ကိုလည်း
နားထောင်၏။
၅၆ သင်တို့ အဘ အာဗြဟံသည် ငါကြွလာမည့်
အချိန်ကာလကို မြော်မြင်ခြင်းငှါ အလွန် အလိုရှိ၏။
မြင်ရသောအခါ ဝမ်းမြောက်ခြင်းသို့ ရောက်သည်ဟု
မိန့်တော်မူ၏။
၅၇ ယုဒလူတို့ကလည်း၊ သင်၏ အသက်သည် အနှစ်
ငါးဆယ်မျှ မရှိဘဲလျက် သင်သည် အာဗြဟံကို မြင်လေ
ပြီတကားဟု ဆိုကြ၏။
၅၈ ယေရှုကလည်း၊ ငါအမှန်အကန် ဆိုသည်ကား၊
အာဗြဟံ မဖြစ်မီ ငါဖြစ်၏ဟု မိန့်တော်မူ၏။
၅၉ ထိုအခါ ကိုယ်တော်ကို ခဲနှင့်ပစ်ခြင်းငှါ ကျောက်ခဲ
တို့ကို ကောက်ယူကြ၏။ ယေရှုသည် တိမ်းရှောင်၍
ထိုသူတို့ အလယ်၌ ရှောက်သွားပြီးလျှင် ဗိမာန်တော်မှ
ထွက်ကြွတော်မူ၏။

## ၉

၁ လမ်း၌ သွားတော်မူစဉ်၊ အမိ ဝမ်းတွင်းကပင်
မျက်စိကန်းသော သူတယောက်ကို တွေ့မြင်တော်မူ၏။
၂ တပည့်တော်တို့က၊ အရှင်ဘုရား၊ ဤသူသည်
အဘယ်သူ၏ အပြစ်ကြောင့် မျက်စိကန်းသနည်း။
ကိုယ်အပြစ်ကြောင့် ကန်းသလော။ မိဘအပြစ်ကြောင့်
ကန်းသလောဟု မေးလျှောက်ကြ၏။
၃ ယေရှုကလည်း၊ ကိုယ်အပြစ် ကြောင့်မဟုတ်။
မိဘအပြစ်ကြောင့်လည်း မဟုတ်။ ဘုရားသခင်၏
အမှုတော်ကို သူ၌ ထင်ရှားစေမည် အကြောင်းတည်း၊
၄ ငါ့ကို စေလွှတ်တော်မူသော သူ၏ အမှုကို
နေ့အချိန်ရှိစဉ်တွင် ငါပြုရမည်။ အဘယ်သူမျှ အမှု
မပြုနိုင်သော အချိန်တည်းဟူသော ညဉ့်အချိန်လာ
သေး၏။
၅ ငါသည် ဤလောက၌ ရှိစဉ်တွင် ဤလောက၏
အလင်းဖြစ်၏ဟု မိန့်တော်မူပြီးလျှင်၊
၆ မြေပေါ်မှာ ထွေး၍ တံထွေးနှင့် ရွှံ့လုပ်ပြီးမှ
ကန်းသောသူ၏ မျက်စိကို ရွှံ့နှင့် လူး၍၊
၇ သင်သွားလော့။ ရှိလောင်ရေကန်၌ မျက်စိကို
ဆေးလော့ဟု မိန့်တော်မူ၏။ ရှိလောင် အနက်ကား
စေလွှတ်သည်ဟု ဆိုလိုသတည်း။ ထိုသူသည် သွား၍
ဆေးပြီးမှ၊ မျက်စိမြင်လျက် ပြန်လေ၏။
၈ သူသည် သူတောင်းစားဖြစ်သည်ကို အိမ်နီးချင်း
မှစ၍ မြင်ဘူးသောသူတို့က၊ ဤသူသည် ထိုင်၍
တောင်းသောသူ ဖြစ်သည်မဟုတ်လောဟု ဆိုကြ၏။
၉ လူအချို့က၊ ဟုတ်ကဲ့ဟု ဆိုကြ၏။ အချို့ကလည်း၊
ထိုသူနှင့် တူသည်ဟု ဆိုကြ၏။ ထိုသူကလည်း၊
အကျွန်ုပ်သည် ထိုသူပင်ဖြစ်သည် ဟုဆို၏။
၁၀ သူတို့ကလည်း၊ အဘယ်သို့ သင်၏မျက်စိ ပွင့်
သနည်းဟု မေးမြန်းကြလျှင်၊
၁၁ ထိုသူက၊ ယေရှုအမည်ရှိသောသူ တယောက်
သည် ရွှံ့လုပ်၍ အကျွန်ုပ်မျက်စိကိုလူးပြီးမှ၊ ရှိလောင်
ရေကန်သို့ သွား၍ မျက်စိကို ဆေးလော့ဟုဆိုသည်

အတိုင်း အကျွန်ုပ်သွား၍ဆေးလျှင် မျက်စိမြင်သည်ဟု
ဆို၏။
၁၂ လူများကလည်း ထိုသူသည် အဘယ်မှာ ရှိသ
နည်းဟု မေးမြန်းကြလျှင်၊ အကျွန်ုပ် မသိဟုဆို၏။
၁၃ လူများသည်လည်း မျက်စိကန်းဘူးသောထို
သူကို ဖာရိရှဲတို့ထံသို့ ပို့ကြ၏။
၁၄ ယေရှုသည် ရွှံ့လုပ်၍ သူ၏မျက်စိကို ဖွင့်တော်
မူသောနေ့သည် ဥပုသ်နေ့ ဖြစ်သတည်း။
၁၅ တဖန် ဖာရိရှဲတို့က အဘယ်သို့သင်၏မျက်စိမြင်
သနည်းဟုမေးပြန်လျှင်အကျွန်ုပ်မျက်စိ၌ သူသည် ရွှံ့ကို
ထည့်၍အကျွန်ုပ်ဆေးလျှင် မျက်စိမြင်သည်ဟုဆို၏။
၁၆ ဖာရိရှဲ အချို့တို့က၊ ထိုသူသည် ဥပုသ် မစောင့်။
ဘုရားသခင် စေလွှတ်တော်မူသော သူမဟုတ်ဟု
ဆိုကြ၏။ အချို့တို့က၊ ဆိုးသောသူသည် ဤသို့သော
နိမိတ်လက္ခဏာတို့ကို အဘယ်သို့ ပြနိုင်သနည်းဟု
ဆိုကြ၏။ ထိုသို့ အချင်းချင်း မသင့်ကွဲပြားခြင်းသို့
ရောက်ကြ၏။
၁၇ တဖန် မျက်စိကန်းဘူးသော သူအား၊ သင်၏
မျက်စိကို ဖွင့်သောသူသည် အဘယ်သို့သောသူ ဖြစ်သ
နည်းဟု မေးကြလျှင်၊ ပရောဖက်ဖြစ်သည်ဟုဆို၏။
၁၈ ထိုသူသည် အထက်က မျက်စိမမြင်၊ နောက်မှ
မျက်စိမြင်သည်ကို ယုဒလူတို့သည် မယုံကြသဖြင့်
သူ၏ မိဘကို ခေါ်၍၊
၁၉ ဤသူသည် သင်တို့ ဆိုသည်အတိုင်း အမိ
ဝမ်းတွင်းကပင် မျက်စိကန်းသော သင်တို့၏ သား
မှန်သလော။ သို့မှန်လျှင် အဘယ်သို့ ယခု မျက်စိမြင်
သနည်းဟု မေးကြ၏။
၂၀ မိဘတို့ကလည်း၊ ဤသူသည် အကျွန်ုပ်တို့၏
သား မှန်သည်ကိုင်း၊ အမိ ဝမ်းတွင်းကပင် မျက်စိကန်း
သည်ကိုင်း အကျွန်ုပ်တို့ သိကြပါ၏။
၂၁ အဘယ်ကြောင့် ယခု မျက်စိမြင်သည်ကိုင်း၊
အဘယ်သူသည် သူ၏မျက်စိကို ဖွင့်သည်ကိုင်း၊
အကျွန်ုပ်တို့ မသိကြပါ။ သူသည် အသက်အရွယ်နှင့်
ပြည့်စုံပါ၏။ သူ့ကို မေးကြပါလော့။ သူသည် ကိုယ်
အကြောင်းကို ကိုယ်တိုင် ပြောပါလိမ့်မည်ဟု ပြန်ပြော
ကြ၏။
၂၂ ဤသို့ ပြောသည် အကြောင်းကား၊ ယေရှုသည်
ခရစ်တော် ဖြစ်သည်ဟု ဝန်ခံသောသူမည်သည်ကို
တရားစရပ်မှ နှင်ထုတ်ရမည်ဟု ယုဒလူတို့သည်
တိုင်ပင်စီရင်နှင့်ကြပြီ။
၂၃ ထိုကြောင့် မိဘတို့က၊ သူသည် အသက်အရွယ်
နှင့်ပြည့်စုံပါ၏။ သူ့ကို မေးကြပါလော့ဟု ယုဒလူတို့ကို
ကြောက်၍ ပြောကြ၏။
၂၄ ထိုကြောင့်၊ မျက်စိကန်းဘူးသောသူကို ဒုတိယ
အကြိမ်ခေါ်၍ ဘုရားသခင်ကို ချီးမွမ်းလော့။ ထိုသူသည်
လူဆိုးဖြစ်ကြောင်းကို ငါတို့သိ၏ဟု ဆိုကြလျှင်၊
၂၅ လူဆိုးဖြစ်သည် မဖြစ်သည်ကို အကျွန်ုပ် မသိ။
အကျွန်ုပ်သည် အထက်က မျက်စိကန်း၍ ယခု မျက်စိ
မြင်သည်အကြောင်း တခုကို အကျွန်ုပ် သိသည်
ဟုဆို၏။
၂၆ တဖန် ထိုသူတို့က၊ သူသည် သင်၌ အဘယ်သို့
ပြုသနည်း။ သင်၏ မျက်စိကို အဘယ်သို့ ဖွင့်သနည်း
ဟု မေးကြလျှင်၊ အကျွန်ုပ်တခါ ပြောပြီ၊ သင်တို့နား
မကြားကြ။
၂၇ အဘယ်ကြောင့် တဖန် ကြားချင်သနည်း။ သူ့
တပည့် ဖြစ်ချင်သလောဟု ဆို၏။
၂၈ ထိုသူတို့ကလည်း၊ သင်သည် သူ့တပည့်ဖြစ်၏။
ငါတို့မူကား မောရှေ၏ တပည့် ဖြစ်ကြ၏။
၂၉ ဘုရားသခင်သည် မောရှေ၌ ဗျာဒိတ်ထားတော်
မူကြောင်းကို ငါတို့သိကြ၏။ ထိုသူသည် အဘယ်က
ဖြစ်သည်ကို မသိဟု ကဲ့ရဲ့၍ ပြောဆိုကြလျှင်၊
၃၀ သူသည် အကျွန်ုပ် မျက်စိကို ဖွင့်သော်လည်း
အဘယ်က ဖြစ်သည်ဟု သင်တို့ မသိကြသည်ကို
အံ့ဩဘွယ်ရှိ၏။
၃၁ ဘုရားသခင်သည် လူဆိုးတို့ စကားကို နား
ထောင်တော် မမူသည်ကို ငါတို့သိကြ၏။ ဘုရားသခင်
ကို ရိုသေလေးမြတ်၍ အလိုတော်သို့ လိုက်သောသူ
ဖြစ်လျှင် ထိုသူ၏ စကားကို နားထောင်တော်မူ၏။
၃၂ အမိ ဝမ်းတွင်းကပင် မျက်စိကန်းသော သူကို
မျက်စိမြင်စေခြင်းငှါ တတ်နိုင်သည်ကို ကမ္ဘာဦးမှစ၍
မကြားစဖူး။
၃၃ ထိုသူသည် ဘုရားသခင် စေလွှတ်တော်မူသော
သူ မဟုတ်လျှင် အဘယ် အမှုကိုမျှ မတတ်နိုင်ဟု
ပြောဆို၏။
၃၄ ထိုသူတို့ ကလည်း၊ သင်သည် မွေးစကပင်
တကိုယ်လုံး၌ ဒုစရိုက်အပြစ်စွဲသောသူ ဖြစ်လျက်နှင့်
ငါတို့ကို ဆုံးမပါသည်တကားဟု ပြောဆိုကြပြီးလျှင်၊
ထိုသူကို တရားစရပ်မှ နှင်ထုတ်ကြ၏။
၃၅ နှင်ထုတ်သည်အကြောင်းကို ယေရှုသည်ကြား
ပြီးမှ ထိုသူကို တွေ့တော်မူလျှင်၊ သင်သည် ဘုရားသခင်
၏သားတော်ကို ယုံကြည်သလောဟု မေးတော်မူ၏။
၃၆ သခင်၊ အကျွန်ုပ် ယုံကြည်ရမည်အကြောင်း



လှီးခြင်းကို ခံသောသူ၏ အချီးအမွမ်းသည် လူအလိုနှင့်
မဆိုင်၊ ဘုရားသခင့်အလိုတော်နှင့် ဆိုင်သတည်း။

## ၃

၁ ထိုသို့ဖြစ်လျှင်၊ ယုဒလူသည် အဘယ်သို့ သာ
သနည်း။ အရေဖျားလှီးခြင်းအားဖြင့် အဘယ် အကျိုး
ရှိသနည်း။
၂ အထွေထွေသောအကျိုးများစွာရှိ၏ ထူးမြတ်
သောအကျိုးဟူမူကား၊ အရေဖျားလှီးခြင်းကိုခံသော
ယုဒလူတို့သည် ဘုရားသခင်၏ ဗျာဒိတ်တော်များကို
ခံရကြ၏။
၃ သူတို့တွင် အချို့ မယုံသော်လည်း။ အဘယ်ဆို
ဘွယ်ရှိ သနည်း။ သူတို့ မယုံဘဲ နေခြင်းအရာသည်
ဘုရားသခင်၏ သစ္စာတော်ကို ဖျက်နိုင်သလော။
၄ မဖျက်နိုင်ရာ။ သို့ဖြစ်၍ မိန့်တော်မူချက်သည်
ဖြောင့်ပါ၏။ တရားစီရင်သောအခါ အောင်မြင်တော်
မူ၏ဟု ကျမ်းစာ၌ လာသည်နှင့်အညီ၊ လူခပ်သိမ်း
တို့သည် သစ္စာ ပျက်သော်လည်း၊ ဘုရားသခင်၏
သစ္စာတော်သည် တည်စေသတည်း။
၅ ငါတို့၏ မတရားသော အမှုသည် ဘုရားသခင်၏
ဖြောင့်မတ်ခြင်း တရားတော်ကို ထင်ရှားစေလျှင်၊
အဘယ်သို့ဆိုရ သနည်း။ ဘုရားသခင်သည် ဒဏ် ပေး
တော်မူလျှင်၊ မတရားသောအမှုကို ပြုတော်မူသ
လော။ ထိုသို့ဆိုသော် လူသဘောအတိုင်း ငါဆို
သတည်း။
၆ ထိုသို့ မဟုတ်ရာ။ ဟုတ်လျှင် လောကသားတို့
ကို အဘယ်သို့ စစ်ကြောစီရင်တော်မူမည်နည်း။
၇ ထိုမှတပါး ငါသည် သစ္စာပျက်သောအားဖြင့်
ဘုရားသခင်၏ သစ္စာတော်သည် ဂုဏ်အသရေတော်
ကို တိုးပွါးစေလျှင်၊ ငါ့ကို အပြစ်ရှိသော သူကဲ့သို့
အဘယ်ကြောင့် စီရင်သေးသနည်း ဟူ၍ မေးပြန်လျှင်၊
၈ ကောင်းသောအကျိုးရှိစေခြင်းငှါ မကောင်းသော
အကျင့်ကို ကျင့်ကြကုန်အံ့ဟု လူအချို့တို့သည် ငါတို့ကို
ကဲ့ရဲ့လျက်၊ ငါတို့စကားကို ပြန်ပြောသည်အတိုင်း ဆိုဦး
မည်လော။ ထိုသို့ဆိုသော သူတို့သည် ကိုယ်အပြစ်
ဒဏ်ကို ခံထိုက်ကြ၏။
၉ ထိုသို့ဖြစ်လျှင် အဘယ်သို့နည်း။ ငါတို့သည် မြတ်
သလောဟု မေးပြန်သော်၊ အလျှင်းမမြတ်။ အကြောင်း
မူကား၊ ယုဒလူ၊ ဟေလသလူ အပေါင်းတို့သည် အပြစ်ရှိ
ကြောင်းကို အထက်ကပြခဲ့ပြီ။
၁၀ ကျမ်းစာလာသည်ကား၊ ဖြောင့်မတ်သောသူ မရှိ၊
တယောက်မျှ မရှိ။
၁၁ နားလည်သောသူ မရှိ။ ဘုရားသခင်ကို ရှာသော
သူ မရှိ၊
၁၂ လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီ
တညွတ်တည်း အသုံးမရသောသူ ဖြစ်ကြပြီ။ ကောင်း
သောအကျင့်ကို ကျင့်သောသူ မရှိ၊ တယောက်မျှမရှိ။
၁၃ သူတို့၏ လည်ချောင်းသည် ဖွင့်ထားသော
သင်္ချိုင်းတွင်းဖြစ်၏။ သူတို့သည် လျှာနှင့် လှည့်စား
တတ်ကြ၏။ သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ်
အတောက်ရှိ၏။
၁၄ သူတို့နှုတ်သည် ကျိန်ဆဲသောစကား၊ ကြမ်းတမ်း
သောစကားနှင့် ပြည့်ဝ၏။
၁၅ သူတို့ ခြေသည် လူအသက်ကို သတ်ခြင်းငှါ
လျင်မြန်၏။
၁၆ သူတို့ သွားရာလမ်း၌ ပျက်စီးခြင်း၊ ဒုက္ခဆင်းရဲ
ခြင်းရှိ၏။
၁၇ ချမ်းသာလမ်းကို သူတို့မသိကြ။
၁၈ ဘုရားသခင်ကို ကြောက်ရွံ့ရသောအကြောင်း
သည် သူတို့မျက်စိ၌ မထင်ဟု ကျမ်းစာလာသတည်း။
၁၉ ပညတ်တရား၌ ပါသမျှသော စကားတို့သည်
ပညတ်တရားကို ခံသော သူတို့နှင့် စပ်ဆိုင်သည်ကို
ငါတို့ သိကြ၏။ ထိုသို့ဖြစ်၍၊ လောကီသားအပေါင်း
တို့သည် စကားတခွန်းကိုမျှ မပြောနိုင်ဘဲ ဘုရားသခင့်
ရှေ့တော်၌ အပြစ်သင့်သောသူ ဖြစ်ကြ၏။
၂၀ ထိုသို့ ပညတ်တရားသည် ဒုစရိုက်အပြစ်ကို
ထင်ရှားစေသည် ဖြစ်သောကြောင့်၊ ပညတ်တရား၏
အကျင့်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အဘယ်သူမျှ
ဖြောင့်မတ်ရာသို့ မရောက်ရာ။
၂၁ ယခုမူကား၊ ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့
သည် သက်သေခံသည်နှင့်အညီ၊ ပညတ်တရားနှင့်
မစပ်ဆိုင်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရား
တည်းဟူသော၊
၂၂ ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့်၊ ယုံကြည်
သောသူအပေါင်းတို့ အဘို့ဖြစ်၍၊ ထိုသူအပေါင်းတို့အ
ပေါ်သို့ ရောက်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်း
တရားသည် ထင်ရှားခဲ့ပြီ။ ခြားနားခြင်း အလျှင်းမရှိ။
၂၃ အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့
သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့် ရှေ့တော်၌အသရေ
ပျက်ကြပြီ။
၂၄ ယေရှုခရစ် ရွေးနှုတ်တော်မူသောအားဖြင့် အဘိုး
ကို မပေးဘဲ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်
ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။

မိမိတို့ အကျင့်နှင့်အလျောက် အကျိုးအပြစ်ကို ဆပ်ပေးတော်မူလတံ့။

၇ ကောင်းသောအကျင့်ကို အမြဲကျင့်၍၊ ဘုန်းအသရေကိုဎင်း၊ မဖောက်ပြန်သော ဇာတိကိုဎင်း၊ ရှာသောသူတို့အား ထာဝရအသက်ကို ပေးတော်မူလတံ့။

၈ ငြင်းဆန်သော သဘောရှိ၍၊ သမ္မာတရားကို နားမထောင်ဘဲ မတရားသဖြင့် ကျင့်သောသူတို့ကိုကား၊ ပြင်းစွာသော ဒေါသအမျက် ထွက်တော်မူလတံ့၊

၉ ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ဆိုးညစ်သော အမှုကို ပြုသောသူ ရှိသမျှတို့သည် ကြီးစွာသော ဆင်းရဲဒုက္ခဝေဒနာကို ခံရကြလတံ့။

၁၀ ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊ ကောင်းသော အကျင့်ကို ကျင့်သောသူ ရှိသမျှတို့သည် ဘုန်းအသရေချမ်းသာကို ခံစားရကြလတံ့၊

၁၁ ဘုရားသခင်သည် အဘယ်သူ၏ မျက်နှာကိုမျှ မှတ်တော်မမူ။

၁၂ ပညတ်တရားကို မသိဘဲ ပြစ်မှားသော သူတို့သည် ပညတ်တရားမဲ့ ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ ပညတ်တရားကို သိလျက်ပင် ပြစ်မှားသောသူတို့သည် ပညတ်တရား၏ စီရင်ခြင်းကို ခံရကြလိမ့်မည်။

၁၃ အကြောင်းမူကား၊ တရားနာသော သူသည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သည် မဟုတ်။ တရားကို ကျင့်သော သူသာလျှင် ဖြောင့်မတ်ရာသို့ ရောက်လိမ့်မည်။

၁၄ သာသနာပ လူတို့သည် ပညတ်တရားတော်ကို မသိဘဲ၊ ကိုယ်အလိုအလျောက် တရားတော်ကို ကျင့်သောအခါ၊ သူတို့သည် ပညတ်တရားတော်ကို မသိဘဲ၊ ကိုယ်ကျင့်တရားကို အမှီပြုသဖြင့်ဎင်း၊

၁၅ ကိုယ်ကိုကိုယ် သိသော စိတ်နှလုံးသည် သက်သေခံသဖြင့်ဎင်း၊ အချင်းချင်း ဆွေးနွေး ဆင်ခြင်၍ အပြစ်တင်လျက်၊ လွတ်လျက် နေသဖြင့်ဎင်း၊ မိမိတို့ စိတ်နှလုံးထဲ၌ မှတ်သားသော တရား၏ အကျိုးကို ထင်ရှားစွာပြကြ၏။

၁၆ ငါဟောပြောသော ဧဝံဂေလိ တရားအတိုင်း၊ ဘုရားသခင်သည် ယေရှုခရစ် အားဖြင့် လူတို့၏ မထင်ရှားသော အမှုအရာတို့ကို စစ်ကြောစီရင်တော်မူသောနေ့၌ ထိုသို့ စီရင်တော်မူလတံ့။

၁၇ သင်သည် ယုဒလူဟု သမုတ်ခြင်းကို ခံသောသူ၊ ပညတ်တရားတော်ကို ကိုးစားသောသူ၊ ဘုရားသခင်ကို အမှီပြု၍ ဝါကြွားသောသူ၊

၁၈ အလိုတော်ကို သိသောသူ၊ ပညတ်တရားတော်ကို လေ့ကျက်သဖြင့် ခြားနားသော အရာတို့ကို ပိုင်းခြားတတ်သောသူ ဖြစ်သည်နှင့်၊

၁၉ လူကန်းတို့အား လမ်းပြသောသူ၊ မှောင်မိုက်၌ နေသောသူတို့ကို လင်းစေသောသူ၊

၂၀ လူမိုက်တို့ကို ဆုံးမတတ်သောသူ၊ သူငယ်တို့ကို နည်းပေးသောသူ၊ ပညတ်တရားတော် အားဖြင့် ပညာကိုဎင်း၊ သမ္မာတရားကိုဎင်း ရိပ်မိသောသူ ဖြစ်သည်ဟူ၍၊ ကိုယ်ကို ထင်မှတ်တတ်သည်မှန်လျှင်၊

၂၁ သူတပါးကို ဆုံးမလျက်ပင် ကိုယ်ကို မဆုံးမသလော။ သူ့ဥစ္စာကို မခိုးနှင့်ဟု တရားဟောလျက်ပင် ကိုယ်တိုင် ခိုးသလော။

၂၂ သူ့မယားကို မပြစ်မှားနှင့်ဟု ဆိုလျက်ပင် ကိုယ်တိုင် ပြစ်မှားသလော။ ရုပ်တုကို စက်ဆုပ်ရွံရှာလျက်ပင် ဗိမာန်တော်ကို လုယူဖျက်ဆီးသလော။

၂၃ ပညတ်တရားတော်ကို အမှီပြု၍ ဝါကြွားလျက်ပင် ထိုတရားကို လွန်ကျူး၍ ဘုရားသခင်၏ ဂုဏ်အသရေ တော်ကို ရှုတ်ချသလော။

၂၄ အကြောင်းမူကား၊ ကျမ်းစာ၌လာသည်နှင့်အညီ၊ တပါးအမျိုးသားတို့သည် သင်တို့ အကျင့်ကို ထောက်၍ ဘုရားသခင်၏ နာမတော်ကိုကဲ့ရဲ့တတ်ကြ၏။

၂၅ သင်သည် ပညတ်တရားကို ကျင့်လျှင်၊ အရေဖျားလှီးခြင်းအားဖြင့် အကျိုးရှိ၏။ ပညတ်တရားကို လွန်ကျူးလျှင်၊ သင်၏ အရေဖျားလှီးခြင်းသည် အရေဖျားမလှီးဘဲ ဖြစ်ပြန်၏။

၂၆ ထိုမှတပါး၊ အရေဖျားလှီးခြင်းကို မခံသော သူသည်လည်း တရား၌ပါသော ပညတ်တို့ကို စောင့်ရှောက်လျှင်၊ ထိုသူ၏ အရေဖျားမလှီးဘဲအဖြစ်ကို အရေဖျားလှီးခြင်းအဖြစ်ကဲ့သို့ မှတ်ရသည် မဟုတ်လော။

၂၇ အရေဖျားလှီးခြင်းကို မခံသောသူသည်လည်း ကိုယ်အလိုအလျောက် ပညတ်တရားကို ကျင့်လျှင်၊ ကျမ်းစာနှင့် အရေဖျားလှီးခြင်း ရှိလျက်ပင် ပညတ်တရားကို လွန်ကျူးသော သင်ကို တရားတွေ့၍ အရှုံးခံစေမည် မဟုတ်လော။

၂၈ အကြောင်းမူကား၊ အပြင်အားဖြင့်သာ ယုဒလူဖြစ်သောသူသည် ယုဒလူမှန်မဟုတ်။ အပြင်အားဖြင့်သာ ကိုယ်အသား၌ အရေဖျားလှီးခြင်းသည် အရေဖျားလှီးခြင်း အမှန်မဟုတ်။

၂၉ အတွင်းအားဖြင့် ယုဒလူဖြစ်သော သူသည် ယုဒလူမှန်၏။ အရေဖျားလှီးခြင်းလည်း ကျမ်းဟောင်း တရားအားဖြင့် မဟုတ်ဘဲ၊ ဝိညာဉ်တော်တရားအားဖြင့် စိတ်နှလုံးနှင့် စပ်ဆိုင်၏။ ထိုသို့ အရေဖျား



ဘုရားသခင်၏ သားတော်ကား အဘယ်သူနည်းဟု မေးလျှောက်သော်၊

၃၇ ယေရှုက၊ သင်သည် ထိုသူကို မြင်ခဲ့ပြီးသည်သာမက၊ သင်နှင့်ယခု စကားပြောသောသူသည် ဘုရားသခင်၏ သားတော်ဖြစ်၏ဟု မိန့်တော်မူလျှင်၊

၃၈ သခင်၊ အကျွန်ုပ် ယုံကြည်ပါ၏ဟု လျှောက်၍ ညွတ်ပြပ်ကိုးကွယ်လေ၏။

၃၉ ထိုအခါ ယေရှုကလည်း၊ မျက်စိမမြင်သောသူသည် မြင်စေခြင်းငှါဎင်း၊ မြင်သောသူသည် မျက်စိကန်းစေခြင်းငှါဎင်း၊ ငါသည် တရားစီရင်၍ ဤလောကသို့ ရောက်လာပြီဟု မိန့်တော်မူ၏။

၄၀ အထံတော်၌ရှိသော ဖာရိရှဲ အချို့တို့သည် ထိုစကားကိုကြားလျှင်၊ ငါတို့သည် မျက်စိကန်းသလောဟု မေးကြ၏။

၄၁ ယေရှုကလည်း၊ သင်တို့သည် မျက်စိကန်းသည်မှန်လျှင် အပြစ်မရှိ။ ငါတို့ မျက်စိမြင်သည်ဟု ယခုဆိုကြ၏။ ထိုကြောင့် သင်တို့၌ အပြစ်တည်သည်ဟု မိန့်တော်မူ၏။

## ၁၀

၁ ငါအမှန်အကန်ဆိုသည်ကား၊ သိုးခြံထဲသို့ တံခါးဝဖြင့်မဝင် အခြားလမ်းဖြင့် ကျော်ဝင်သောသူသည် သူခိုးထားပြဖြစ်၏။

၂ သိုးထိန်းမူကား၊ တံခါးဝဖြင့် ဝင်တတ်၏။

၃ ထိုသူအား တံခါးစောင့်လည်း ဖွင့်တတ်၏။ သူ၏ စကား သံကို သိုးတို့သည် နားထောင်တတ်ကြ၏။ သူသည် မိမိ သိုးတို့ကို နာမည်ဖြင့်ခေါ်၍ ပြင်သို့ထုတ်ဆောင်တတ်၏။

၄ သိုးများကို ထုတ်သောအခါ သိုးတို့ရှေ့မှာ သွား၍ သိုးများသည် သူ၏စကားသံကို ကျွမ်းသောကြောင့် လိုက်တတ်ကြ၏။

၅ မဆိုင်သောသူတို့၏ စကားသံကို မကျွမ်းသောကြောင့်၊ မဆိုင်သောသူ နောက်သို့ မလိုက်ဘဲ ပြေးတတ်ကြသည် ဟုမိန့်တော်မူ၏။

၆ ထိုဥပမာပုံကို ယေရှုဟောတော်မူသည်တွင်၊ ပရိသတ်တို့သည် မိန့်တော်မူသော စကားတော်၏ အနက်အဓိပ္ပါယ်ကို နားမလည်ကြ။

၇ ထိုကြောင့် တဖန် ယေရှုက၊ ငါအမှန်အကန်ဆိုသည်ကား၊ ငါသည် သိုးဝင်သော တံခါးဝ ဖြစ်၏။

၈ ငါ့ ရှေ့၌ ပေါ်လာသောသူ ရှိသမျှတို့သည် သူခိုးထားပြဖြစ်ကြ၏။ ထိုသူတို့၏ စကားသံကို သိုးတို့သည် နားမထောင်ကြ၊

၉ ငါသည် တံခါးဝ ဖြစ်၏။ ငါဖြင့် ဝင်သောသူသည် ဘေးနှင့် ကင်းလွတ်လျက် ထွက်ဝင်၍ ကျက်စားရာကို တွေ့ရလိမ့်မည်။

၁၀ သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှါ လာသတည်း။

၁၁ ငါသည် ကောင်းသော သိုးထိန်းလည်းဖြစ်၏။ ကောင်းသော သိုးထိန်းသည် သိုးတို့အဘို့အလို့ငှါ မိမိ အသက်ကို စွန့်တတ်၏။

၁၂ သိုးများကိုပိုင်သော သိုးထိန်း မဟုတ်၊ သူငှါးဖြစ်သောသူမူကား၊ တောခွေးလာသည်ကို မြင်လျှင်၊ သိုးတို့ကို ပစ်ထား၍ ထွက်ပြေးတတ်၏။ တောခွေးသည်လည်း သိုးတို့ကို လုယက်၍ ကွဲလွင့်စေ၏။

၁၃ သူငှါးသည် သူငှါးဖြစ်၍ သိုးတို့၏ အကျိုးကို မမှတ်သောကြောင့် ထွက်ပြေးတတ်၏။

၁၄ ငါသည် ကောင်းသော သိုးထိန်းဖြစ်၏။ ခမည်းတော်သည် ငါ့ကို သိတော်မူ၍၊ ငါသည်လည်း ခမည်းတော်ကို သိသကဲ့သို့ ငါ၏ သိုးတို့ကို ငါသိ၏။ ငါ့ သိုးတို့သည်လည်း ငါ့ကို သိကြ၏။

၁၅ ငါသည် ကိုယ်အသက်ကို သိုးတို့ အဘို့အလို့ငှါ စွန့်၏။

၁၆ ဤသိုးခြံသို့ မဝင်သော အခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကို ငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကို နားထောင်သဖြင့်၊ သိုးခြံတခု သိုးထိန်း တပါးတည်း ရှိရလိမ့်မည်။

၁၇ ငါသည် ကိုယ်အသက်ကို စွန့်၍ နောက်တဖန် ယူဦးမည်ဖြစ်သောကြောင့်၊ ငါ့ခမည်းတော်သည် ငါ့ကို ချစ်တော်မူ၏။

၁၈ ငါ့အသက်ကို အဘယ်သူမျှ မလု မယူ။ ကိုယ်အလိုအလျောက် ငါစွန့်၏။ ကိုယ်အသက်ကို စွန့်ရသော အခွင့်နှင့် နောက်တဖန် ကိုယ်အသက်ကို ယူပြန်ရသော အခွင့်သည် ငါ၌ရှိ၏။ ထိုအခွင့်ကို ခမည်းတော်သည် ပေးတော်မူပြီဟု မိန့်တော်မူ၏။

၁၉ ထိုစကားတော်ကြောင့် ယုဒလူတို့သည် တဖန် ကွဲပြားခြင်း ရှိကြ၏။

၂၀ လူများတို့က သူသည် နတ်ဆိုးစွဲ၍ အရူးဖြစ်၏။ သူ့စကားကို အဘယ်ကြောင့် နားထောင်သနည်းဟု ဆိုကြ၏။

၂၁ အချို့တို့က သူ့စကားသည် နတ်ဆိုးစွဲသော သူ၏ စကား မဟုတ်။ နတ်ဆိုးသည် မျက်စိကန်းသော

သူတို့ကို မြင်စေခြင်းငှါ တတ်နိုင်သလောဟု ဆိုကြ၏။
၂၂ ဆောင်းကာလဖြစ်၍ အင်္ကဲနိပွဲကို ယေရုရှလင်
မြို့၌ ခံကြသောအခါ၊
၂၃ ယေရှုသည် ဗိမာန်တော်နားမှာ ရှောလမုန်
ကနားပြင်၌ စင်္ကြံသွားတော်မူစဉ်တွင်၊
၂၄ ယုဒလူတို့သည် ကိုယ်တော်ကို ဝန်းရံ၍၊ သင်
သည် အဘယ်မျှကာလပတ်လုံး ငါတို့ကို ယုံမှားစေ
မည်နည်း။ ခရစ်တော်မှန်လျှင် အတိအလင်း ပြောပါဟု
ဆိုကြ၏။
၂၅ ယေရှုကလည်း၊ ငါပြောပြီ။ သင်တို့သည်မယုံကြ။
ငါ့ခမည်းတော်၏ အခွင့်နှင့် ငါပြုသော အမှုတို့သည်
ငါ၏ သက်သေ ဖြစ်ကြ၏။
၂၆ သို့သော်လည်း သင်တို့သည် မယုံကြ။ အဘယ်
ကြောင့် မယုံကြသနည်းဟူမူကား၊ သင်တို့သည် ငါ့သိုး
တို့အဝင် မဟုတ်။ အထက်က ငါပြောသည်အတိုင်း၊
၂၇ ငါ့သိုးတို့သည် ငါ့စကားသံကို နားထောင်၍ ငါ့
နောက်သို့ လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။
၂၈ ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့
သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြ
လိမ့်မည်။ အဘယ်သူမျှထိုသိုးတို့ကို ငါ့လက်မှ မနှုတ်
မယူရာ။
၂၉ ထိုသိုးတို့ကို ငါ၌အပ်ပေးတော်မူသော ငါ့ခမည်း
တော်သည် ခပ်သိမ်းသောသူတို့ထက် ကြီးမြတ်တော်
မူသည်ဖြစ်၍၊ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်
၏ လက်မှ မနှုတ်မယူနိုင်ရာ။
၃၀ ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်း
ဖြစ်သည်ဟု မိန့်တော်မူ၏။
၃၁ ထိုအခါ ယုဒလူတို့သည် ကိုယ်တော်ကို ခဲနှင့်
ပစ်ခြင်းငှါ တဖန် ကျောက်ခဲတို့ကို ကောက်ယူကြ၏။
၃၂ ယေရှုကလည်း၊ ငါသည် ငါ့ခမည်းတော်၏ အခွင့်
နှင့်ကောင်းသောအမှုအများတို့ကို သင်တို့အား ပြုပြီ။
ထိုအမှုတို့တွင် အဘယ်မည်သော အမှုကြောင့် ငါ့ကို
ခဲနှင့်ပစ်ကြမည်နည်းဟု မေးတော်မူလျှင်၊
၃၃ ယုဒလူတို့က၊ ကောင်းသောအမှုကြောင့် ခဲနှင့်
ပစ်မည် မဟုတ်။ သင်သည် လူဖြစ်လျက်ပင် ဘုရား
သခင် ဖြစ်ယောင်ဆောင်၍ ဘုရားသခင်ကို လွန်ကျူး
သော စကားကြောင့် ခဲနှင့်ပစ်မည်ဟု ဆိုကြ၏။
၃၄ ယေရှုကလည်း၊ သင်တို့သည် ဘုရား ဖြစ်ကြ၏၊
ငါဆိုသည်ဟု သင်တို့၏ ပညတ္တိကျမ်းစာ၌ လာသည်
မဟုတ်လော။
၃၅ ဘုရားသခင်၏ ဗျာဒိတ်တော်ကို ခံရသော
သူတို့ကို ဘုရားဟူ၍ ခေါ်ရလျှင်ငှင်း၊ ကျမ်းစကားကို
မပယ်ရလျှင်ငှင်း၊
၃၆ ခမည်းတော်သည် သန့်ရှင်းစေ၍၊ ဤလောက
သို့ စေလွှတ်တော်မူသောသူက၊ ငါသည် ဘုရားသခင်
၏သားတော်ဖြစ်သည်ဟု ဆိုသောကြောင့်၊ သင်သည်
ဘုရားသခင်ကို လွန်ကျူး၍ ပြောသည်ဟု ထိုသူအား
ဆိုရာသလော။
၃၇ ငါသည် ငါ့ခမည်းတော်၏ အမှုတို့ကို မပြုလျှင်
ငါ့ကို မယုံကြနှင့်။
၃၈ ပြုလျှင် ငါ့ကို မယုံသော်လည်း ထိုအမှုတို့ကို
ယုံကြလော့။ ထိုသို့ယုံလျှင် ခမည်းတော်သည် ငါ၌
ရှိတော်မူသည်ကိုငှင်း၊ ငါသည် ခမည်းတော်၌ရှိသည်
ကိုငှင်း ယုံ၍သိမှတ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။
၃၉ ထိုအခါ ကိုယ်တော်ကို ဘမ်းဆီးခြင်းငှါ တဖန်
ရှာကြပြန်လျှင်၊ ထိုသူတို့၏လက်မှ ထွက်ကြွတော်မူ၏။
၄၀ ယောဟန်သည် ဗတ္တိဇံကို ရှေ့ဦးစွာပေးရာအရပ်၊
ယော်ဒန်မြစ် တဘက်သို့ တဖန်ကြွ၍ ထိုအရပ်၌
နေတော်မူ၏။
၄၁ လူများတို့သည် အထံတော်သို့ ရောက်လာလျှင်၊
ယောဟန်သည် နိမိတ်လက္ခဏာကို မပြ။ သို့သော်
လည်း ဤသူ၏အကြောင်းကို ယောဟန် ပြောသမျှ
မှန်ပေ၏ဟု ဆိုကြသဖြင့်၊
၄၂ ထိုအရပ်၌ လူများတို့သည် ကိုယ်တော်ကို
ယုံကြည်ကြ၏။

၁၁

၁ ညီအစ်မ မာရိနှင့်မာသ တို့နေသော ဗေသနိရွာ
သား၊ လာဇရုအမည်ရှိသော သူတယောက်သည်
နာလျက်နေလေ၏။
၂ နာလျက်နေသော လာဇရု၏နှမ မာရိကား၊
သခင်ဘုရားကို ဆီမွှေးနှင့်လိမ်း၍ ခြေတော်ကို မိမိ
ဆံပင်နှင့်သုတ်သော မာရိဖြစ်သတည်း။
၃ ညီအစ်မတို့သည် အထံတော်သို့ စေလွှတ်၍၊
သခင်၊ ကိုယ်တော် ချစ်တော်မူသောသူသည် နာလျက်
နေပါသည်ဟု လျှောက်ကြ၏။
၄ ထိုစကားကို ယေရှုသည် ကြားတော်မူလျှင်၊
ထိုအနာသည် သေနာမဟုတ်။ ဘုရားသခင်၏
ဘုန်းတော်ကို ထင်ရှားစေသော အနာဖြစ်၏။ ထိုအနာ
ကြောင့် ဘုရားသခင်၏ သားတော်သည် ဘုန်း
ထင်ရှားခြင်း ရှိလိမ့်မည်ဟု မိန့်တော်မူ၏။
၅ ယေရှုသည် မာသကိုငှင်း၊ သူ၏ညီမနှင့် လာဇရု
ကိုငှင်း ချစ်တော်မူ၏။

၁၀း၄၀။ ဗတ္တိဇံ၏ ပုဒ်နက်သည် နှစ်ခြင်း ဖြစ်သည်။



ထင်ရှားလျက် ရှိ၏။ ဘုရားသခင်သည် သူတို့အား
ပြတော်မူပြီ။
၂၀ အဘယ်သို့နည်း ဟူမူကား၊ ဖန်ဆင်းတော်မူ
သောအရာများကို ထောက်ရှုသဖြင့်၊ ထာဝရ တန်ခိုး
တော်နှင့် ထာဝရအဖြစ်တော် တည်းဟူသော မျက်
မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာ
တည်သည် ကာလ မှစ၍ ထင်ရှားလျက် ရှိကြ၏။
ထိုကြောင့် သူတို့သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။
၂၁ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်
ကို သိလျက်ပင်၊ ဘုရားသခင်ကို ချီးမွမ်းသင့်သည်
အတိုင်း မချီးမွမ်း၊ ကျေးဇူးတော်ကိုလည်း မသိမမှတ်၊
အချည်းနှီး တွေးဆခြင်း၊ သတိမရှိသော စိတ်နှလုံး
မိုက်မဲခြင်းသို့ ရောက်ကြ၏။
၂၂ ပညာရှိ ယောင်ဆောင်လျက်နှင့် လူမိုက်အရာ၌
တည်ကြသည် ဖြစ်၍၊
၂၃ မဖောက်ပြန် မပျက်စီးနိုင်သော ဘုရားသခင်၏
ဂုဏ်တော်ကို ပယ်လျက်၊ ဖောက်ပြန် ပျက်စီးတတ်
သောလူ၏ ရုပ်တု၊ သားငှက် အစရှိသော တွားတတ်
သော တိရစ္ဆာန်၏ ရုပ်တုတို့ကို ဘုရားသခင် အရာ၌
ချီးမြှောက်ကြ၏။
၂၄ ထိုကြောင့် သူတို့သည် မိမိတို့ ကိုယ်ကာယ၏
အသရေကို အချင်းချင်း ရှုတ်ချမည်အကြောင်း၊ ဘုရား
သခင်သည် သူတို့ကို သူတို့၏ ကိလေသာစိတ် ညစ်
ညူးခြင်းလက်သို့ အပ်လိုက်တော်မူ၏။
၂၅ သူတို့သည် မှန်သော ဘုရားသခင့် အရာ၌
အမှားကို ထားလျက်၊ ဖန်ဆင်းတတ်သော သခင်ကို
ပယ်၍ ဖန်ဆင်းအပ်သော အရာကို ဝတ်ပြုကိုးကွယ်
သောသူ ဖြစ်ကြ၏။ ထိုသခင်သည် ထာဝရမင်္ဂလာ
ရှိတော်မူ၏။ အာမင်။
၂၆ ထိုသို့ ပြုကြသောကြောင့် ဘုရားသခင်သည်
သူတို့ကို ရှက်ကြောက်ဘွယ်သော ကိလေသာလက်
သို့ အပ်လိုက်တော်မူ၏။ အဘယ်သို့နည်းဟူမူကား၊
မိန်းမတို့သည် ပကတိ ထုံးစံကို စွန့်၍၊ ပကတိနှင့်
ဆန့်ကျင်ဘက် ထုံးစံကို လိုက်ကြ၏။
၂၇ ထိုအတူ၊ ယောကျ်ားတို့သည်လည်း မိန်းမနှင့်
ဆက်ဆံခြင်း ပကတိထုံးစံကို စွန့်၍ အချင်းချင်း
ကိလေသာစိတ်ပူလောင်သဖြင့်၊ ရှက်ကြောက်ဘွယ်
သောအမှုကို ယောကျ်ားချင်းပြုလျက်၊ မိမိတို့ မှားယွင်း
ခြင်းနှင့်အလျောက် မိမိတို့ အပြစ်ဒဏ်ကို ခံရကြ၏။
၂၈ ထိုသူတို့သည် ဘုရားသခင်ကို မသိမမှတ်လို
သည် ဖြစ်၍၊ မလျောက်ပတ်သော အမှုကို ပြုစေမည်
အကြောင်း၊ ဘုရားသခင်သည် သူတို့ကို မောဟ
လက်သို့ အပ်လိုက်တော်မူသည် နှင့်အညီ၊
၂၉ သူတို့သည် အလုံးစုံသော အဓမ္မကျင့်ခြင်း၊
မတရားသော မေထုန်ကိုပြုခြင်း၊ ဆိုးညစ်ခြင်း၊ လောဘ
လွန်ကျူးခြင်း၊ မနာလိုခြင်း၊ ငြူစူခြင်း၊ လူအသက်ကို
သတ်ခြင်း၊ ရန်တွေ့ခြင်း၊ လှည့်ဖြားခြင်း၊ သူတပါးကို
မြင်ပျင်းခြင်းတို့နှင့် ပြည့်စုံသောသူ၊ ချောစားသောသူ၊
၃၀ ဆဲရေးသောသူ၊ ဘုရားသခင်ကို မုန်းသောသူ၊
ကြမ်းတမ်းသောသူ၊ မာန ထောင်လွှားသောသူ၊
ဝါကြွားသောသူ၊ မတတ်ကောင်းသော အတတ်ကို
စီရင်သောသူ၊ မိဘစကားကို နားမထောင်သောသူ၊
သတိမရှိသောသူ၊ သစ္စာပျက်သောသူ၊
၃၁ မိဘ သားမယား စသည်တို့ကို မချစ်သောသူ၊
ရန်ငြိုးထားသောသူ၊ သနားခြင်း ကရုဏာစိတ် မရှိ
သောသူ ဖြစ်ကြ၏။
၃၂ ထိုသို့ ကျင့်သောသူတို့သည် သေပြစ်ကို ခံထိုက်
သည်ဟု ဘုရားသခင် စီရင်တော်မူကြောင်းကို ထိုသူ
တို့သည် သိလျက်ပင် ကိုယ်တိုင်ကျင့်သည် သာမက၊
ထိုသို့ကျင့်သော သူတို့၌ အားရဝမ်းမြောက်ကြ၏။

၂

၁ သူတပါးကို စစ်ကြောစီရင်တတ်သောသူ၊ သင်
သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။ အကြောင်းမူကား၊
သင်သည် စစ်ကြောစီရင်သောအမှုကိုပင် ကိုယ်တိုင်
ပြုသည်ဖြစ်၍၊ သူတပါးကို စစ်ကြောစီရင်သည်တွင်
ကိုယ်အပြစ်ရှိကြောင်းကို စီရင်ဆုံးဖြတ်ရာ ရောက်၏။
၂ ဘုရားသခင်သည် ထိုသို့ပြုသောသူတို့ကို စီရင်
တော်မူခြင်းအရာသည် သမ္မာတရားနှင့် ညီသည်ကို
ငါတို့ သိကြ၏။
၃ ထိုသို့သောအမှုကို ကိုယ်တိုင် ပြုလျက်ပင်၊ သူ
တပါး ပြုသည်ကို စစ်ကြောစီရင်သောသူ၊ သင်သည်
ဘုရားသခင် စီရင်တော်မူခြင်းနှင့် လွတ်မည်ဟု
ထင်မှတ်သလော။
၄ ဘုရားသခင်၏ ကျေးဇူးတော်သည် သင့်ကို
နောင်တလမ်းသို့ သွေးဆောင်သည်ကို မသိမမှတ်ဘဲ၊
ကြွယ်ဝစွာ ကျေးဇူးပြုတော်မူခြင်း၊ သည်းခံတော်မူခြင်း၊
စိတ်ရှည်တော်မူခြင်းတို့ကို မထီမဲ့မြင်ပြုသလော။
၅ ထိုသို့ပြုလျှင် စိတ်ခိုင်မာ၍ နောင်တ မရသည်
နှင့်အညီ ဒေါသနေ့ တည်းဟူသော ဘုရားသခင်၏
တရားတော် ထင်ရှားသော နေ့၌ ကိုယ်ခံစရာဘို့
အမျက်ဒေါသကို ဆည်းဖူးသလော။
၆ ဘုရားသခင်သည် လူအသီးအသီးတို့အား

# ရောမဩဝါဒစာ
# ROMANS

## ၁

၁ လူဇာတိ အားဖြင့် ဒါဝိဒ် အမျိုးဖြစ်တော်မူ
ထသော၊
၂၊ ၃ သေခြင်းမှ ထမြောက်တော်မူ၍၊ သန့်ရှင်းသော
ဝိညာဉ်အားဖြင့်၊
၄ တန်ခိုးနှင့်တကွ ဘုရားသခင်၏ သားတော်
ထင်ရှားဖြစ်တော်မူသော ငါတို့သခင် ယေရှုခရစ်တည်း
ဟူသော မိမိသားတော်ကို အကြောင်းပြု၍ ဘုရား
သခင်သည် ရှေးက မိမိ ပရောဖက်များအားဖြင့်၊ သန့်
ရှင်းသော ကျမ်းစာ၌ ဂတိထားတော်မူသော ဧဝံ
ဂေလိတရားကို ဟောစေခြင်းငှါ၊ ရွေးချယ် ခွဲထား၍
တမန်တော်အရာ၌ ခန့်ထားသော ယေရှုခရစ်၏ကျွန်
ငါပေါလုသည်၊
၅ ဘုရားသခင် ချစ်တော်မူ၍၊
၆ သန့်ရှင်းသူ အရာ၌ ခန့်ထားသော ရောမမြို့သူ
မြို့သား အပေါင်းတို့ကို ကြားလိုက်ပါ၏။
၇ သခင်ယေရှုခရစ်နှင့် ငါတို့ အဘတည်းဟူသော
ဘုရားသခင့် အထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်
ခြင်းသည် သင်တို့၌ ရှိပါစေသော။ သခင်ယေရှုခရစ်၏
နာမတော်ကို အမှီပြု၍လူမျိုး အပေါင်းတို့သည်
ယုံကြည်နားထောင်စေခြင်းငှါ၊ ထိုသခင်ထံ၌ ကျေးဇူး
တော်နှင့် တမန်တော်အရာကို ငါတို့သည် ခံရကြပြီ။
ထိုသခင် ခေါ်ထားတော်မူသော သင်တို့သည်လည်း
ထိုလူမျိုးတို့၌ အပါအဝင်ဖြစ်ကြ၏။
၈ သင်တို့၏ ယုံကြည်ခြင်းအရာသည် မြေတပြင်
လုံး၌ အနှံ့အပြား ကျော်စောသည်ဖြစ်၍၊ သင်တို့
အကြောင်းကြောင့် ယေရှုခရစ်အားဖြင့်၊ ငါ၏ ဘုရား
သခင် ကျေးဇူးတော်ကို ရှေ့ဦးစွာ ငါချီးမွမ်း၏။
၉ ငါသည် သင်တို့ကို မခြားမလပ် အောက်မေ့၍
အစဉ်မပြတ် ဆုတောင်း ပဌနာပြုသည်ဟု သားတော်
၏ ဧဝံဂေလိတရားကို ဟောလျက်၊ အမှုတော်ကို စိတ်
ဝိညာဉ်နှင့်တကွ ငါဆောင်ရွက်၍ ငါကိုးကွယ်သော
ဘုရားသခင်သည် ငါ၏ သက်သေခံ ဖြစ်တော်မူ၏။
၁၀ မကြာမမြင့်မီ ဘုရားသခင် အလိုတော်အားဖြင့်
အဆင်သင့်၍၊ သင်တို့ရှိရာသို့ ငါလာရသောအခွင့်
တစုံတခု ရှိပါမည်အကြောင်း ဆုတောင်းပဌနာ ပြု၏။
၁၁ သင်တို့သည် မြဲမြံခိုင်ခံ့မည်အကြောင်း၊ ငါသည်
သင်တို့၌ ဝိညာဉ်ဆုကျေးဇူး တစုံတခုကို အပ်ပေးခြင်း
ငှါ၊ သင်တို့ကို အလွန် တွေ့မြင်ချင်ပါ၏။
၁၂ ထိုသို့ဆိုသော်၊ ငါနှင့် သင်တို့သည် ယုံကြည်
သောအားဖြင့် အချင်းချင်း အားရသက်သာခြင်းသို့
ရောက်ကြမည်အကြောင်းကို ဆိုလိုသတည်း။
၁၃ ညီအစ်ကိုတို့၊ ငါသည် အခြားသော တပါးအမျိုး
သားတို့တွင် အကျိုးကို ရသကဲ့သို့ သင်တို့တွင်လည်း
အကျိုးတစုံတခုကို ရခြင်းငှါ၊ သင်တို့ရှိရာသို့ သွားမည်
ဟု အဖန်ဖန် အကြံရှိကြောင်းကို သင်တို့ မသိဘဲ
နေစေခြင်းငှါ ငါအလိုမရှိ။ ထိုသို့ အကြံရှိသော်လည်း၊
ယခုတိုင်အောင် မြစ်တားသောအကြောင်းရှိ၏။
၁၄ ဟေလသလူ ဖြစ်စေ၊ လူရိုင်းဖြစ်စေ၊ ပညာရှိ
ဖြစ်စေ၊ ပညာမဲ့ဖြစ်စေ၊ လူအမျိုးမျိုးတို့၏ကြွေးသည်
ငါတို့၌ တင်လျက်ရှိ၏။
၁၅ သို့ဖြစ်လျှင် ငါတတ်နိုင်သမျှအတိုင်း ရောမမြို့
သားဖြစ်သော သင်တို့အား ဧဝံဂေလိတရားကို ဟော
ခြင်းငှါ စေတနာစိတ်ရှိ၏။
၁၆ ငါသည် ခရစ်တော်၏ ဧဝံဂေလိတရားကြောင့်၊
ရှက်ကြောက်ခြင်းမရှိ။ အကြောင်းမူကား၊ ထိုတရား
သည် ရှေ့ဦးစွာ၌ ယုဒလူ၊ နောက်၌ ဟေလသလူ၊
ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေ
သော ဘုရားသခင်၏ တန်ခိုးတော် ဖြစ်၏။
၁၇ အဘယ်သို့ဖြစ်သနည်း ဟူမူကား၊ ဖြောင့်မတ်
သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်
လိမ့်မည်ဟု ကျမ်းစာ လာသည် နှင့်အညီ၊ ယုံကြည်
ခြင်း၌ တည်သော ဘုရားသခင်၏ ဖြောင့်မတ်ခြင်း
တရားသည် ယုံကြည်ခြင်းအဘို့အလိုငှါ ဧဝံဂေလိ
တရားအားဖြင့် ထင်ရှားလျက်ရှိ၏။
၁၈ သမ္မာတရားကို အဓမ္မဖြင့် ဆီးတားနှိပ်စက်သော
သူတို့ ပြုတတ်သော ဘုရားမဲ့ နေခြင်းအမှု၊ တရားကို
လွန်ကျူးခြင်း အမှုအမျိုးမျိုးတို့ တဘက်၌ ဘုရား
သခင်၏ အမျက်တော်သည် ကောင်းကင်မှ ထင်ရှား
လျက်ရှိ၏။
၁၉ အဘယ်ကြောင့်နည်းဟူမူကား၊ သိအပ်သော
ဘုရားသခင်၏ အကြောင်းအရာတို့သည် သူတို့တွင်



၆ လာဇရု နာသည်ကို ကြားတော်မူလျှင်၊ ကြွတော်
မမူဘဲ ထိုအရပ်၌ နှစ်ရက် နေတော်မူ၏။
၇ ထိုနောက်မှ တပည့်တော်တို့အား၊ ယုဒပြည်သို့
တဖန် သွားကြကုန်အံ့ဟု မိန့်တော်မူလျှင်၊
၈ တပည့်တော်တို့က၊ အရှင်ဘုရား၊ ယုဒလူတို့
သည် ယခုပင် ကိုယ်တော်ကို ခဲနှင့်ပစ်ခြင်းငှါ ရှာကြံ
လျက်ပင် ထိုအရပ်သို့ တဖန် ကြွတော်မူဦးမည်လောဟု
လျှောက်ကြ၏။
၉ ယေရှုကလည်း၊ တနေ့တွင် တဆယ်နှစ်နာရီရှိ
သည် မဟုတ်လော။ လူသည် နေ့အချိန်၌သွားလာ
လျှင်၊ နေရောင်အလင်းကို မြင်ရသောကြောင့် ထိမိ၍
မလဲတတ်။
၁၀ ညဉ့်အချိန်၌ သွားလာလျှင်မူကား၊ အလင်း
မရှိသောကြောင့် ထိမိ၍ လဲတတ်၏ဟု မိန့်တော်မူပြီးမှ၊
၁၁ ငါတို့အဆွေ လာဇရုသည် အိပ်ပျော်၏။ သူ့ကို
နှိုးခြင်းအလိုငှါ ငါသွားမည်ဟု မိန့်တော်မူ၏။
၁၂ တပည့်တော် တို့ကလည်း၊ သခင်၊ သူသည် အိပ်
ပျော်လျှင် သက်သာရလိမ့်မည်ဟု လျှောက်ကြ၏။
၁၃ ယေရှုသည် လာဇရု သေကြောင်းကို ရည်မှတ်၍
မိန့်တော်မူသော်လည်း၊ ပကတိအိပ်ပျော်ကြောင်းကိုမိန့်
တော်မူသည်ဟုတပည့်တော်တို့သည် ထင်မှတ်ကြ၏။
၁၄ ထိုကြောင့် ယေရှုက၊ လာဇရု သေပြီ။ သင်တို့
သည် ယုံကြည်မည်အကြောင်း၊
၁၅ ထိုအရပ်၌ ငါမရှိသည်ကို ထောက်၍ သင်တို့
အတွက် ငါဝမ်းမြောက်ခြင်းရှိ၏။ သူ့ဆီသို့ ယခုသွားကြ
ကုန်အံ့ဟု အတည့်အလင်း မိန့်တော်မူ၏။
၁၆ ဒိဒုမု အမည်ရှိသော သောမက၊ အကျွန်ုပ်တို့
လည်း လိုက်၍ သခင်နှင့်အတူ အသေခံကြကုန်အံ့ဟု
တပည့်တော်ချင်းတို့အား ပြောဆို၏။
၁၇ ယေရှုသည် ရောက်တော်မူသောအခါ၊ လာဇရု
ကို သင်္ဂြိုဟ်၍ သင်္ချိုင်းတွင်း၌ လေးရက်လွန်လေပြီ။
၁၈ ဗေသနိရွာသည် ယေရုရှလင်မြို့နှင့် တတိုင်
လောက်သာ ကွာသည်ဖြစ်၍၊
၁၉ မာသနှင့် မာရိတို့၏မောင် သေသောကြောင့်၊
သူတို့ကို နှစ်သိမ့်စေလိုသောငှါ ယုဒလူများတို့သည်
လာကြ၏။
၂၀ ယေရှုကြွလာတော်မူ ကြောင်းကို မာသသည်
ကြားလျှင်၊ ကိုယ်တော်ကို ခရီးဦးကြိုပြုခြင်းငှါ သွား၏။
မာရိမူကား အိမ်၌ထိုင်လျက် နေရစ်၏။
၂၁ မာသက၊ သခင်၊ ကိုယ်တော် ရှိတော်မူလျှင်
ကျွန်မ၏မောင် မသေပါ။
၂၂ ယခု သေလျက်ရှိသော်လည်း ကိုယ်တော်သည်
ဘုရားသခင်ကို ဆုတောင်းတော်မူ သမျှအတိုင်း
ဘုရားသခင် ပေးတော်မူမည်ကို ကျွန်မ သိပါသည် ဟု
လျှောက်၏။
၂၃ ယေရှုကလည်း၊ သင်၏မောင်သည် ထမြောက်
လိမ့်မည်ဟု မိန့်တော်မူ၏။
၂၄ မာသ ကလည်း၊ နောက်ဆုံးသောနေ့တည်းဟူ
သော ထမြောက်ရာ ကာလ၌ သူသည် ထမြောက်လိမ့်
မည်ကို ကျွန်မ သိပါသည်ဟု လျှောက်၏။
၂၅ ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်း
အကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို
ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်
လိမ့်မည်။
၂၆ ငါ့ကို ယုံကြည်၍ အသက်ရှင်သောသူ ရှိသမျှ
တို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ်ကင်း လွတ်ကြ
လိမ့်မည်။ ငါ့စကားကို ယုံသလောဟု မေးတော်မူလျှင်၊
မာသက၊ ဟုတ်ပါ၏ သခင်။
၂၇ ကိုယ်တော်သည် ခရစ်တော် တည်းဟူသော
ဤလောကသို့ ကြွလာတော်မူသော ဘုရားသခင်၏
သားတော် ဖြစ်တော်မူသည်ကို ကျွန်မ ယုံပါသည်ဟု
လျှောက်၏။
၂၈ ထိုသို့လျှောက်ပြီးမှ မာသသည် သွား၍ မိမိညီမ
မာရိအား၊ အရှင်ဘုရား ရောက်လာတော်မူပြီ။ သင့်ကို
ခေါ်တော်မူသည်ဟု တိတ်ဆိတ်စွာ ခေါ်လေ၏။
၂၉ မာရိသည် ထိုစကားကို ကြားလျှင် အလျင်
တဆော ထ၍ အထံတော်သို့ သွားလေ၏။
၃၀ ထိုအခါ ယေရှုသည် ရွာထဲသို့ မဝင်သေး။ မာသ
ခရီးဦးကြိုပြုသော အရပ်၌ ရှိတော်မူသတည်း။
၃၁ ထိုကြောင့် နှစ်သိမ့်စေသော စကားကို ပြော
လျက် မာရိနှင့်အတူ အိမ်၌ရှိသော ယုဒလူတို့သည်
မာရိ အလျင်တဆော ထ၍ ထွက်သွားသည်ကို
မြင်ကြလျှင်၊ ငိုကြွေးခြင်းငှါ သင်္ချိုင်းသို့ သွားပြီဟုဆို၍
သူ့နောက်သို့ လိုက်ကြ၏။
၃၂ မာရိသည် ယေရှု ရှိတော်မူ ရာအရပ်သို့ ရောက်
၍ ကိုယ်တော်ကိုမြင်လျှင် ခြေတော် ရင်း၌ ပြပ်ဝပ်လျက်၊
သခင်၊ ကိုယ်တော် ရှိတော်မူလျှင် ကျွန်မ၏မောင်
မသေပါဟု လျှောက်၏။
၃၃ မာရိမှစ၍ လိုက်လာသော ယုဒလူတို့သည်
ငိုကြွေးကြသည်ကို ယေရှုသည် မြင်တော်မူသောအခါ၊
အလွန် ညှိုးငယ်ခြင်း၊ စိတ်ပူပန်ခြင်း ရှိ၍၊
၃၄ အလောင်းကို အဘယ်မှာ ထားကြသနည်းဟု

မေးတော်မူလျှင်၊ သခင်ကြွ၍ ကြည့်တော်မူပါဟု
လျှောက်ကြ၏။
၃၅ ယေရှုသည် မျက်ရည် ကျတော်မူ၏။
၃၆ ယုဒလူတို့က၊ ကြည့်ပါ၊ လာဇရုကို အလွန်
ချစ်တော်မူပါသည်တကားဟု ဆိုကြ၏။
၃၇ အချို့တို့က၊ မျက်စိကန်းသောသူကို မြင်စေတော်
မူသော ဤသခင်သည်၊ လာဇရုကို မသေစေခြင်းငှါ
မတတ်နိုင်သလောဟု ဆိုကြ၏။
၃၈ တဖန် ယေရှုသည် အလွန် ညှိုးငယ်သောစိတ်နှင့်
သင်္ချိုင်းတွင်းသို့ ရောက်တော်မူ၏။ ထိုတွင်းသည်
မြေတွင်းဖြစ်၏။ ကျောက်နှင့် ပိတ်ထား၏။
၃၉ ကျောက်ကို ရွှေ့ကြလော့ဟု ယေရှုသည် မိန့်
တော်မူလျှင်၊ သေလွန်သောသူ၏နှမ မာသက၊ သခင်၊
ယခု ဖြစ်လျှင် နံလိမ့်မည်။ လေးရက် ရှိပါပြီဟု
လျှောက်၏။
၄၀ ယေရှုကလည်း၊ သင်သည် ယုံလျှင် ဘုရားသခင်
၏ ဘုန်းအာနုဘော်တော်ကို မြင်ရလိမ့်မည်၊ ငါပြောပြီ
မဟုတ်လောဟု မိန့်တော်မူ၏။
၄၁ ထိုအခါ သေလွန်သောသူ၏ သင်္ချိုင်းမှ ကျောက်
ကို ရွှေ့ကြ၏။ ယေရှုသည်လည်း အထက်သို့ ကြည့်
မျှော်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်
စကားကို နားထောင်တော်မူသော ကျေးဇူးတော်
ကြီးလှ ပါ၏။
၄၂ ကိုယ်တော်သည် အကျွန်ုပ် စကားကို အစဉ်
မပြတ် နားထောင်တော်မူသည်ကို အကျွန်ုပ်သိပါ၏။
သို့သော်လည်း ကိုယ်တော်သည် အကျွန်ုပ်ကို စေ
လွှတ်တော်မူသည်ကို ဝန်းရံလျက်ရှိသော ဤလူ
အပေါင်းတို့သည် ယုံကြည်စေခြင်းငှါ သူတို့၏အကျိုးကို
ထောက်၍ ဤသို့ အကျွန်ုပ်လျှောက်ပါ၏ ဟုမိန့်မြွက်
တော်မူပြီးမှ။
၄၃ လာဇရု ထွက်၍လာလော့ဟု ကြီးသောအသံနှင့်
ဟစ်ခေါ်တော်မူ၏။
၄၄ ထိုအခါ သေလွန်သောသူသည် မိမိခြေလက်၌
ပုဆိုးနံ့ငယ်နှင့် ရစ်ပတ်လျက်၊ မျက်နှာကိုလည်း ပဝါနှင့်
စည်းလျက် ထွက်လာ၏။ ယေရှုကလည်း၊ သူ့ကို
ဖြည်၍ လွှတ်ကြလော့ဟု မိန့်တော်မူ၏။
၄၅ ထိုအခါ မာရိဆီသို့လာသော ယုဒလူ အများ
တို့သည် ယေရှု ပြုတော်မူသောအမှုကို မြင်လျှင်၊
ကိုယ်တော်ကို ယုံကြည်ကြ၏။
၄၆ အချို့မူကား၊ ဖာရိရှဲတို့ထံသို့ သွား၍ ယေရှု
ပြုတော်မူသော အမှုကို ကြားပြောကြ၏။
၄၇ ထိုအခါ ယဇ်ပုရောဟိတ်အကြီးတို့နှင့် ဖာရိရှဲများ
သည် လွှတ်အရာရှိတို့ကို စည်းဝေးစေပြီးလျှင်၊ ငါတို့
သည် အဘယ်သို့ပြုလျက် နေကြသနည်း။ ထိုသူသည်
များစွာသော နိမိတ်လက္ခဏာကို ပြ၏။
၄၈ သူ့ကိုဤသို့ အလွှတ်ထားလျှင် လူခပ်သိမ်းတို့
သည် ယုံကြည်ကြလိမ့်မည်။ ရောမလူတို့သည်လည်း
လာ၍ ငါတို့ အရပ်ဌာနကိုငင်း၊ ငါတို့အမျိုးကိုငင်း
သုတ်သင်ပယ်ရှင်း ကြလိမ့်မည်ဟု ပြောဆိုကြ၏။
၄၉ ထိုသူတို့အဝင်၊ ထိုနှစ်တွင် ယဇ်ပုရောဟိတ်မင်း
ဖြစ်သော ကယာဖ အမည်ရှိသောသူက၊ သင်တို့
သည် အလျှင်းမသိကြ။
၅၀ ယုဒလူမျိုး အကုန်အစင် ပျက်စီးသည်ထက်၊
လူတယောက်သည် လူများတို့ အတွက် သေသော်
သာ၍ကောင်းသည်ကို သင်တို့သည် မဆင်ခြင်ပါ
တကားဟု ပြောဆို၏။
၅၁ ထိုစကားကို ကိုယ်အလိုအလျောက် ပြောဆို
သည် မဟုတ်။ ထိုနှစ်တွင် ယဇ်ပုရောဟိတ်မင်းဖြစ်
လျက်၊ ယေရှုသည် ထိုအမျိုးအတွက် သေရမည်
ဟူ၍ငင်း၊
၅၂ ထိုအမျိုးအတွက် သာမက အရပ်ရပ်တို့၌ ကွဲပြား
လျက်ရှိသော ဘုရားသခင်၏သားများကို အတူ
စုဝေးစေခြင်းငှါ သေရမည် ဟူ၍ငင်း၊ ပရောဖက်
ဉာဏ်နှင့် ဟောပြော၏။
၅၃ ထိုနေ့ မှစ၍ ကိုယ်တော်၏ အသက်ကို သတ်
ခြင်းငှါ တိုင်ပင် ကြံစည်ကြ၏။
၅၄ ထိုကြောင့်၊ ယေရှုသည် နောက်တဖန် ယုဒလူ
တို့တွင် ထင်ရှားစွာ မလှည့်လည်ဘဲ၊ ထိုအရပ်မှ ထွက်
၍ တောနှင့်အနီး ဧဖရိမ် အမည်ရှိသောမြို့သို့ ကြွ၍
တပည့်တော်တို့နှင့်အတူ နေတော်မူ၏။
၅၅ ယုဒပသခါပွဲခံခါနီးတွင် လူများတို့သည် မိမိတို့ကို
သန့်ရှင်းစေခြင်းငှါ ပွဲမခံမှီအရပ်ရပ်တို့မှ ယေရှုရှလင်မြို့
သို့ လာကြ၏။
၅၆ ထိုသူတို့သည် ယေရှုကို ရှာဖွေ၍၊ အချင်းတို့၊
အဘယ်သို့ ထင်ကြသနည်း။ သူသည်ပွဲသို့ မလာ
သလောဟု ဗိမာန်တော်၌ ရပ်လျက် အချင်းချင်း
မေးမြန်းကြ၏။
၅၇ ထိုအခါ အဘယ်သူသည် ယေရှု ရှိရာအရပ်ကို
သိလျှင် သူ့ကို ဘမ်းဆီးစေခြင်းငှါ ပြည့်နှန်ရမည်ဟု
ယဇ်ပုရောဟိတ် အကြီးတို့နှင့် ဖာရိရှဲတို့သည် မှာခဲ့
ကြပြီ။

# သခင်ယေရှုခရစ်၏

# ဓမ္မသစ်ကျမ်း

မှ

ကောက်နှုတ်ထားသည့်

## ရောမဩဝါဒစာ

## ROMANS

တော်ကို အပ်နှံသောသူကား အဘယ်သူနည်းဟု
မေးသော တပည့်တော်သည်လည်း နောက်တော်သို့
လိုက်သည်ကို ပေတရုသည် လှည့်၍ မြင်လျှင်၊
၂၁ သခင်၊ ဤသူ၌ အဘယ်သို့ ဖြစ်ပါလိမ့်မည်
နည်းဟု မေးလျှောက်သော်၊
၂၂ ယေရှုက၊ ငါကြွလာသည် ကာလတိုင်အောင်
ထိုသူကို နေစေခြင်းငှါ ငါအလိုရှိလျှင် သင်သည်
အဘယ်သို့ ဆိုင်သနည်း။ သင်မူကား ငါ့နောက်သို့
လိုက်လော့ဟု မိန့်တော်မူ၏။
၂၃ ထိုစကားတော်ကို ထောက်လျှင်၊ ညီအစ်ကိုတို့
က၊ ထိုတပည့်တော်သည် မသေရဟုအနှံ့အပြား ပြော
ဆိုကြ၏။ သို့သော်လည်းထိုသူသည် မသေရဟု ယေရှု
မိန့်တော်မူသည် မဟုတ်၊ ငါကြွလာသည် ကာလတိုင်
အောင် ထိုသူကိုနေစေခြင်းငှါ ငါအလိုရှိလျှင် သင်သည်
အဘယ်သို့ ဆိုင်သနည်းဟု မိန့်တော်မူသတည်း။
၂၄ ထိုတပည့်တော်ကား၊ ဤအကြောင်းအရာတို့
ကို သက်သေခံ၍ ရေးထားသောသူဖြစ်၏။
၂၅ သူ၏သက်သေခံချက် မှန်သည်ကို ငါတို့ သိကြ၏။
ယေရှု ပြုတော်မူသောအခြား အမှုအရာ အများရှိ
သေး၏။ ထိုအမှုအရာ ရှိသမျှတို့ကို အသီးအခြား
ရေးထားလျှင်၊ မြေကြီး မဆံ့နိုင်အောင် ကျမ်းစာ
များပြားလိမ့်မည်ဟု ထင်မှတ်ခြင်းရှိ၏။

ရှင်ယောဟန်ခရစ်ဝင်ပြီး၏။



# ၁၂

၁ ပသခါပွဲခံချိန် ခြောက်ရက် လိုသေးသောအခါ၊
အထက်က သေလွန်၍ သေခြင်းမှထမြောက်စေတော်
မူသော လာဇရုနေရာအရပ်၊ ဗေသနိရွာသို့ ယေရှုသည်
ရောက်တော်မူ၏။
၂ ထိုကြောင့် ထိုသူတို့သည် ပွဲလုပ်ကြသဖြင့်
မာသသည် လုပ်ကျွေးမှုကို ဆောင်၍၊ လာဇရုသည်
ကိုယ်တော်နှင့်အတူ လျောင်းသောသူတို့ အဝင်ဖြစ်၏။
၃ ထိုအခါ မာရိသည် အဘိုးများစွာ ထိုက်သော
နာဒု ဆီမွှေးစစ် အကျပ်သုံးဆယ်ကို ယူ၍၊ ယေရှု၏
ခြေတော်ကို လိမ်းပြီးလျှင် မိမိဆံပင်နှင့် သုတ်သဖြင့်၊
ထိုဆီ၏ အမွှေးသည် တအိမ်လုံးကို နံ့ပြား၏။
၄ တပည့်တော်တို့အဝင်ဖြစ်၍ ကိုယ်တော်ကို အပ်နှံ
မည့်သူ၊ ရှိမုန်၏သား ယုဒရှကာရုတ်က၊
၅ ထိုဆီမွှေးကို ဒေနာရိ အပြား သုံးရာ အဘိုးနှင့်
ရောင်း၍ ဆင်းရဲသောသူတို့အား အဘယ်ကြောင့်
မပေးသနည်းဟု ဆို၏။
၆ ထိုသို့ဆိုသော် ဆင်းရဲသောသူတို့ အကျိုးကို
ထောက်၍ ဆိုသည် မဟုတ်။ မိမိသည် သူခိုးဖြစ်လျက်၊
တပည့်တော်များသုံးရန် ငွေအိတ်ကိုဆောင်၍ နှိုက်
ယူတတ်သော ကြောင့်သာ ဆိုသတည်း။
၇ ယေရှုသည်လည်း၊ ထိုမိန်းမကိုရှိစေတော့။ ငါ၏
အလောင်းကို သင်္ဂြိုဟ်ခြင်းငှါ ပြင်ဆင်သော နေ့တိုင်
အောင် သူသည် ဤဆီမွှေးကို သိုထားပြီ။
၈ ဆင်းရဲသောသူတို့ကား သင်တို့၌ အစဉ်ရှိကြ၏။
ငါမူကား၊ အစဉ် ရှိသည်မဟုတ်ဟု မိန့်တော်မူ၏။
၉ ထိုအရပ်၌ ယေရှု ရှိတော်မူသည်ကို ယုဒလူများ
အပေါင်းတို့သည် သိလျှင်၊ ကိုယ်တော်ကြောင့်သာ
လာသည် မဟုတ်။ သေခြင်းမှ ထမြောက်စေတော်မူ
သော လာဇရုကို မြင်ခြင်းငှါ လာကြ၏။
၁၀ ထိုသို့ယုဒလူများတို့သည် လာဇရုကို အကြောင်း
ပြုသဖြင့် ထွက်သွား၍၊
၁၁ ယေရှုကိုယုံကြည်သောကြောင့်၊ ယဇ်ပုရောဟိတ်
အကြီးတို့သည် လာဇရုကိုလည်း သတ်ခြင်းငှါ တိုင်ပင်
စီရင်ကြ၏။
၁၂ နက်ဖြန်နေ့၌ ယေရှုသည် ယေရုရှလင်မြို့သို့
ကြွလာတော်မူသည်ကို၊ ထိုပွဲသို့ လာသောသူ အစု
အဝေး အပေါင်းတို့သည် ကြားရလျှင်၊
၁၃ စွန်ပလွံခက် များကို ကိုင်လျက်၊ ကိုယ်တော်ကို
ခရီးဦးကြိုပြုအံ့သောငှါ ထွက်သွားကြ၍၊ ဟောရှဏ္ဏာ
ဖြစ်စေသတည်း။ ထာဝရ ဘုရား၏ အခွင့်နှင့် ကြွလာ
တော်မူသော ဣသရေလ ရှင်ဘုရင်သည် မင်္ဂလာရှိ
စေသတည်းဟု ကြွေးကြော်ကြ၏။
၁၄ ကျမ်းစာ၌ လာသည်ကား၊
၁၅ အိုဇိအုန်သတို့ သမီး၊ မစိုးရိမ်နှင့်၊ သင်၏ အရှင်မင်း
ကြီးသည် မြည်းကလေးကိုစီး၍ သင်ရှိရာသို့ ကြွလာ
တော်မူသည်ကို ကြည့်ရှုလော့ဟု ရေးထားသည်နှင့်
အညီ၊ ယေရှုသည် မြည်းကလေးကို တွေ့၍ စီးတော်
မူ၏။
၁၆ ထိုအကြောင်းအရာကို တပည့်တော်တို့သည်
အစအဦး၌ နားမလည်သော်လည်း၊ ကိုယ်တော်ကို
ရည်မှတ်၍ ထိုသို့ရေးထားသည်ကိုဇင်း၊ ကိုယ်တော်
အား ထိုသို့ပြုကြသည်ကိုဇင်း၊ ဘုန်းပွင့်တော်မူသည်
နောက်သတိရ၍ မှတ်မိကြ၏။
၁၇ နောက်တော်သို့ လိုက်သော လူအစုအဝေးတို့
သည်ကား လာဇရုကို သင်္ချိုင်းတွင်းမှခေါ်၍ သေခြင်းမှ
ထမြောက်စေတော်မူသည် အကြောင်းကို သက်သေ
ခံကြ၏။
၁၈ ထိုနိမိတ်လက္ခဏာကို ပြုတော်မူသည်ဟု လူများ
တို့သည် သိတင်းကြားသောကြောင့် ခရီးဦးကြိုပြုအံ့
သောငှါ ထွက်သွားကြ၏။
၁၉ ဖာရိရှဲ အချင်းချင်းတို့လည်း၊ သင်တို့သည်
အလျှင်းမတတ်နိုင်။ ဤလောကသည် ထိုသူနောက်သို့
လိုက်သွားပါပြီတကားဟု ပြောဆိုကြ၏။
၂၀ ကိုးကွယ်ခြင်းအမှုနှင့် ထိုပွဲသို့ရောက်လာသော
သူတို့တွင် ဟေလသလူ အချို့ပါ၏။
၂၁ ထိုသူတို့သည် ဂါလိလဲပြည် ဗက်ဇဲဒမြို့ သားဖြစ်
သော ဖိလိပ္ပုထံသို့ သွား၍ အကျွန်ုပ်တို့သည် ယေရှုကို
မြင်ချင်ပါသည်၊ ခင်ဗျားဟု တောင်းပန်ကြ၏။
၂၂ ဖိလိပ္ပုသည် သွား၍ အန္ဒြေကို ကြားပြောပြီးမှ
ထိုသူနှစ်ယောက်တို့သည် ယေရှုကို လျှောက်၏။
၂၃ ယေရှုကလည်း လူသားသည် ဘုန်းပွင့်ရသော
အချိန်ရောက်လာပြီ။
၂၄ ငါအမှန်အကန် ဆိုသည်ကား၊ မြေ၌ကျသော
စပါးစေ့သည် မပျက်လျှင် တခုတည်းနေ၏။ ပျက်လျှင်
မူကား များစွာသော အသီးကို သီးတတ်၏။
၂၅ မိမိအသက်ကို နှမြောသောသူသည် အသက်
ဆုံးလိမ့်မည်။ ဤလောက၌ မိမိအသက်ကို မုန်းသော
သူမူကား၊ ထာဝရ အသက်ကို စောင့်ရှောက်လျက်
နေ၏။
၂၆ ငါ၏ အမှုကို ဆောင်ရွက်သောသူဖြစ်လျှင် ငါ့
နောက်သို့လိုက်ရမည်။ ငါ၏ အမှုဆောင်သည်လည်း

ငါရှိရာအရပ်၌ ရှိလိမ့်မည်။ ငါ၏အမှုကို ဆောင်ရွက်
သောသူဖြစ်လျှင် ထိုသူကို ခမည်းတော်သည် ချီး
မြှောက်တော်မူလတံ့။
၂၇ ငါသည် ယခု စိတ်နှလုံးပူပန်ခြင်းရှိ၏။ အဘယ်
သို့ ငါလျှောက်ရမည်နည်း။ ထိုအချိန်မှ အကျွန်ုပ်ကို
ကယ်တင်တော်မူပါ၊ အဘဟု လျှောက်ရမည်လော။
အကြောင်းရှိ၍သာ ထိုအချိန်သို့ ရောက်လာပြီ။
၂၈ အိုအဘ၊ ကိုယ်တော်၏ နာမတော်ကို ချီးမြှောက်
တော်မူ ပါဟု မိန့်မြွက်တော်မူ၏။ ထိုအခါ ကောင်းကင်မှ
စကားသံကား၊ ငါချီးမြှောက်ခဲ့ပြီ၊ တဖန်ချီးမြှောက်
ဦးမည်ဟု လာ၏။
၂၉ ဝန်းရံလျက် ရှိသော လူအစုအဝေးတို့သည်
ကြားလျှင် မိုဃ်းချုန်းသည်ဟု ဆိုကြ၏။ အချို့ကလည်း
ကိုယ်တော်အား ကောင်းကင်တမန် မြွက်သည်ဟု
ဆိုကြ၏။
၃၀ ယေရှုက ထိုစကားသံသည် ငါ့အဘို့ အလို့ငှါ
လာသည် မဟုတ်၊ သင်တို့အဘို့အလို့ငှါ လာ၏။
၃၁ ယခုတွင် ဤလောကသည် တရားစီရင်ခြင်းကို
ခံရ၏။ ယခု တွင် ဤလောကကို အစိုးရသောမင်းသည်
ပြင်သို့ နှင်ထုတ်ခြင်းကို ခံရလိမ့်မည်။
၃၂ ငါသည်လည်း မြေကြီးနှင့် ခွါ၍ မြှောက်ထားခြင်း
ကို ခံရလျှင်၊ လူအပေါင်းတို့ကို ငါ့ထံသို့ ငါဆွဲမည်ဟု
မိန့်တော်မူ၏။
၃၃ ထိုသို့မိန့်တော်မူသော်၊ မိမိသည် အဘယ်သို့
သေရမည်အရိပ်ကို ပေးတော်မူ၏။
၃၄ လူများတို့ကလည်း၊ ခရစ်တော်သည် အစဉ်အမြဲ
တည်သည်ဟု ပညတ္တိကျမ်း၌ လာကြောင်းကို အကျွန်ုပ်
တို့ ကြားသိရပြီ။ သို့ဖြစ်လျှင် လူသားသည် မြှောက်
ထားခြင်းကို ခံရမည်ဟု သင်သည်အဘယ်သို့ ဆိုသ
နည်း။ ထိုလူသားသည် အဘယ်သို့သောသူနည်း
ဟုဆိုကြ၏။
၃၅ ယေရှုကလည်း၊ အလင်းသည် သင်တို့တွင်
ခဏသာရှိ၏။ အလင်းရှိစဉ်အခါ သွားလာကြလော့။
သို့မဟုတ်လျှင် မှောင်မိုက်သည် သင်တို့ကိုမှီလိမ့်မည်။
မှောင်မိုက်၌ သွားသောသူသည် အဘယ်ဆီသို့ မိမိ
သွားသည်ကို မိမိ မသိ။
၃၆ အလင်းရှိစဉ်အခါ အလင်း၏သား ဖြစ်အံ့သောငှါ
အလင်းကို ယုံကြည်ကြလော့ဟု မိန့်တော်မူ၏။ ထိုသို့
မိန့်တော်မူပြီးမှ ယေရှုသည် ထွက်ကြွ၍ ထိုသူတို့ကို
တိမ်းရှောင်လျက် နေတော်မူ၏။
၃၇ ထိုမျှလောက် ကြီးစွာသော နိမိတ်လက္ခဏာ
တို့ကို သူတို့ မျက်မှောက်၌ ပြတော်မူသော်လည်း သူ
တို့သည် ယုံကြည်ခြင်းသို့ မရောက်ကြ။
၃၈ ပရောဖက် ဟေရှာယ ဟောဘူးသည်ကား၊ အို
ထာဝရဘုရား၊ အကျွန်ုပ်တို့ ဟောပြောသော သိတင်း
စကားကို အဘယ်သူ ယုံပါသနည်း။ ထာဝရဘုရား၏
လက်တော်သည် အဘယ်သူအား ထင်ရှားတော်
မူသနည်းဟူသော စကားသည် ပြည့်စုံခြင်းသို့ ရောက်
သတည်း။
၃၉ တဖန်ပရောဖက်ဟေရှာယ ဟောပြန်သည်ကား၊
၄၀ သူတို့မျက်စိ မမြင်၊ စိတ်နှလုံး နားမလည်၊ အကျင့်
မပြောင်းလဲ၊ သူတို့ အနာရောဂါကို ငါမငြိမ်းစေသည်
တိုင်အောင် သူတို့ မျက်စိကို ကွယ်စေတော်မူ၏။ သူတို့
စိတ်နှလုံးကို မိုက်စေတော်မူ၏ ဟူသောစကားကြောင့်
ထိုသူတို့သည် ယုံကြည်ခြင်းသို့ မရောက်နိုင်ကြ။
၄၁ ဟေရှာယသည် ဘုန်းအာနုဘော်ကိုမြင်၍
ဗျာဒိတ်တော်ကို ပြန်စဉ်တွင် ထိုစကားကို ဟောပြော
သတည်း။
၄၂ သို့သော်လည်း အရာရှိ အများတို့သည် ကိုယ်
တော်ကို ယုံကြည်ကြ၏။ တရားစရပ်မှ ဖာရိရှဲတို့သည်
နှင်ထုတ်မည်ကို စိုးရိမ်သောကြောင့် ထင်ရှားစွာ
ဝန်မခံကြ။
၄၃ အကြောင်းမူကား၊ ဘုရားသခင် ပေးတော်မူ
သော ဘုန်းအသရေထက် လူတို့ ပေးသော ဘုန်း
အသရေကို သာ၍ နှစ်သက်ကြ၏။
၄၄ ယေရှုကလည်း၊ ငါ့ကို ယုံကြည်သောသူသည်
ငါ့ကိုသာ ယုံကြည်သည်မဟုတ်၊ ငါ့ကိုစေလွှတ်တော်မူ
သောသူကို ယုံကြည်၏။
၄၅ ငါ့ကို ကြည့်မြင်သောသူသည် ငါ့ကို စေလွှတ်
တော်မူသောသူကို ကြည့်မြင်၏။
၄၆ ငါ့ကို ယုံကြည်သမျှသောသူတို့သည် မှောင်မိုက်၌
မနေစေခြင်းငှါ ငါသည် အလင်းဖြစ်လျက် ဤလောက
သို့ ကြွလာပြီ။
၄၇ ငါ့စကားကို ကြားသောသူသည် မယုံကြည်ဘဲ
နေလျှင် ထိုသူကို ငါသည် အပြစ်မစီရင်။ လောကီသား
တို့ကို အပြစ်စီရင်အံ့သောငှါ ငါလာသည်မဟုတ်၊
လောကီသားတို့ကို ကယ်တင်အံ့သောငှါ ငါလာ၏။
၄၈ ငါ့ကိုပယ်၍ ငါ့စကားကို နားမခံသောသူအား
အပြစ်စီရင်သောသူ ရှိသေး၏။ ငါဟောပြောသော
စကားပင် နောက်ဆုံးသောနေ့၌ ထိုသူအား အပြစ်
စီရင်လိမ့်မည်။
၄၉ အကြောင်းမူကား၊ ငါသည် ကိုယ်အလိုအ



## ၂၁

၁ တဖန် ယေရှုသည် တိဗေရိအိုင်နားမှာ တပည့်
တော်တို့အား ကိုယ်ကို ပြတော်မူ၏။ ပြတော်မူသည်
အကြောင်းအရာဟူမူကား၊
၂ ရှိမုန်ပေတရုနှင့် ဒိဒုမုဟုအမည်ရှိသော သောမ၊
ဂါလိလဲပြည် ကာနမြို့သား နာသနေလ၊ ဇေဗေဒဲ၏
သား နှစ်ယောက်၊ အခြားသောတပည့်တော် နှစ်
ယောက်တို့သည် အတူရှိကြ၏။
၃ ရှိမုန်ပေတရုက အကျွန်ုပ်သည် ငါးဘမ်းသွားမည်
ဟုဆိုလျှင်၊ ထိုသူတို့က၊ အကျွန်ုပ်တို့လည်းလိုက်မည်
ဟု ပြောဆိုသည်နှင့် ထွက်သွားကြ၏။ ချက်ခြင်း လှေ
ထဲသို့ ဝင်၍ ထိုညဉ့်တွင် တကောင်ကိုမျှ မရကြ။
၄ နံနက်ရောက်သောအခါ ယေရှုသည် ကမ်းနားမှာ
ရပ်တော်မူ၏။ သို့ရာတွင် ယေရှု ဖြစ်တော်မူသည်ကို
တပည့်တော်တို့သည် မသိကြ။
၅ ယေရှုကလည်း ချစ်သားတို့၊ စားစရာ တစုံတခု
ရှိသလောဟုမေးတော်မူလျှင် မရှိပါဟုပြန်ပြောကြ၏။
၆ တဖန် ယေရှုက၊ လှေ လက်ျာဘက်၌ ပိုက်ကွန်
ကို ပစ်ချလော့။ ထိုသို့ ပြုလျှင် ရလိမ့်မည်ဟု မိန့်
တော်မူသည်အတိုင်း၊ ထိုသူတို့သည် ပစ်ချ၍ များစွာ
သော ငါးတို့ကို အုပ်မိသောကြောင့်၊ ပိုက်ကွန်ကို
ဆွဲ၍မရနိုင်။
၇ ထိုအခါ ယေရှု ချစ်တော်မူသော တပည့်တော်က၊
ငါတို့ သခင်ပေတည်းဟု ပေတရုအားပြောဆို၏။ သခင်
ဖြစ်ကြောင်းကို ရှိမုန်ပေတရုသည် ကြားလျှင်၊ အဝတ်ကို
မခြုံဘဲရှိလျှက် အပေါ်အင်္ကျီကိုသာ ဝတ်စည်း၍ အိုင်ထဲ
သို့ ဆင်းလေ၏။
၈ အခြားသော တပည့်တော်တို့သည် ကမ်းနှင့်မနီး
မဝေး အလံငါးဆယ်လောက် ကွာသည် ဖြစ်၍ ငါးများ
နှင့် ပိုက်ကွန်ကို ဆွဲငင်လျက် လှေစီး၍ လာကြ၏။
၉ ကုန်းပေါ်သို့ ရောက်သောအခါ မီးခဲပုံကိုင်း၊
ကင်ထားသော ငါးကိုင်း၊ မုန့်ကိုင်း တွေ့မြင်ကြ၏။
၁၀ ယေရှုကလည်း ယခုရသော ငါးအချို့ကို ယူခဲ့
ကြဟု မိန့်တော်မူ၏။
၁၁ ရှိမုန်ပေတရုသည် လှေပေါ်သို့ တက်၍ ငါးကြီး
တရာငါးဆယ်သုံးကောင်နှင့် ပြည့်လျက်ရှိသော ပိုက်
ကွန်ကို ကုန်းပေါ်သို့ ဆွဲတင်လေ၏။ ထိုမျှလောက်
များသော်လည်း ပိုက်ကွန်သည် မစုတ်မပြတ် ရှိ၏။
၁၂ ယေရှုကလည်း၊ လာ၍ နံနက်စာကို စားကြ
လော့ဟု မိန့်တော်မူ၏။ သခင်ဖြစ်တော်မူကြောင်းကို
တပည့်တော်တို့သည်သိကြသောကြောင့် ကိုယ်တော်
သည် အဘယ်သူနည်းဟူ၍ တစုံတယောက်မျှ မမေး
မလျှောက်ဝံ့ကြ။
၁၃ ယေရှုသည် လာ၍ မုန့်နှင့် ငါးကို ယူပြီးလျှင်
သူတို့အား ပေးတော်မူ၏။
၁၄ ထိုပြတော်မူခြင်းကား၊ ယေရှုသည် သေခြင်းမှ
ထမြောက်တော်မူသည်နောက်၊ တပည့်တော်တို့အား
ကိုယ်ကို သုံးကြိမ်မြောက်သော ပြတော်မူခြင်းဖြစ်
သတည်း။
၁၅ နံနက်စာကို စားကြသည်နောက်၊ ယေရှုက၊
ယောနာ၏သား ရှိမုန်၊ ဤသူတို့သည် ငါ့ကို ချစ်သည်
ထက်သင်သည် သာ၍ ချစ်သလောဟု ရှိမုန်ပေတရု
အား မေးတော်မူလျှင်၊ ဟုတ်ပါ၏ သခင်။ ကိုယ်တော်ကို
အကျွန်ုပ် ချစ်သည်ကို ကိုယ်တော် သိတော်မူ၏ဟု
လျှောက်သော်၊ ငါ၏ သိုးသငယ်တို့ကို ကျွေးမွေးလော့
ဟု မိန့်တော်မူ၏။
၁၆ တဖန် ယေရှုက၊ ယောနာ၏သား ရှိမုန်၊ သင်သည်
ငါ့ကိုချစ်သလောဟု ဒုတိယအကြိမ် မေးတော်မူလျှင်၊
ဟုတ်ပါ၏ သခင်၊ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို
ကိုယ်တော် သိတော်မူ၏ဟု လျှောက်သော်၊ ငါ၏
သိုးတို့ကို ထိမ်းလော့ဟု မိန့်တော်မူ၏။
၁၇ ယေရှုကလည်း ယောနာ၏သား ရှိမုန်၊ သင်သည်
ငါ့ကို ချစ်သလောဟု တတိယအကြိမ် မေးတော်မူလျှင်၊
သင်သည် ငါ့ကိုချစ်သလောဟု သုံးကြိမ်မြောက်အောင်
မေးတော်မူ သောကြောင့် ပေတရုသည် စိတ်နာသဖြင့်၊
သခင်၊ ကိုယ်တော်သည် ခပ်သိမ်းသော အရာတို့ကို
သိတော်မူ၏။ ကိုယ်တော်ကို အကျွန်ုပ် ချစ်သည်ကို
ကိုယ်တော် သိတော်မူ၏ ဟုလျှောက်သော်၊ ယေရှုက၊
ငါ၏ သိုးတို့ကို ကျွေးမွေးလော့။
၁၈ ငါအမှန်အကန် ဆိုသည်ကား၊ သင်သည် ပျို
သော အသက်ရှိစဉ် ကိုယ်ကိုကိုယ်ပတ်စည်း၍ အလို
ရှိရာအရပ်ရပ်သို့ သွားလာတတ်၏။ သင်သည် အို
သောအခါ လက်နှစ်ဖက်ကို ဆန့်ပြီးလျှင်၊ သူတပါး
သည် သင့်ကို ပတ်စည်း၍ သင်အလို မရှိရာ အရပ်သို့
ယူသွား လိမ့်မည်ဟု မိန့်တော်မူ၏။
၁၉ ထိုသို့မိန့်တော်မူသော်၊ အဘယ်သို့သောသေခြင်း
အားဖြင့် ပေတရုသည် ဘုရားသခင်၏ ဘုန်းတော်ကို
ထင်ရှားစေမည် အရိပ်ကို ပေးတော်မူ၏။ ထိုသို့
မိန့်တော်မူပြီးမှ၊ ငါ့နောက်သို့ လိုက်လော့ဟု ပေတရု
အား မိန့်တော်မူပြန်၏။
၂၀ ယေရှု ချစ်တော်မူ၍ အထက်က ညစာစားသော
အခါ၌ ရင်တော်ကိုမှီ၍ လျောင်းလျက်၊ သခင်၊ ကိုယ်

၁၁ မာရိသည် သင်္ချိုင်းတော်အနားမှာ ငိုကြွေးလျက်
ရပ်နေ၏။ ငိုကြွေးစဉ် ငုံ့၍ တွင်းထဲသို့ ကြည့်လျှင်၊
၁၂ ကောင်းကင်တမန် နှစ်ပါးတို့သည် ဖြူသော
အဝတ်ကို ဝတ်ဆင်လျက်၊ ယေရှု၏ အလောင်းတော်
လျောင်းရာအရပ်၊ ခေါင်းရင်း၌ တပါး၊ ခြေရင်း၌တပါး
ထိုင်ကြသည်ကို မြင်လေ၏။
၁၃ ထိုသူတို့က၊ အချင်းမိန်းမ၊ အဘယ်ကြောင့်
ငိုကြွေးသနည်းဟု မေးလျှင်၊ ကျွန်မ၏ သခင်ကို ယူ
သွားကြပြီ။ အဘယ်မှာ ထားကြသည်ကို မသိပါဟု
ပြောဆို၏။
၁၄ ထိုသို့ ဆိုပြီးမှ နောက်သို့ လှည့်လျှင်၊ ယေရှု
ရပ်လျက် နေတော်မူသည်ကို မြင်သော်လည်း ယေရှု
ဖြစ်တော်မူသည်ကို မသိ။
၁၅ ယေရှုကလည်း၊ အချင်းမိန်းမ၊ အဘယ်ကြောင့်
ငိုကြွေးသနည်း၊ အဘယ်သူကို ရှာသနည်းဟု မေး
တော်မူ၏။ မာရိက၊ သင်သည် သူ့ကို ဆောင်သွား
သည်မှန်လျှင် အဘယ်မှာ ထားသည်ကို ကျွန်မအား
ပြောပါ၊ ကျွန်မ ယူသွားပါမည် အရှင်ဟု၊ ထိုသူကို
ဥယျာဉ်စောင့်ဖြစ်သည်ဟု ထင်မှတ်လျက်ဆို၏။
၁၆ ယေရှုကလည်း မာရိ ဟုခေါ်တော်မူလျှင်၊ မာရိ
သည် လှည့်၍ ရဗ္ဗုနိ ဟုထူးလေ၏။ ရဗ္ဗုနိအနက်ကား
အရှင်ဘုရားဟု ဆိုလိုသတည်း။
၁၇ ယေရှုကလည်း၊ ငါ့ကို မဘက်နှင့်ဦး။ ငါသည်
ငါ့ခမည်းတော်ထံသို့ မတက်ရသေး။ ငါ့ညီတို့ ရှိရာသို့
သွားလော့။ ငါ၏ ခမည်းတော်တည်းဟူသော သင်တို့
၏ ခမည်းတော်၊ ငါ၏ ဘုရားသခင် တည်းဟူသော
သင်တို့၏ ဘုရားသခင့် ထံတော်သို့ ငါတက်ရမည်
အကြောင်းအရာကို ကြားပြောလော့ဟု မိန့်တော်
မူသည် နှင့်အညီ၊
၁၈ မာဂဒလမာရိသည် သွား၍မိမိသည် သခင်ကို
တွေ့မြင်သည်ကိုဧင်း၊ ထိုသို့ မိန့်တော်မူသည်ကိုဧင်း၊
တပည့်တော်တို့အား ကြားပြောလေ၏။
၁၉ ခုနစ်ရက်တွင် ပထမနေ့ရက်ဖြစ်သော ထိုနေ့၌
ညအချိန်ရောက်သောအခါ၊ ယုဒလူတို့ကို ကြောက်၍
တံခါးများကို ပိတ်ထားလျက်၊ တပည့်တော်တို့သည်
စည်းဝေးကြသောအရပ်သို့ ယေရှုသည် ကြွလာ၍
အလယ်မှာ ရပ်တော်မူလျက်၊ သင်တို့၌ ငြိမ်သက်ခြင်း
ရှိစေသတည်း ဟုမိန့်တော်မူ၏။
၂၀ ထိုသို့ မိန့်တော်မူပြီးမှ လက်တော်နှင့်နံဖေးတော်
ကို ပြတော်မူ၏။ တပည့်တော်တို့သည် သခင်ကို
မြင်လျှင် ဝမ်းမြောက်ခြင်းရှိကြ၏။
၂၁ တဖန် ယေရှုက၊ သင်တို့၌ ငြိမ်သက်ခြင်း ရှိစေ
သတည်း။ ခမည်းတော်သည် ငါ့ကို စေလွှတ်တော်
မူသည်နည်းတူ၊ သင်တို့ကို ငါစေလွှတ်သည်ဟု
မိန့်တော်မူပြီးလျှင်၊
၂၂ ထိုသူတို့အပေါ်၌ မှုတ်လျက်၊ သင်တို့သည်
သန့်ရှင်းသော ဝိညာဉ်တော်ကို ခံကြလော့။
၂၃ အကြင်သူ၏ အပြစ်ကို သင်တို့ လွှတ်လျှင် ထို
သူသည် အပြစ်လွှတ်လျက်ရှိ၏။ အကြင်သူ၏ အပြစ်
ကို သင်တို့တည်စေလျှင်၊ ထိုသူသည် အပြစ်တည်
လျက် ရှိ၏ဟု မိန့်တော်မူ၏။
၂၄ ထိုသို့ ယေရှုသည် ကြွလာတော်မူသောအခါ
တမန်တော် တကျိပ်နှစ်ပါး အဝင်၊ ဒိဒုမုဟု အမည်
ရှိသော သောမသည် ထိုတပည့်တော်တို့နှင့် အတူ
မရှိ။
၂၅ ထိုသူတို့ ကလည်း၊ အကျွန်ုပ်တို့သည် သခင်ကို
မြင်ရကြပြီဟု သောမအား ပြောဆိုကြလျှင်၊ သောမက
လက်တော်၌ သံရိုက်ရာချက်ကို မမြင်၊ သံရိုက်ရာ
ချက်ကို လက်ညှိုးနှင့် မတို့မစမ်း၊ နံဖေးတော်ကိုလည်း
လက်နှင့် မစမ်းမသပ်ရလျှင် အကျွန်ုပ်မယုံ ဟုဆို၏။
၂၆ ထိုနောက် ရှစ်ရက်မြောက်သော နေ့၌ တပည့်
တော်တို့သည် တဖန် အထဲမှာ ရှိကြ၍ သောမလည်း
ပါ၏။ တံခါးများကို ပိတ်ထားစဉ်အခါ ယေရှုသည်
ကြွလာ၍ အလယ်မှာရပ်တော်မူလျက်၊ သင်တို့၌
ငြိမ်သက်ခြင်းရှိစေသတည်းဟု မိန့်တော်မူ၏။
၂၇ ထိုအခါ သောမအား၊ သင်၏ လက်ညှိုးကို
ဆန့်၍ ငါ့လက်ကို ကြည့်လော့။ သင်၏လက်ကို ဆန့်၍
ငါ့နံဖေးကို စမ်းသပ်လော့။ ယုံမှားခြင်း မရှိနှင့် ယုံလော့
ဟု မိန့်တော်မူ၏။
၂၈ သောမကလည်း၊ အကျွန်ုပ်၏ အရှင်၊ အကျွန်ုပ်၏
ဘုရားသခင်ပါတကားဟု ပြန်၍ လျှောက်၏။
၂၉ ယေရှု ကလည်း၊ သင်သည် ငါ့ကို မြင်သော
ကြောင့် ယုံခြင်းရှိ၏။ ငါ့ကို မမြင်ဘဲ ယုံသောသူတို့သည်
မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏။
၃၀ ဤကျမ်းစာ၌ ရေး၍မထားသော အခြား နိမိတ်
လက္ခဏာ အများတို့ကိုလည်း ယေရှုသည် တပည့်
တော်တို့ မျက်မှောက်၌ ပြတော်မူ၏။
၃၁ ယေရှုသည် ခရစ်တော် တည်းဟူသော ဘုရား
သခင်၏ သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်
ယုံမည်အကြောင်း၊ ထိုသို့ ယုံ၍ နာမတော်အားဖြင့်
အသက်ကို ရမည်အကြောင်း၊ ဤမျှလောက် ရေးထား
လျက် ရှိသတည်း။



လျှောက်ဟောသည် မဟုတ်၊ ငါ့ကို စေလွှတ်တော်မူ
သော ခမည်းတော်သည် အဘယ်သို့ ငါဆုံးမ ဟော
ပြောရမည်ကို ပညတ်ပေးတော်မူပြီ။ ခမည်းတော်၏
ပညတ်တော်သည် ထာဝရ အသက်ဖြစ်သည်ကို ငါ
သိ၏။
၅၀ ထိုကြောင့် ဟောပြောသမျှတို့ကို ခမည်းတော်
မှာထားတော်မူသည်အတိုင်း ငါဟောပြောသည်ဟု
ကြွေးကြော်၍ မိန့်တော်မူ၏။

## ၁၃

၁ ပသခါပွဲ မခံမီ၌ ယေရှုသည် ဤလောကမှ ခမည်း
တော်ထံသို့ ပြောင်းရသော အချိန်ရောက်သည်ကို
သိတော်မူသည်ဖြစ်၍၊ ဤလောက၌ရှိသော မိမိလူ
တို့ကို ချစ်တော်မူသောကြောင့် အဆုံးတိုင်အောင်
ချစ်တော်မူ၏။
၂ ကိုယ်တော်ကို အပ်နှံမည်အကြောင်း မာရ်နတ်
သည် ရှိမုန်၏သား ယုဒရှကာရုတ်၏ စိတ်နှလုံး၌ အကြံ
ပေးသွင်းနှင့်သတည်း။ ထိုအခါ ညစာကိုစားကြစဉ်၊
၃ ခမည်းတော်သည် အလုံးစုံတို့ကို သူ၏လက်သို့
အပ်ပေးတော်မူသည်ကိုဧင်း၊ သူသည် ဘုရားသခင့်
ထံတော်မှ ထွက်လာသည်ကိုဧင်း၊ ဘုရားသခင့် ထံ
တော်သို့ ကြွသွားမည်ကိုဧင်း ယေရှုသည် သိတော်
မူသည်နှင့်၊
၄ စားပွဲမှထ၍ ဝတ်လုံတော်ကို ချွတ်ပြီးလျှင်၊
ပဝါကိုယူ၍ ခါးကိုစည်းတော်မူ၏။
၅ ထိုနောက်မှ ရေကိုအင်တုံ၌ လောင်း၍ တပည့်
တော်တို့၏ ခြေကို ဆေးပြီးမှ ခါး၌စည်းသော ပဝါနှင့်
သုတ်တော်မူ၏။
၆ ရှိမုန် ပေတရုဆီသို့ ရောက်တော်မူသောအခါ
ထိုတပည့်တော်က၊ သခင်၊ ကိုယ်တော်သည် အကျွန်ုပ်
၏ ခြေကို ဆေးတော်မူမည်လောဟု မေးလျှောက်၏။
၇ ယေရှုကလည်း၊ သင်သည် ငါပြုသောအမှုကို
ယခု နားမလည်သေး။ နောက်မှ သိလိမ့်မည်ဟု မိန့်
တော်မူ၏။
၈ ပေတရု ကလည်း၊ ကိုယ်တော်သည် အကျွန်ုပ်၏
ခြေကို အလျှင်းဆေးတော် မမူရဟု လျှောက်၏။
ယေရှုကလည်း၊ သင့်ကို ငါ မဆေးရလျှင် သင်သည်
ငါနှင့် မဆက်ဆံရဟု မိန့်တော်မူ၏။
၉ ရှိမုန်ပေတရုကလည်း၊ အကျွန်ုပ်၏ ခြေကိုသာ
မဆေးပါနှင့်။ လက်ကိုဧင်း၊ ဦးခေါင်းကိုဧင်း ဆေးတော်
မူပါဟု လျှောက်ပြန်၏။
၁၀ ယေရှု ကလည်း၊ ရေချိုးပြီးသောသူ မည်သည်
ကား၊ ခြေဆေးခြင်းမှတပါး ဆေးရသော အကြောင်း
မရှိ။ တကိုယ်လုံး စင်ကြယ်၏။ သင်တို့သည် စင်ကြယ်
သော်လည်း အချို့မစင်ကြယ်ဟု မိန့်တော်မူ၏။
၁၁ ကိုယ်တော်ကို အပ်နှံမည့်သူကိုသိတော်မူသော
ကြောင့်၊ သင်တို့တွင် တချို့ မစင်ကြယ်ဟု မိန့်တော်မူ
သတည်း။
၁၂ ထိုသို့သူတို့၏ ခြေကို ဆေးတော်မူပြီးမှ တဖန်
ဝတ်လုံကိုဝတ်၍ လျောင်းတော်မူလျက် သင်တို့၌ ငါပြုခဲ့
သော အမှုကို နားလည်ကြသလော။
၁၃ သင်တို့သည် ငါ့ကို အရှင်ဘုရားဟူ၍ဧင်း၊ သခင်
ဟူ၍ဧင်း ခေါ်တတ်ကြ၏။ ထိုစကားလည်း ဟုတ်မှန်
သောစကားဖြစ်၏။ အကြောင်းမူကား၊ သင်တို့ခေါ်
ကြသည်အတိုင်း ငါမှန်၏။
၁၄ ငါသည် သခင် ဖြစ်လျက်၊ အရှင်ဘုရားလည်း
ဖြစ်လျက် နှင့် သင်တို့၏ ခြေကို ဆေးလျှင် သင်တို့သည်
အချင်းချင်းတို့၏ ခြေကို ဆေးရကြမည်။
၁၅ ငါသည် သင်တို့၌ ပြုသကဲ့သို့ သင်တို့သည် ပြု
စေခြင်းငှါ ပုံသက်သေကို ပြခဲ့ပြီ။
၁၆ ငါအမှန်အကန် ဆိုသည်ကား၊ ကျွန်သည် သခင်
ထက်သာ၍ ကြီးမြတ်သည် မဟုတ်။ တမန်သည်
လည်း စေလွှတ်သောသူထက် သာ၍ ကြီးမြတ်သည်
မဟုတ်။
၁၇ ဤအရာများကို သင်တို့ သိ၍ သိသည်အတိုင်း
ကျင့်လျှင် မင်္ဂလာရှိကြ၏။
၁၈ သင်တို့ရှိသမျှကို ငါရည်မှတ်၍ ပြောသည်မဟုတ်။
ငါရွေးကောက်သောသူတို့ကို ငါသိ၏။ ကျမ်းစာချက်
ပြည့်စုံစေမည်အကြောင်း ငါနှင့်အတူ စားသော
သူသည် ငါ့ကို ခြေနှင့်ကျောက်သတည်း။
၁၉ ထိုအမှုအရာရောက်သောအခါ ငါသည်ဤမည်
သောသူဖြစ်သည်ကို သင်တို့သည် ယုံကြည်စေခြင်းငှါ
မရောက်မီ ယခုပင် သင်တို့အား ငါပြောနှင့်ပြီ။
၂၀ ငါအမှန် အကန်ဆိုသည်ကား၊ ငါစေလွှတ်သော
သူကို လက်ခံသောသူသည် ငါ့ကို လက်ခံ၏။ ငါ့ကို
လက်ခံသောသူသည် ငါ့ကို စေလွှတ်တော်မူသောသူ
ကို လက်ခံသည်ဟု မိန့်တော်မူ၏။
၂၁ ထိုသို့ ယေရှုသည်မိန့်တော်မူပြီးမှ စိတ်နှလုံးတော်
ပူပန်ခြင်းရှိ၍၊ ငါအမှန်အကန် ဆိုသည်ကား၊ သင်တို့
တွင် တစုံတယောက်သောသူသည် ငါ့ကို အပ်နှံလိမ့်
မည်ဟု သက်သေခံလျက် မိန့်တော်မူ၏။
၂၂ အဘယ်သူကို ရည်ဆောင်၍ မိန့်တော်မူသည်
ကို တပည့်တော်တို့သည် တွေးတောခြင်း ရှိသဖြင့်၊

အချင်းချင်း တယောက်ကို တယောက် ကြည့်ရှုကြ၏။
၂၃ ယေရှု ချစ်တော်မူသော တပည့်တော်သည် ရင်
ခွင်တော်နားမှာ လျောင်းသဖြင့်၊
၂၄ အဘယ်သူကို ရည်ဆောင်၍ မိန့်တော်မူသနည်း
ဟု မေးစေခြင်းငှါ၊ ရှိမုန်ပေတရုသည် ထိုတပည့်တော်
ကို အမှတ်ပေး၏။
၂၅ ထိုတပည့်တော်သည် ယေရှု၏ ရင်တော်ကို မှီ
၍ လျောင်းနေလျက်၊ သခင်၊ အဘယ်သူနည်းဟု
လျှောက်၏။
၂၆ ယေရှုကလည်း ဤမုန့် တလုပ်စာကို ငါနှစ်၍
ပေးသောသူဖြစ်၏ဟု မိန့်တော်မူပြီးလျှင် မုန့်တလုပ်စာ
ကို နှစ်ပြီးမှ ရှိမုန်၏သား ယုဒရှကာရုတ်အား ပေး
တော်မူ၏။
၂၇ ထိုသူသည် မုန့်တလုပ်စာကို ခံပြီးမှ၊ စာတန်သည်
သူ့အထဲသို့ ဝင်လေ၏။ ယေရှုကလည်း၊ သင်ပြုရသော
အမှုကို အလျင်အမြန်ပြုလော့ဟု ထိုသူအား မိန့်
တော်မူ၏။
၂၈ အဘယ်ကြောင့် ထိုသို့ မိန့်တော် မူသည်ကို စားပွဲ
၌ လျောင်းသောသူတို့တွင် အဘယ်သူ မျှမသိ။
၂၉ အချို့တို့က ယုဒရှကာရုတ်သည် ငွေအိတ်ကို
ဆောင်သောကြောင့်၊ ဤပွဲ၌ ငါတို့ သုံးစရာအဘို့ကို
ဝယ်လော့ ဟူ၍၎င်း၊ သို့မဟုတ် ဆင်းရဲသောသူတို့
အား တစုံတခုကိုပေးလော့ ဟူ၍၎င်း၊ ယေရှု မိန့်တော်
မူသည်ဟု ထင်မှတ်ကြ၏။
၃၀ ယုဒရှကာရုတ်သည် မုန့်တလုပ်စာကို ခံပြီးမှ
ချက်ခြင်းထွက်သွား၏။ ထိုအချိန်ကား ညအချိန် ဖြစ်၏။
၃၁ ထိုသူ သွားသည်နောက်၊ ယေရှုက၊ ယခုတွင်
လူသားသည် ဘုန်းထင်ရှားခြင်း ရှိသည်ဖြစ်၍၊ ဘုရား
သခင်သည်လည်း လူသားအားဖြင့် ဘုန်းတော်
ထင်ရှားခြင်း ရှိ၏။
၃၂ ဘုရားသခင်သည် လူသားအားဖြင့် ဘုန်းတော်
ထင်ရှားခြင်းရှိလျှင်၊ ဘုရားသခင်သည် ကိုယ်တော်တိုင်
အားဖြင့် သူ၏ဘုန်းကို ထင်ရှားစေတော်မူလိမ့်မည်။
ကာလမကြာ မမြင့်မှီ သူ၏ ဘုန်းကို ထင်ရှားစေတော်မူ
လိမ့်မည်။
၃၃ ချစ်သားတို့၊ ငါသည် သင်တို့နှင့်အတူ ခဏသာ
နေရ၏။ သင်တို့သည် ငါ့ကို ရှာကြလိမ့်မည်။ ငါသွားရာ
အရပ်သို့ သင်တို့မရောက် နိုင်ကြဟု ယုဒလူတို့အား
ငါပြောသကဲ့သို့ ယခု သင်တို့အား ငါပြော၏။
၃၄ သင်တို့သည် အချင်းချင်း တယောက်ကို တ
ယောက် ချစ်ကြလော့။ ငါသည် သင်တို့ကို ချစ်သည်
နည်းတူ အချင်းချင်း ချစ်ကြလော့ဟု ပညတ်သစ်ကို
ငါပေး၏။
၃၅ သင်တို့သည် အချင်းချင်း ချစ်ကြလျှင်၊ လူအပေါင်း
တို့သည် ထိုမေတ္တာကို ထောက်၍ သင်တို့သည် ငါ၏
တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်ဟုမိန့်တော်မူ၏။
၃၆ ရှိမုန်ပေတရုက၊ သခင်၊ ကိုယ်တော်သည် အဘယ်
အရပ်သို့ ကြွတော်မူမည်နည်းဟု မေးလျှောက်လျှင်၊
ယေရှုက၊ ငါသွားရာအရပ်သို့ သင်သည် ယခု မလိုက်
နိုင်။ နောက်မှ လိုက်ရလိမ့်မည်ဟုမိန့်တော်မူ၏။
၃၇ ပေတရုကလည်း၊ သခင်၊ အကျွန်ုပ်သည်
ကိုယ်တော်နှင့်အတူ အဘယ်ကြောင့် ယခု မလိုက်နိုင်
သနည်း။ ကိုယ်တော်အဘို့ အကျွန်ုပ်၏ အသက်ကို
စွန့်ပါမည်ဟု လျှောက်လျှင်၊
၃၈ ယေရှုက၊ ငါ့အဘို့ သင့်အသက်ကို စွန့်မည်လော၊
ငါအမှန်အကန်ဆိုသည်ကား၊ ကြက် မတွန်မှီ သင်သည်
သုံးကြိမ်မြောက်အောင် ငါ့ကိုငြင်းပယ် လိမ့်မည်ဟု
မိန့်တော်မူ၏။

## ၁၄

၁ တဖန်တုံ ယေရှုက၊ သင်တို့ စိတ်နှလုံးပူပန်ခြင်း
မရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကို
လည်း ယုံကြည်ကြလော့။
၂ ငါ့အဘ၏ အိမ်တော်၌ နေစရာအခန်း အများ
ရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား
ငါမပြောဘဲ မနေ။ သင်တို့ နေစရာအရပ်ကို ပြင်ဆင်
ခြင်းငှါ ငါသွားရ၏။
၃ ငါသည် သွား၍ သင်တို့နေစရာ အရပ်ကို ပြင်ဆင်
ပြီးမှ တဖန်လာပြန်၍၊ ငါရှိရာအရပ်၌ သင်တို့ ရှိစေခြင်း
ငှါ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်။
၄ ငါသည် အဘယ်အရပ်သို့ သွားသည်ကို၎င်း၊
လမ်းခရီးကို၎င်း၊ သင်တို့သိကြ၏ဟု မိန့်တော်မူ၏။
၅ သောမ ကလည်း၊ သခင်၊ ကိုယ်တော်သည်
အဘယ်အရပ်သို့ သွားတော်မူသည်ကို အကျွန်ုပ်တို့
မသိသည်ဖြစ်၍၊ လမ်းခရီးကို အဘယ်သို့ သိနိုင်ပါ
မည်နည်းဟု လျှောက်လျှင်၊
၆ ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏၊ သမ္မာတရား
လည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင်
အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။
၇ သင်တို့သည် ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကို
မသိဘဲ မနေရကြ။ ယခု မှစ၍ ခမည်းတော်ကို သိမြင်
ကြ၏ဟု မိန့်တော်မူ၏။
၈ ဖိလိပ္ပုကလည်း၊ သခင်၊ ခမည်းတော်ကို အကျွန်ုပ်



ဟူ၍၎င်း မိန့်တော်မူ၏။ ထိုအခါမှစ၍ ထိုတပည့်တော်
သည် မယ်တော်ကို မိမိအိမ်၌ သိမ်းထား၏။
၂၈ ထိုနောက် ကျမ်းစာ ပြည့်စုံစေခြင်းငှါ အမှုရှိသမျှ
ကုန်စင်ပြီးသည်ကို သိတော်မူလျှင်၊ ရေငတ်သည်ဟု
မိန့်တော်မူ၏။
၂၉ ထိုအရပ်၌ ပုံးရည်နှင့်ပြည့်သော အိုးတလုံး ရှိ
သည်ဖြစ်၍၊ ထိုသူတို့သည် ရေမြှုပ်တထွေးကို ပုံးရည်နှင့်
ပြည့်စေပြီးလျှင်၊ ဟုသုပ်ပင် အကိုင်းဖျား၌ တပ်၍
ခံတွင်းတော်သို့ ကပ်ထားကြ၏။
၃၀ ယေရှုသည် ပုံးရည်ကို ခံပြီးမှ၊ အမှုပြီးပြီဟု မိန့်
တော်မူလျက်၊ ခေါင်းတော်ကို ငိုက်စိုက်ညွတ်၍ အ
သက်တော်ကို စွန့်တော်မူ၏။
၃၁ ထိုနေ့သည်အဘိတ်နေ့ဖြစ်၍၊ နက်ဖြန်နေ့လည်း
ကြီးမြတ်သော ဥပုသ်နေ့ဖြစ်သည်ကို ယုဒလူတို့သည်
ထောက်၍၊ အလောင်းကောင်တို့ကို ဥပုသ်နေ့၌
လက်ဝါးကပ်တိုင်ပေါ်မှာ မရှိစေခြင်းငှါ ပိလတ်မင်းထံသို့
ဝင်ပြီးလျှင်၊ ခြေကိုချိုး၍ ထိုအလောင်းကောင်တို့ကို
ယူသွားရမည်အကြောင်း အခွင့်တောင်းကြ၏။
၃၂ ထိုအခါ စစ်သူရဲတို့သည် သွား၍ကိုယ်တော်နှင့်
အတူ လက်ဝါးကပ်တိုင်မှာ ရိုက်ထားသော သူနှစ်
ယောက်တို့၏ ခြေကို ချိုးလေ၏။
၃၃ ယေရှုထံသို့ ရောက်၍ အသက် မရှိကြောင်းကို
မြင်လျှင် ခြေကို မချိုးဘဲ၊
၃၄ စစ်သူရဲတယောက်သည် နံဖေးတော်ကို လှံနှင့်
ထိုးဖောက်၍ သွေးနှင့်ရေသည် ချက်ခြင်းထွက်လာ၏။
၃၅ ထိုအကြောင်းအရာကို မြင်သောသူသည်
သက်သေခံ၏။ သူ၏ သက်သေခံချက်သည်လည်း
မှန်ပေ၏။ သင်တို့သည် ယုံကြည်မည် အကြောင်း၊
သူပြောသော စကားမှန်သည်ကို သူသိ၏။
၃၆ ထိုအကြောင်းအရာကား၊ သူ၏အရိုးကို မချိုးရဟု
ကျမ်းစာလာချက် ပြည့်စုံမည်အကြောင်းတည်း။
၃၇ တဖန်ကျမ်းစာ လာသည်ကား၊ ထိုသူတို့သည်
မိမိတို့ ထိုးဖောက်သောသူကို ရှုမြင်ရကြလိမ့်မည်ဟု
လာ၏။
၃၈ ထိုနောက်မှ အရိမသဲမြို့သား ယောသပ်သည်
ယုဒလူတို့ကို ကြောက်၍ မထင်မရှား တပည့်တော်ဖြစ်
သည်နှင့်၊ ပိလတ်မင်း ထံသို့ဝင်၍ ယေရှု၏ အလောင်း
တော်ကို ယူသွားမည်အကြောင်း အခွင့်တောင်း၏။
ပိလတ်မင်း အခွင့်ပေးလျှင်၊ ထိုသူသည် သွား၍ ယေရှု၏
အလောင်းတော်ကို ယူလေ၏။
၃၉ အထက်က ညဉ့်အခါ ယေရှု ထံတော်သို့
လာသော နိကောဒင်သည်လည်း၊ အခွက် သုံးဆယ်
မျှလောက်အချိန်ရှိသောမုရန်နှင့် အကျော်ကို ရောနှော
သောနံ့သာပျောင်းကို ဆောင်လျက်လာ၏။
၄၀ ထိုသူတို့သည် ယေရှု၏ အလောင်းတော်ကို
ယူ၍၊ ယုဒလူတို့၏ သင်္ဂြိုဟ်ခြင်းနှင့် ဆိုင်သော
ပြင်ဆင်ခြင်း ထုံးစံရှိသည်အတိုင်း နံ့သာမျိုးနှင့်တကွ
ပိတ်ပုဆိုးဖြင့် အလောင်းတော်ကို ပတ်ရစ်ကြ၏။
၄၁ လက်ဝါး ကပ်တိုင်မှာ ရိုက်ထားသော အရပ်တွင်
ဥယျာဉ်ရှိ၏။ ထိုဥယျာဉ်၌ တယောက်ကိုမျှ မသင်္ဂြိုဟ်
ဘူးသော သင်္ချိုင်းတွင်းသစ် ရှိ၏။
၄၂ ယုဒလူတို့၏ အဘိတ်နေ့ ဖြစ်သောကြောင့်၊
အနီးအပါးတွင်ရှိသော ထိုသင်္ချိုင်းတွင်း၌ အလောင်း
တော်ကို ထားကြ၏။

## ၂၀

၁ ခုနစ်ရက်တွင် ပထမ နေ့ရက်၊ မိုဃ်းမလင်းမှီ
စောစောအချိန်၌ မာဂဒလမာရိသည် သင်္ချိုင်းတော်သို့
သွား၍ တွင်းဝ၌ပိတ်သော ကျောက်သည် ရွေ့လျက်
ရှိသည်ကို မြင်လျှင်၊
၂ ရှိမုန်ပေတရုနှင့် ယေရှု ချစ်တော်မူသော အခြား
တပည့်တော် ဆီသို့ ပြေးသွား၍ သင်္ချိုင်းတော်မှ
သခင်ကို ယူသွားကြပြီ။ အဘယ်မှာ ထားကြသည်ကို
မသိဟု ပြောဆို၏။
၃ ထိုအခါ ပေတရုနှင့် အခြားသော တပည့်တော်
သည် ထွက်၍ သင်္ချိုင်းတော်သို့ သွားကြ၏။
၄ ထိုသူနှစ်ယောက်တို့သည် အတူပြေးသည်တွင်
အခြားသော တပည့်တော်သည် ပေတရုကိုလွန်၍
သင်္ချိုင်းတော်သို့ အရင်ရောက်သည် ရှိသော် ငုံ့၍ကြည့်
သဖြင့်၊
၅ ပိတ်ပုဆိုးရှိရစ်သည်ကို မြင်လျှင်၊ မဝင်ဘဲနေ၏။
၆ ရှိမုန်ပေတရုသည် နောက်သို့လိုက်၍ရောက်
သောအခါတွင်းထဲသို့ ဝင်လျှင်၊ ပိတ်ပုဆိုးရှိရစ်သည်
ကို၎င်း၊
၇ ခေါင်းတော်၌ရှိသောပဝါသည် ပိတ်ပုဆိုးနှင့်အတူ
မရှိဘဲတခြားစီလိပ်လျက် ရှိသည်ကို၎င်း မြင်လေ၏။
၈ ထိုအခါ သင်္ချိုင်းတော်သို့ အရင်ရောက်သော
အခြား တပည့်တော်သည် ဝင်၍ မြင်သဖြင့် ယုံလေ၏။
၉ ကိုယ်တော်သည် သေခြင်းမှ ထမြောက်ရမည်
ဟူသော ကျမ်းစကားကို တပည့်တော်တို့သည် နား
မလည်ကြသေး။
၁၀ နောက်မှ ထိုသူ နှစ်ယောက်တို့သည် မိမိတို့
အပေါင်းအသင်း ရှိရာသို့ ပြန်သွားကြ၏။

သူ့ကိုယူ၍ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ။ ငါသည် သူ၌ အပြစ်ကို မတွေ့ဟု ဆိုလျှင်၊

၇ ယုဒ လူတို့က၊ ဤသူသည် ဘုရားသခင်၏ သားတော် ဖြစ်ယောင်ဆောင်သောကြောင့် အကျွန်ုပ်တို့၌ရှိသော ဓမ္မသတ်အတိုင်း သေထိုက်ပါသည်ဟု လျှောက်ကြ၏။

၈ ထိုစကားကို ကြားလျှင် ပိလတ်မင်းသည် သာ၍ ကြောက်သဖြင့်၊ အိမ်တော်ဦးထဲသို့ ဝင်ပြန်၍၊

၉ ယေရှုအား၊ သင်သည် အဘယ်က ဖြစ်သနည်းဟု မေးလျှင် တခွန်းကိုမျှ ပြန်တော်မမူ။

၁၀ ပိလတ်မင်း ကလည်း၊ ငါနှင့်စကား မပြောသလော။ ငါသည်သင့်ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားပိုင်သည်ကိုရင်း၊ လွှတ်ပိုင်သည်ကိုရင်း သင် မသိလောဟု ဆိုသော်၊

၁၁ အထက်အရပ်မှ အခွင့်ကို မရလျှင် မင်းကြီးသည် ငါ့ကို အဘယ်သို့မျှ မပြုပိုင်။ ထို့ကြောင့် ငါ့ကို မင်းကြီးလက်သို့ အပ်နှံသော သူသည် သာ၍ ကြီးသော အပြစ်ရှိသည်ဟု မိန့်တော်မူ၏။

၁၂ ထိုအခါမှစ၍ ပိလတ်မင်းသည် ကိုယ်တော်ကို လွှတ်ခြင်းငှါ ရှာကြံလေ၏။ ယုဒလူတို့ကလည်း၊ ထိုသူကို လွှတ်လျှင် ကိုယ်တော်သည် ကဲသာဘုရင်၏အဆွေမဟုတ်ပါ။ ရှင်ဘုရင် လုပ်သောသူ မည်သည်ကား၊ ကဲသာဘုရင်၏ ရန်သူဖြစ်ပါသည်ဟု လျှောက်ကြ၏။

၁၃ ထိုစကားကို ကြားလျှင် ပိလတ်မင်းသည် ယေရှုကို ပြင်သို့ ထုတ်ပြီးမှ ဟေဗြဲစကားအားဖြင့် ဂဗ္ဗသ အမည်ရှိ၍ ကျောက်ခင်းဟု ခေါ်ဝေါ်သော အရပ်၌ တရားပလ္လင်ပေါ်မှာ ထိုင်လေ၏။

၁၄ ထိုနေ့အချိန်ကား၊ ပသခါအဘိတ်နေ့ တချက်တီးအချိန်လောက်ရှိ၏။ ပိလတ်မင်းကလည်း၊ သင်တို့၏ ရှင်ဘုရင်ကို ကြည့်ကြလော့ဟု ယုဒလူတို့ အားပြောဆိုလျှင်၊

၁၅ ထိုသူကို ထုတ်ပါ။ ထုတ်ပါ။ လက်ဝါးကပ်တိုင်မှာ ရိုက်ထားပါဟု လူများ ဟစ်ကြော်ကြ၏။ ပိလတ်မင်းကလည်း သင်တို့၏ ရှင်ဘုရင်ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားရမည်လောဟု မေးပြန်လျှင်၊ ယဇ်ပုရောဟိတ်အကြီးတို့က၊ အကျွန်ုပ်တို့၌ ကဲသာဘုရင်မှတပါး အဘယ်ရှင်ဘုရင်မျှ မရှိပါဟု ပြန်ပြောကြ၏။

၁၆ ထိုအခါ ပိလတ်မင်းသည် ယေရှုကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားစေခြင်းငှါ ထိုသူတို့ လက်သို့ အပ်သဖြင့်၊ သူတို့သည် ကိုယ်တော်ကို ယူ၍ ထုတ်သွားကြ၏။

၁၇ ကိုယ်တော်သည် မိမိ လက်ဝါးကပ်တိုင်ကို ထမ်းလျက် ဦးခေါင်းခွံအရပ်ဟူ၍ တွင်သောအရပ်သို့ ထွက်တော်မူ၏။ ထိုအရပ်ကား၊ ဟေဗြဲ စကား အားဖြင့် ဂေါလဂေါသ အမည်ရှိ၏။

၁၈ ထိုအရပ်၌ ကိုယ်တော်ကို အခြားသောသူနှစ်ယောက်နှင့်တကွ လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏။ ထိုသူနှစ်ယောက် အလယ်မှာ ယေရှုသည် နေရာကျသတည်း။

၁၉ ပိလတ်မင်းသည်လည်း ကမ္ပည်းလိပ်စာကို ရေး၍ လက်ဝါးကပ်တိုင်တော်၌ တပ်လေ၏။ လိပ်စာချက်ဟူမူကား၊ ယုဒရှင်ဘုရင် နာဇရက်မြို့သား ယေရှုဟု ရေးထားသတည်း။

၂၀ ယေရှုကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားသောအရပ်သည် မြို့နှင့်နီးသည်ဖြစ်၍၊ ထိုလိပ်စာကိုဟေဗြဲဘာသာ၊ ဟေလလသ ဘာသာ၊ ရောမဘာသာအားဖြင့် ရေးထားသောကြောင့် ယုဒလူများတို့သည်ဘတ်ကြ၏။

၂၁ ထို့ကြောင့် ယုဒ ယဇ်ပုရောဟိတ်အကြီးတို့သည် ပိလတ်မင်းထံသို့ ဝင်၍၊ ယုဒရှင်ဘုရင်ဟု မရေးပါနှင့်။ ငါသည် ယုဒရှင်ဘုရင် ဖြစ်သည်ဟု သူဆိုကြောင်းကို ရေးတော်မူပါဟု လျှောက်ကြလျှင်၊

၂၂ ပိလတ်မင်းက၊ ငါရေးပြီးသော အရာကို ငါရေးပြီဟု ပြန်ဆို၏။

၂၃ စစ်သူရဲတို့သည် ယေရှုကို လက်ဝါးကပ်တိုင်၌ ရိုက်ထားပြီးမှ၊ အဝတ်တော်တို့ကို လေးပိုင်းပိုင်း၍ တယောက် တပိုင်းစီ ယူကြလေ၏။ အတွင်း အင်္ကျီတော်ကား မချုပ်ဘဲလျက် အထက်စွန်းမှသည်အောက်စွန်းတိုင်အောင် ယက်သော အင်္ကျီ ဖြစ်သောကြောင့်၊

၂၄ ထိုသူတို့က အင်္ကျီကို မဆုတ်ကြနှင့်။ အဘယ်သူယူရမည်ကို စာရေးတံချကြကုန်အံ့ဟု အချင်းချင်း ဆိုကြ၏။ ကျမ်းစာ လာသည်ကား၊ သူတို့သည် အကျွန်ုပ်အဝတ်ကို အချင်းချင်း ဝေဖန်၍ အကျွန်ုပ် အင်္ကျီကို စာရေးတံချကြပါ၏ဟူသော အချက်စကားကိုပြည့်စုံစေ၍ စစ်သူရဲတို့သည် ထိုသို့ပြုကြ၏။

၂၅ ယေရှု၏ လက်ဝါးကပ်တိုင်တော် နားမှာ မယ်တော်နှင့် မယ်တော်၏ ညီမဖြစ်သော ကလောဖ၏ မယား မာရိနှင့် မာဂဒလ မာရိတို့သည် ရပ်နေကြ၏။

၂၆ ထိုအခါ မယ်တော်နှင့် ချစ်တော်မူသော တပည့်တော်သည် အနားမှာ ရပ်နေသည်ကို ယေရှုသည် မြင်တော်မူလျှင်၊ မယ်တော်အား၊ အချင်းမိန်းမ၊ သင်၏ သားကိုကြည့်ပါ ဟူ၍၎င်း၊

၂၇ တပည့်တော်အားလည်း၊ သင်၏အမိကို ကြည့်ပါ



တို့အား ပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့ အလို ပြည့်စုံပါမည်ဟု လျှောက်လျှင်၊

၉ ယေရှုက၊ ဖိလိပ္ပု ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။ ငါ့ကို မြင်သောသူသည် ခမည်းတော်ကို မြင်၏။ သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည် အဘယ်သို့ ဆိုရသနည်း။

၁၀ ငါသည် ခမည်းတော်၌ ရှိသည်ကိုရင်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုရင်း မယုံသလော။ ငါဟောပြောသောစကားကို ကိုယ်အလိုအလျောက် ငါဟောပြောသည်မဟုတ်။ ငါပြုသော အမှုတို့ကိုကား ငါ၌ တည်နေတော်မူသော ခမည်းတော်သည် ပြုတော်မူ၏။

၁၁ ငါသည် ခမည်းတော်၌ရှိသည်ကိုရင်း၊ ခမည်းတော်သည် ငါ၌ရှိတော်မူသည်ကိုရင်းယုံကြလော့။ ငါ့စကားကိုမယုံလျှင်၊ ငါ့အမှုတို့ကိုထောက်၍ယုံကြလော့။

၁၂ ငါအမှန်အကန် ဆိုသည်ကား၊ ငါ့ကို ယုံကြည်သောသူသည် ငါပြုသော အမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက် သာ၍ကြီးသော အမှုတို့ကိုလည်း ပြုလိမ့်မည်။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံသို့သွား၍၊

၁၃ သင်တို့သည် ငါ၏ နာမကို အမှီပြုလျက် ဆုတောင်းသမျှအတိုင်း ငါပြုမည်။ အကြောင်းမူကား၊ ခမည်းတော်သည် သားတော်အားဖြင့် ဘုန်းထင်ရှားတော်မူခြင်းရှိမည် အကြောင်းတည်း။

၁၄ သင်တို့သည် ငါ၏နာမကိုအမှီပြု၍တစုံတခုသောဆုကို တောင်းလျှင်၊ တောင်းသည်အတိုင်း ငါပြုမည်။

၁၅ ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ရှောက်ကြလော့။ ငါသည် ခမည်းတော်ကို တောင်း၍၊

၁၆ ခမည်းတော်သည် သမ္မာတရားကို ပြသော ဝိညာဉ်တော်တည်းဟူသော တပါးသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်။

၁၇ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့ သိရကြ၏။

၁၈ ငါသည် သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှါ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့ လာဦးမည်။

၁၉ ခဏကြာပြီးမှ လောကီသားတို့သည် ငါ့ကို မမြင်ရကြ။ သင်တို့မူကား မြင်ရကြလိမ့်မည်။ ငါသည် အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်။

၂၀ ငါသည် ခမည်းတော်၌ ရှိသည်ကိုရင်း၊ သင်တို့သည် ငါ၌ ရှိသည်ကိုရင်း၊ ငါသည် သင်တို့၌ ရှိသည်ကိုရင်း၊ ထိုနေ့၌ သင်တို့သည် သိရကြလိမ့်မည်။

၂၁ ငါ့ပညတ်တို့ကို ရ၍ စောင့်ရှောက်သောသူသည် ငါ့ကို ချစ်သောသူဖြစ်၏။ ငါ့ကို ချစ်သောသူကို ငါ့ခမည်းတော်သည် ချစ်တော်မူမည်။ ငါသည်လည်း ထိုသူကို ချစ်၍ သူ့အား ကိုယ်တိုင် ထင်ရှားမည်ဟု မိန့်တော်မူ၏။

၂၂ ယုဒရှကာရုတ်မဟုတ်၊ အခြားသော ယုဒက၊ သခင်၊ ကိုယ်တော်သည် လောကီသားတို့အား မထင်မရှားဘဲ အကျွန်ုပ်တို့အား အဘယ်သို့ ထင်ရှားတော်မူမည်နည်းဟု မေးလျှောက်၏။

၂၃ ယေရှု ကလည်း၊ ငါ့ကို ချစ်သော သူသည် ငါ့စကားကို နားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ ကြွ၍ နေရာချမည်။

၂၄ ငါ့ကို မချစ်သောသူသည် ငါ့စကားကို နားမထောင်။ သင်တို့ ကြားသောစကားသည် ငါ့စကားမဟုတ်။ ငါ့ကို စေလွှတ်တော်မူသော ခမည်းတော်၏ စကားတော်ဖြစ်၏။

၂၅ ငါသည် သင်တို့နှင့်အတူ ရှိစဉ်တွင် ဤစကားကို ပြောခဲ့ပြီ။

၂၆ ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပဇ္ဈာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသော အရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်။

၂၇ ငြိမ်သက်ခြင်းကို သင်တို့၌ ငါထားခဲ့၏။ ငါ၏ ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကီသားတို့ ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့ စိတ်နှလုံး ပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်။

၂၈ ငါသည် ယခုသွားသော်လည်း သင်တို့ဆီသို့ လာဦးမည်ဟု ငါပြောသောစကားကို သင်တို့ကြားရကြပြီ။ သင်တို့သည် ငါ့ကိုချစ်လျှင် ခမည်းတော်ထံသို့ ငါသွားမည်ကို ဝမ်းမြောက်ကြလိမ့်မည်။ အကြောင်းမူကား၊ ငါ့ခမည်းတော်သည် ငါ့ထက်သာ၍ ကြီးမြတ်တော်မူ၏။

၂၉ ထိုအမှုအရာ ရောက်သောအခါ သင်တို့သည်

ယုံကြည်စေခြင်းငှါ၊ မရောက်မှီ ယခုပင် သင်တို့အား
ငါပြောနှင့်ပြီ။
၃၀ ယခုမှစ၍ ငါသည် သင်တို့နှင့် များစွာ မပြောရ။
အကြောင်းမူကား ဤလောကကို အစိုးရသော
မင်းသည် လာဆဲဖြစ်၏။ လာသော်လည်း ငါ၌အဘယ်
အခွင့်အရာကိုမျှ မတွေ့ရ။
၃၁ ငါသည် ခမည်းတော်ကို ချစ်သည်ကို ၎င်း၊
ခမည်းတော် မှာတော်မူသည်အတိုင်း ငါပြုသည်ကို၎င်း
လောကီသားတို့ သိမည် အကြောင်းတည်း။ ဤ
အရပ်မှ ထ၍ သွားကြကုန်အံ့။

၁၅

၁ ငါသည် မှန်သော စပျစ်နွယ်ပင် ဖြစ်၏။ ငါ့ခမည်း
တော်သည်လည်း ဥယျာဉ်စောင့် ဖြစ်တော်မူ၏။
၂ ငါ၌ အသီးမသီးသောအခက် ရှိသမျှတို့ကိုခုတ်ပစ်
တော်မူ၏။ အသီးသီးသော အခက်ရှိသမျှတို့ကို သာ၍
အသီး သီးစေခြင်းငှါ သုတ်သင်ရှင်းလင်းတော်မူ၏။
၃ သင်တို့သည် ငါဟောပြောသော စကားအားဖြင့်
ယခုပင် ရှင်းလင်းလျက်ရှိကြ၏။
၄ ငါ၌ တည်နေကြလော့။ ငါသည်လည်း သင်တို့၌
တည်နေမည်။ စပျစ်ခက်သည် အပင်၌ မတည်လျှင်၊
ကိုယ်အလိုအလျောက် အသီးမသီးနိုင်သကဲ့သို့ သင်တို့
သည် ငါ၌ မတည်လျှင် အသီးမသီးနိုင်ကြ။
၅ ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည်
အခက်များ ဖြစ်ကြ၏။ အကြင်သူသည် ငါ၌ တည်၍
ငါသည်လည်း သူ၌တည်၏၊ ထိုသူသည် များစွာသော
အသီးကို သီးတတ်၏။ ငါနှင့် ကွာလျှင် သင်တို့သည်
အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။
၆ ငါ၌ မတည်သောသူသည် သွေ့ခြောက်သော
အခက် ကဲ့သို့ ပြင်သို့ ပစ်လိုက်ခြင်းကို ခံရ၏။ ထိုသို့
သော အခက်များကို လူတို့သည် စုသိမ်း၍ မီးထဲသို့
ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ ရောက်ကြ၏။
၇ သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့
၌တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း
၍ ရကြလိမ့်မည်။
၈ သင်တို့သည် များစွာသော အသီးကို သီးသော
အားဖြင့်၊ ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍၊
သင်တို့သည်လည်း ငါ၏ တပည့်မှန်ကြလိမ့်မည်။
၉ ခမည်းတော်သည် ငါ့ကို ချစ်တော်မူသကဲ့သို့
ငါသည် သင်တို့ကို ချစ်၏။ ငါ၏ ချစ်ခြင်းမေတ္တာ၌
တည်နေကြလော့။
၁၀ ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကို စောင့်
ရှောက်၍ ခမည်းတော်၏ မေတ္တာ၌ တည်နေသကဲ့သို့
သင်တို့သည် ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင်၊ ငါ့
မေတ္တာ၌ တည်နေကြလိမ့်မည်။
၁၁ သင်တို့၌ ငါဝမ်းမြောက်စရာအကြောင်း တည်စေ
ခြင်းငှါ၎င်း၊ သင်တို့ ဝမ်းမြောက်စရာအကြောင်း စုံလင်
စေခြင်းငှါ၎င်း၊ ဤစကားကို သင်တို့အား ငါဟောပြော၏။
၁၂ ငါ့ပညတ်ဟူမူကား၊ ငါသည် သင်တို့ကို ချစ်သည်
နည်းတူ၊ သင်တို့သည် အချင်းချင်း ချစ်ကြလော့။
၁၃ ကိုယ်အဆွေ တို့အဘို့အလို့ငှါ ကိုယ်အသက်ကို
စွန့်ခြင်း မေတ္တာထက်သာ၍ မြတ်သော မေတ္တာသည်
အဘယ်သူ၌မျှ မရှိ။
၁၄ သင်တို့သည် ငါပညတ်သမျှတို့ကို ကျင့်ဆောင်
လျှင် ငါ၏ အဆွေဖြစ်ကြ၏။
၁၅ ယခုမှစ၍ ငါသည် သင်တို့ကို ကျွန် ဟူ၍မခေါ်။
ကျွန် မူကား၊ ကိုယ်သခင်ပြုသောအမှုကို မသိ။
သင်တို့ကို အဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား၊
ငါသည် ခမည်းတော်ထံ၌ ကြားသမျှသော အရာတို့ကို
သင်တို့အား ငါပြသ၏။
၁၆ သင်တို့သည် ငါ့ကိုရွေးကောက်ကြသည် မဟုတ်။
ငါသည် သင်တို့ကို ရွေးကောက်သဖြင့်၊ သင်တို့သည်
သွား၍တည်ကြည်သော အသီးကို သီးမည်အကြောင်း
နှင့် ငါ့နာမကိုအမှီပြု၍ ခမည်းတော်မှာ တောင်းသမျှ
တို့ကို ရမည်အကြောင်း သင်တို့ကို ငါခန့်ထား၏။
၁၇ သင်တို့သည် အချင်းချင်း ချစ်စေခြင်းငှါ ဤပညတ်
တို့ကို ငါပေး၏။
၁၈ လောကီသားတို့သည် သင်တို့ကို မုန်းလျှင်၊ သင်
တို့ကို မမုန်းမှီ ငါ့ကိုမုန်းကြသည်ကို သိမှတ်ကြလော့။
၁၉ သင်တို့သည် လောကီနှင့် ဆက်ဆံလျှင်၊ လော
ကီသားတို့သည် မိမိတို့နှင့် ဆက်ဆံသော သင်တို့ကို
ချစ်ကြလိမ့်မည်။ သင်တို့သည် လောကီနှင့် မဆက်ဆံ၊
လောကီထဲက ငါရွေးကောက်သောသူ ဖြစ်သော
ကြောင့် လောကီသားတို့သည် သင်တို့ကို မုန်းကြ၏။
၂၀ ကျွန်သည် မိမိသခင်ထက် သာ၍ ကြီးမြတ်သည်
မဟုတ်ဟု ငါပြောခဲ့ပြီးသောစကားကို အောက်မေ့ကြ
လော့။ သူတို့သည် ငါ့ကို ညှဉ်းဆဲလျှင် သင်တို့ကို
ညှဉ်းဆဲကြလိမ့်မည် ငါ့စကားကို နားထောင်လျှင်
သင်တို့၏ စကားကို နားထောင် ကြလိမ့်မည်။
၂၁ ထိုသူတို့သည် ငါ့ကို စေလွှတ်တော်မူသောသူကို
မသိသည် ဖြစ်၍၊ ငါ၏ နာမကြောင့် သင်တို့အား
ထိုအမှုရှိသမျှတို့ကို ပြုကြလိမ့်မည်။
၂၂ ငါသည် လာ၍ ထိုသူတို့အား မဟောမပြောလျှင်



မင်းလုလင်တယောက်က၊ သင်သည် ယဇ်ပုရောဟိတ်
မင်းကို ဤသို့ ပြန်ပြောရာ သလောဟု ဆိုလျက် ယေရှု
ကို ရိုက်လေ၏။
၂၃ ယေရှုကလည်း ငါ့စကား မမှန်လျှင် မမှန်ကြောင်း
ကိုပြပါ မှန်လျှင် ငါ့ကို အဘယ်ကြောင့် ရိုက်သနည်းဟု
မိန့်တော်မူ၏။
၂၄ အန္နတ်မင်းသည် ကိုယ်တော်ကိုချည်နှောင်လျက်
ရှိသည်အတိုင်း၊ ယဇ်ပုရောဟိတ်မင်း ကယာဖထံသို့
ပို့စေခဲ့ပြီ။
၂၅ ရှိမုန်ပေတရုသည် ရပ်၍ မီးလှုံလျက် နေသည်
တွင် အချို့သော သူတို့က၊ သင်သည် သူ၏တပည့်တို့
အဝင်ဖြစ်သည် မဟုတ်လောဟု မေးလျှင်၊ မဟုတ်
ဘူးဟု ပေတရု ငြင်းလေ၏။
၂၆ ပေတရု ခုတ်၍ နားရွက် ပြတ်သော သူနှင့်
ပေါက်ဘော်တော်သော ယဇ်ပုရောဟိတ်မင်း၏ ကျွန်
တယောက်က၊ သင်သည် ဥယျာဉ်၌ ယေရှုနှင့်အတူ
ရှိသည်ကို ငါမြင်ခဲ့ပြီ မဟုတ်လောဟုဆိုလျှင်၊
၂၇ ပေတရုသည် တဖန် ငြင်းပြန်လေ၏၊ ထိုခဏခြင်း
တွင် ကြက်တွန်၏။
၂၈ နံနက်အချိန်ရောက်လျှင် ယေရှုကို ကယာဖထံ
မှ အိမ်တော်ဦးသို့ ဆောင်သွားကြ၏။ ထိုသူတို့သည်
အာပတ်နှင့် ကင်းလွတ်၍ ပသခါပွဲကိုခံရမည် အ
ကြောင်း၊ အိမ်တော်ဦးထဲသို့ ကိုယ်တိုင်မဝင်ကြ။
၂၉ ထိုကြောင့်ပိလတ်မင်းသည် သူတို့ရှိရာသို့ထွက်၍
ဤသူ၌အဘယ်အပြစ်ကိုတင်ကြသနည်းဟုမေးသော်၊
၃၀ ဤသူသည် လူဆိုးမဟုတ်လျှင် အကျွန်ုပ်တို့သည်
ကိုယ်တော်၌ မအပ်ပါဟု လျှောက်ကြ၏။
၃၁ ပိလတ်မင်း ကလည်း၊ သူ့ကို ယူ၍ သင်တို့
ဓမ္မသတ်အတိုင်း စီရင်ကြဟုဆို၏။ ယုဒလူတို့ကလည်း၊
အကျွန်ုပ်တို့သည် အဘယ်သူကိုမျှ မသတ်ပိုင်ပါဟု
လျှောက်ကြ၏။
၃၂ ထိုသို့ လျှောက်သော်၊ ယေရှုသည် အဘယ်သို့
မိမိ သေရမည် အရိပ်ကို ပေး၍၊ မိန့်တော်မူသော
စကားတော် ပြည့်စုံမည်အကြောင်းတည်း။
၃၃ ပိလတ်မင်းသည် အိမ်တော်ဦးထဲသို့ တဖန်ဝင်၍
ယေရှုကို ခေါ်ပြီးလျှင်၊ သင်သည် ယုဒ ရှင်ဘုရင်
မှန်သလောဟု မေး၏။
၃၄ ယေရှု ကလည်း၊ မင်းကြီးသည် ကိုယ်အလို
အလျောက် ဤသို့ မေးသလော။ သို့မဟုတ် သူတ
ပါးတို့သည် ငါ၏အကြောင်းကို လျှောက်ကြပြီလောဟု
မေးတော်မူ၏။
၃၅ ပိလတ်မင်းက၊ ငါသည် ယုဒလူ ဖြစ်သလော။
သင်၏ လူမျိုးနှင့်တကွ ယဇ်ပုရောဟိတ်အကြီးတို့သည်
သင့်ကို ငါ၌အပ်ကြပြီ။ သင်သည် အဘယ်သို့ ပြုမိ
သနည်းဟု မေးလျှင်၊
၃၆ ယေရှုက၊ ငါ၏နိုင်ငံသည် ဤလောကနှင့် မစပ်
ဆိုင်။ ငါ၏နိုင်ငံသည် ဤလောကနှင့် စပ်ဆိုင်လျှင်၊
ငါသည် ယုဒလူတို့လက်သို့ မရောက်စေခြင်းငှါငါ၏လူ
တို့သည် တိုက်လှန်ကြလိမ့်မည်။ ယခုမူကား ငါ၏ နိုင်ငံ
သည် ဤဒေသအရပ်နှင့် မစပ်ဆိုင်ဟု မိန့်တော်မူ၏။
၃၇ ပိလတ်မင်းကလည်း၊ သို့ဖြစ်လျှင် သင်သည်
ရှင်ဘုရင်မှန်သလောဟု မေးသော်၊ ယေရှုက၊ မင်းကြီး
မေးသည်အတိုင်း ငါသည် ရှင်ဘုရင် မှန်၏။ သမ္မာ
တရားဘက်၌ သက်သေခံခြင်းငှါ ငါသည် မွေးဘွား
ခြင်းကို ခံ၍ ဤလောကသို့ ကြွလာပြီ။ သမ္မာတရားနှင့်
စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကို နားထောင်
ကြသည်ဟု မိန့်တော်မူ၏။
၃၈ ပိလတ်မင်း ကလည်း၊ သမ္မာတရားကား အဘယ်
သို့နည်းဟု မေးပြီးမှတဖန် ယုဒလူတို့ရှိရာသို့ ထွက်၍၊
ဤသူ၌ အဘယ်အပြစ်ကိုမျှ ငါမတွေ့၊
၃၉ ပသခါပွဲ၌ လူတယောက်ကို သင်တို့အား
ငါလွှတ်မြဲ ထုံးစံရှိသည်ဖြစ်၍ ယုဒရှင်ဘုရင်ကို လွှတ်စေ
ချင်သလောဟု မေးလျှင်၊
၄၀ တဖန် လူအပေါင်းတို့က ဤသူကိုမလွှတ်စေချင်
ပါ၊ ဗာရဗ္ဗကို လွှတ်စေချင်ပါသည်ဟုအော်ဟစ်၍
လျှောက်ဆိုကြ၏။ ထိုဗာရဗ္ဗကား ထားပြဖြစ်သတည်း။

၁၉

၁ ထိုအခါ ပိလတ်မင်းသည် ယေရှုကိုယူ၍ရိုက်ပြီးမှ၊
၂ စစ်သူရဲတို့သည် ဆူးပင်နှင့်ရက်သော ဦးရစ်ကို
ခေါင်းတော်၌ တင်၍၊ နီမောင်းသော ဝတ်လုံနှင့် ခြုံစေ
ပြီးလျှင်၊
၃ ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေ
သတည်း ဟုဆို၍ ရိုက်ပုတ်ကြ၏။
၄ ပိလတ်မင်းကလည်း၊ ဤသူ၌ အဘယ်အပြစ်ကို
မျှ ငါမတွေ့ကြောင်းကို သင်တို့ သိစေခြင်းငှါ၊ သူ့ကို
သင်တို့ရှိရာသို့ ငါထုတ်ပြသည်ဟုဆို၏။
၅ ထိုအခါ ယေရှုသည် ဆူးပင်ဦးရစ်နှင့် နီမောင်း
သော ဝတ်လုံကို ဝတ်လျက်ပြင်သို့ ထွက်ကြွတော်မူ၏။
ပိလတ်မင်းကလည်း၊ သူ့ကို ကြည့်ကြလော့ဟုဆို၏။
၆ ယဇ်ပုရောဟိတ်အကြီးတို့နှင့် လုလင်များတို့က
ထိုသူကို လက်ဝါး ကပ်တိုင်မှာ ရိုက်ထားပါ။ ရိုက်ထားပါ
ဟု ဟစ်ကြော်ကြ၏။ ပိလတ်မင်းက၊ သင်တို့သည်

၂၅ တရားတော်မူသော အဘ၊ လောကီသားတို့
သည် ကိုယ်တော်ကို မသိသော်လည်း အကျွန်ုပ်သိပါ၏။
၂၆ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်
မူကြောင်းကို ထိုသူတို့သည် သိကြပါ၏။ ကိုယ်တော်
သည် အကျွန်ုပ်ကို ချစ်တော်မူသော မေတ္တာသည်
သူတို့၌ ရှိစေခြင်းငှါလည်းကောင်း၊ အကျွန်ုပ်သည် သူတို့၌
ရှိစေခြင်းငှါလည်းကောင်း၊ ကိုယ်တော်၏ နာမကို အကျွန်ုပ်သည်
သူတို့အား ပြညွှန်ပါပြီဖြစ်၍ အစဉ်ပြညွှန်ပါမည်ဟု
မိန့်မြွက်တော်မူ၏။

## ၁၈

၁ ထိုသို့ မိန့်မြွက်တော်မူပြီးမှ ယေရှုသည် တပည့်
တော်တို့နှင့်အတူ ကေဒြုန်ချောင်းတဘက်သို့ ကြွ၍၊
ထိုအရပ်၌ ရှိသောဥယျာဉ်သို့ ဝင်တော်မူ၏။
၂ ထိုအရပ်သို့ ယေရှုသည် တပည့်တော်တို့နှင့်အတူ
သွားမြဲရှိသောကြောင့်၊ ကိုယ်တော်ကို အပ်နှံသော
ယုဒရှကာရုတ်သည် ထိုအရပ်ကို သိသည်ဖြစ်၍၊
၃ စစ်သူရဲ တတပ်ကိုလည်းကောင်း၊ ယဇ်ပုရောဟိတ် အကြီး
တို့နှင့် ဖာရိရှဲတို့စေလွှတ်သော မင်းလုလင်တို့ကိုလည်းကောင်း
ခေါ်ခဲ့၍၊ မီးအိမ်၊ မီးရှူး၊ လက်နက်တို့ကို လက်စွဲလျက်
လာကြ၏။
၄ ယေရှုသည် ကိုယ်၌ ဖြစ်လတံ့သမျှသော အမှု
အရာတို့ကို သိတော်မူလျက်၊ လာသောသူတို့ ဆီသို့
သွား၍ အဘယ်သူကို ရှာကြသနည်းဟု မေးတော်မူ၏။
၅ နာဇရက်မြို့သား ယေရှုကို ရှာကြသည်ဟု ဆို
လျှင်၊ ယေရှုက၊ ငါသည် ထိုသူဖြစ်၏ဟု မိန့်တော်မူ၏။
ကိုယ်တော်ကို အပ်နှံသော ယုဒရှကာရုတ်သည်
လည်း ထိုသူတို့နှင့်အတူ ရပ်နေ၏။
၆ ငါသည် ထိုသူဖြစ်၏ဟု မိန့်တော်မူလျှင်၊ ထိုသူ
တို့သည် နောက်သို့ လှန်၍ မြေပေါ်၌ လဲကြ၏။
၇ အဘယ်သူကို ရှာကြသနည်းဟု တဖန်မေးတော်
မူလျှင်၊ နာဇရက်မြို့သား ယေရှုကို ရှာကြသည်ဟု
ထိုသူတို့သည် ဆိုကြ၏။
၈ ယေရှုကလည်း၊ ငါသည်ထိုသူဖြစ်၏ဟု ငါပြောပြီ။
သို့ဖြစ်၍ ငါ့ကိုရှာလျှင်ဤသူတို့သည် သွားပါလေစေဟု
မိန့်တော်မူ၏။
၉ ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်မူ
သော သူတို့တွင် အဘယ်သူမျှ ပျက်စီးခြင်းသို့မရောက်
ပါဟူသော အထက်စကားတော်ကို ပြည့်စုံစေခြင်းငှါ
ဤသို့ မိန့်တော်မူ၏။
၁၀ ထိုအခါ ရှိမုန်ပေတရုသည် မိမိ၌ပါသော ထားကို
ဆွဲထုတ်ပြီးလျှင် ယဇ်ပုရောဟိတ်မင်း၏ကျွန် တ
ယောက်ကို ခုတ်သဖြင့် လက်ျာနားရွက် ပြတ်လေ၏။
ထိုကျွန်၏ အမည်ကား မာလခု ဖြစ်သတည်း။
၁၁ ယေရှုကလည်း၊ ထားကို အိမ်၌ သွင်းထားလော့။
ခမည်းတော်သည် ငါ့အား ပေးတော်မူသောခွက်ကို ငါ
မသောက်ရာသလောဟု ပေတရုအား မိန့်တော်မူ၏။
၁၂ ထိုအခါ တပ်မှူးမှစ၍ စစ်သူရဲတို့နှင့် ယုဒမင်း
လုလင်တို့သည် ယေရှုကို ဘမ်းဆီး၍ ချည်နှောင်
ပြီးလျှင် အန္နတ်မင်းထံသို့ ရှေ့ဦးစွာ ယူသွားကြ၏။
၁၃ အန္နတ်မင်းကား၊ ထိုနှစ်တွင် ယဇ်ပုရောဟိတ်
မင်းဖြစ်သော ကယာဖ၏ ယောက္ခမဖြစ်သတည်း။
၁၄ ထိုကယာဖကား၊ လူတယောက်သည် လူများတို့
အတွက် ပျက်စီးသော် သာ၍ ကောင်းသည်ဟု
ယုဒလူတို့နှင့် တိုင်ပင်ပြောဆိုသောသူ ပေတည်း။
၁၅ ရှိမုန်ပေတရုနှင့် အခြားသော တပည့်တော်
တယောက်သည် ယေရှုနောက်တော်သို့ လိုက်ကြ၏။
ထိုတပည့်တော်သည် ယဇ်ပုရောဟိတ်မင်း၏ အသိ
အကျွမ်းဖြစ်၍၊ ယေရှုနှင့်တကွ ယဇ်ပုရောဟိတ်မင်း၏
အိမ်ဦးထဲသို့ ဝင်လေ၏။
၁၆ ပေတရုမူကား၊ ပြင်၌တံခါးနားမှာ ရပ်နေ၏။
ထိုကြောင့် ယဇ်ပုရောဟိတ်မင်းနှင့် အကျွမ်းဝင်သော
တပည့်တော်သည်ထွက်၍ တံခါးစောင့် မိန်းမအား
ပြောပြီးမှ ပေတရုကို သွင်းလေ၏။
၁၇ တံခါးစောင့် မိန်းမက ပေတရုအား၊ သင်သည်
ထိုသူ၏တပည့်တို့ အဝင်ဖြစ်သည် မဟုတ်လောဟု
ဆိုလျှင်၊ မဟုတ်ဘူးဟု ပေတရု ငြင်းလေ၏။
၁၈ ထိုကာလ၌ ချမ်းသောကြောင့် ကျွန်များနှင့်
မင်းလုလင်များတို့သည် မီးခဲပုံကို ထည့်၍ မီးလှုံလျက်
နေကြ၏။ ပေတရုသည်လည်း သူတို့နှင့်တကွ ရပ်၍
မီးလှုံလျက်နေ၏။
၁၉ ထိုအခါ ယဇ်ပုရောဟိတ်မင်းသည် တပည့်တော်
တို့ကိုလည်းကောင်း၊ ဒေသနာတော်ကိုလည်းကောင်း အကြောင်းပြု၍
ယေရှုကို မေးမြန်းစစ်ကြော၏။
၂၀ ယေရှုကလည်း၊ ငါသည် လောက၌ ထင်ရှားစွာ
ဟောပြောပြီ။ ယုဒလူအပေါင်းတို့ စည်းဝေးရာ တရား
စရပ်၌လည်းကောင်း၊ ဗိမာန်တော်၌လည်းကောင်း အစဉ်မပြတ် ဆုံးမ
သြဝါဒပေးပြီ။ မထင်ရှားဘဲ အလျှင်း မဟော မပြော။
၂၁ အဘယ်ကြောင့် ငါ့ကိုမေးမြန်းသနည်း။ ငါသည်
အဘယ်သို့ ဟောပြောသည်ကို ကြားနာသောသူတို့
ကို မေးမြန်းလော့။ ငါပြောသော စကားကို ထိုသူ
တို့သည် သိကြ၏ဟု မိန့်တော်မူ၏။
၂၂ ထိုသို့မိန့်တော်မူလျှင်၊ အနီးအပါး၌ ရပ်နေသော



သူတို့၌ အပြစ်မရှိ။ ယခုမူကား၊ မိမိတို့ အပြစ်ကို ဖုံး၍
မထားနိုင်ကြ။
၂၃ ငါ့ကို မုန်းသောသူသည် ငါ့ခမည်းတော်ကို မုန်း၏
၂၄ ငါသည်အခြားသူမပြုဘူးသောအမှုကိုထိုသူတို့
ရှေ့မှာ မပြုလျှင် သူတို့၌အပြစ်မရှိ။ ယခုမူကား၊ သူတို့
သည် ထိုအမှုကို မြင်ရ၍ ငါနှင့် ငါ့ခမည်းတော်ကို
မုန်းကြ၏။
၂၅ သို့ဖြစ်လျှင်၊ အကြောင်းမရှိဘဲ ငါ့ကို မုန်းကြ၏ဟု
သူတို့၏ ပညတ္တိကျမ်းစာ၌ ရေးထားသော စကား
သည် ပြည့်စုံခြင်းသို့ ရောက်သတည်း။
၂၆ ခမည်းတော်ထံမှ ထွက်လာ၍ သမ္မာတရားနှင့်
ပြည့်စုံသောဝိညာဉ်တော်တည်းဟူသော ခမည်းတော်
ထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတံ့သော ဥပဇ္ဈာယ်
ဆရာသည် ရောက်လာသောအခါ၊ ငါ၏ အကြောင်း
ကို သက်သေ ခံလိမ့်မည်။
၂၇ သင်တို့သည်လည်း ရှေ့ဦးစွာမှစ၍ ငါနှင့်အတူ
ရှိနေသောကြောင့် သက်သေခံရကြလိမ့်မည်။

## ၁၆

၁ သင်တို့သည် စိတ်မပျက်စေခြင်းငှါ ဤစကားကို
ငါဟောပြော၏။
၂ လောကီသားတို့သည် သင်တို့ကို တရားစရပ်မှ
နှင်ထုတ်လိမ့်မည်။ သင်တို့ကို သတ်သောသူမည်
သည်ကား၊ ဘုရားဝတ်ကို ငါပြုပြီဟု မိမိထင်မှတ်သော
အချိန်ကာလ ရောက်လိမ့်မည်။
၃ ခမည်းတော်ကို မသိ၊ ငါ့ကိုလည်း မသိသော
ကြောင့် ထိုသို့ ပြုကြလိမ့်မည်။
၄ ထိုအချိန်ကာလ ရောက်သောအခါ၊ ငါသည်
အထက်က ဤသို့ပြောပြီးသည်ကို သင်တို့ အောက်
မေ့စေခြင်းငှါ ယခုပင် ငါဟောပြော၏။ အစ အဦး၌ သင်
တို့နှင့်အတူ ငါရှိသောကြောင့် ဤသို့ မပြောဘူးသေး။
၅ ငါ့ကို စေလွှတ်တော်မူသောသူ ထံသို့ ယခုငါ
သွားရမည်ဖြစ်၍အဘယ်အရပ်သို့ သွားမည်နည်းဟု
သင်တို့ မမေးကြ။
၆ ဤအကြောင်းအရာတို့ကို ငါဟောပြောသော
ကြောင့် သင်တို့သည် အလွန် ဝမ်းနည်းခြင်းသို့ရောက်
ကြ၏။
၇ ငါအမှန်အကန် ဆိုသည်ကား၊ ငါသွားလျှင်
သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွား
လျှင် ဥပဇ္ဈာယ်ဆရာသည် သင်တို့ဆီသို့ မလာ။
ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။
၈ ဥပဇ္ဈာယ်ဆရာသည် ရောက်လာလျှင် ဒုစရိုက်
အပြစ်ကိုလည်းကောင်း၊ အပြစ်ကင်းခြင်းကိုလည်းကောင်း၊ အပြစ်စီရင်ခြင်း
ကိုလည်းကောင်း လောကီသားတို့အား ထင်ရှားစွာဘော်ပြမည်။
၉ ငါ့ကို မယုံကြည်ကြသောကြောင့် ဒုစရိုက်အပြစ်
ကို ဘော်ပြမည်။
၁၀ ငါသည် ခမည်းတော်ထံသို့ သွားမည်ဖြစ်၍၊
သင်တို့သည် နောက်တဖန် ငါ့ကို မတွေ့ မမြင်ရသော
ကြောင့်၊ အပြစ်ကင်းခြင်းကို ဘော်ပြမည်။
၁၁ ဤလောကကို အစိုးရသောမင်းသည် အပြစ်
စီရင်ခြင်းကို ခံရသောကြောင့် အပြစ်စီရင်ခြင်းကို
ဘော်ပြမည်။
၁၂ သင်တို့အား ငါပြောစရာစကား အများရှိသော်
လည်း၊ သင်တို့သည် ယခု မခံနိုင်ကြ။
၁၃ သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်
သည် ရောက်လာသောအခါ၊ သမ္မာတရားကိုသင်တို့
အားအကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်
သည် ကိုယ်အလိုအလျောက် ဟောပြောမည်မဟုတ်။
ကြားသမျှတို့ကိုဟောပြောလိမ့်မည်။ နောင်လာလတံ့
သောအရာတို့ကိုလည်း သင်တို့အားဘော်ပြလိမ့်မည်။
၁၄ ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။
အကြောင်းမူကား၊ ငါနှင့် စပ်ဆိုင်သောအရာကို ယူ၍
သင်တို့အား ဘော်ပြလိမ့်မည်။
၁၅ ခမည်းတော်နှင့် စပ်ဆိုင်သမျှသည် ငါနှင့်စပ်ဆိုင်
၏။ ထိုကြောင့် ငါနှင့်စပ်ဆိုင်သော အရာကို ယူ၍
သင်တို့အား ဘော်ပြလိမ့်မည်ဟု ငါပြော၏။
၁၆ ခဏကြာပြီးမှ သင်တို့သည် ငါ့ကို မမြင်ရကြ။
တဖန်ခဏကြာပြီးမှ ငါ့ကို မြင်ပြန်ကြလိမ့်မည်။ အ
ကြောင်းမူကား၊ ငါသည် ခမည်းတော်ထံသို့ သွားမည်
ဟု မိန့်တော်မူ၏။
၁၇ တပည့်တော် အချို့ကလည်း၊ ခဏကြာပြီးမှ
သင်တို့သည် ငါ့ကို မမြင်ရကြ။ တဖန် ခဏကြာပြီးမှ
ငါ့ကို မြင်ပြန်ကြလိမ့်မည်ဟူ၍လည်းကောင်း၊ အကြောင်းမူကား၊
ငါသည် ခမည်းတော်ထံသို့ သွားမည် ဟူ၍လည်းကောင်း၊
မိန့်တော်မူသောစကားသည် အဘယ်သို့နည်း။
၁၈ ခဏဟူ၍ မိန့်တော်မူသော် အဘယ်သို့ဆိုလို
သနည်း။ မိန့်တော်မူသောစကားကို အကျွန်ုပ်တို့သည်
နားမလည်ဟု အချင်းချင်း ပြောဆိုကြ၏။
၁၉ တပည့်တော်တို့သည် မေးလျှောက်လိုသည်ကို
ယေရှုသိမြင်တော်မူလျှင်၊ ခဏကြာပြီးမှ သင်တို့သည်
ငါ့ကို မမြင်ရကြ။ တဖန်ခဏကြာပြီးမှ ငါ့ကို မြင်ပြန်ကြ
လိမ့်မည်ဟု ငါပြောသောစကားကို သင်တို့သည်
အချင်းချင်း ဆင်ခြင်ကြသလော။

၂၀ ငါ အမှန်အကန် ဆိုသည်ကား၊ သင်တို့သည် ငိုကြွေးမြည်တမ်းခြင်း ရှိကြလိမ့်မည်။ လောကီသားတို့သည် ဝမ်းမြောက်ခြင်း ရှိကြလိမ့်မည်။ သင်တို့မူကား ဝမ်းနည်းခြင်း ရှိသော်လည်း ထိုဝမ်းနည်းခြင်းသည် တဖန်ဝမ်းမြောက်ခြင်း ဖြစ်လိမ့်မည်။

၂၁ မိန်းမသည် သားကို ဘွားစဉ်အခါ ဘွားရသောအချိန် စေ့သောကြောင့် ဝမ်းနည်းခြင်းရှိ၏။ ဘွားမြင်ပြီးမှ ဤလောက၌ လူတယောက်ကို ဘွားမြင်သောကြောင့် ဝမ်းမြောက်ခြင်း ရှိ၍၊ အထက်ခံရသောဝေဒနာကို မေ့လျော့တတ်၏။

၂၂ ထိုနည်းတူ၊ ယခုတွင် သင်တို့သည် ဝမ်းနည်းခြင်းရှိကြသော်လည်း နောက်တဖန် သင်တို့ကို ငါတွေ့မြင်သဖြင့် သင်တို့သည် စိတ်နှလုံး ဝမ်းမြောက်ခြင်းရှိကြလိမ့်မည်။ ထိုဝမ်းမြောက်ခြင်းကို အဘယ်သူမျှ လုယူဖျက်ဆီးခြင်းငှါ မတတ်နိုင်။

၂၃ ထိုနေ့၌ သင်တို့သည် ငါ့ကို အလျှင်းမမေးမြန်းရကြ။ ငါအမှန် အကန်ဆိုသည်ကား၊ သင်တို့သည် ငါ၏နာမကို အမှီပြု၍ ခမည်းတော်မှာ ဆုတောင်းသမျှတို့ကို ခမည်းတော်သည် ပေးတော်မူမည်။

၂၄ ယခုတိုင်အောင် ငါ၏ နာမကို အမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး။ သင်တို့သည် ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါ တောင်းကြလော့။ ထိုသို့ တောင်းလျှင် ရကြလိမ့်မည်။

၂၅ ဤအရာတို့ကို ပုံဥပမာအားဖြင့် ငါဟောပြော၏။ ပုံဥပမာအားဖြင့် မဟောမပြောဘဲ၊ ခမည်းတော်နှင့် စပ်ဆိုင်သော အရာတို့ကို သင်တို့အား အတိအလင်းဘော်ပြသော အချိန်ကာလ ရောက်လိမ့်မည်။

၂၆ ထိုကာလ ၌ သင်တို့သည် ငါ၏နာမကို အမှီပြု၍ ဆုတောင်းကြလိမ့်မည်။ သင်တို့ အဘို့အလို့ငှါ ငါသည် ခမည်းတော်ကို တောင်းမည်ဟု မဆို။

၂၇ အကြောင်းမူကား၊ သင်တို့သည် ငါ့ကို ချစ်ကြ၍၊ ငါသည် ဘုရားသခင်အထံတော်မှ ကြွလာသည်ကို ယုံကြသောကြောင့် ခမည်းတော်သည် ကိုယ်တော်တိုင် သင်တို့ကို ချစ်တော်မူ၏။

၂၈ ငါသည် ခမည်းတော်ထံမှ ထွက်၍ ဤလောကသို့ ကြွလာပြီ။ တဖန် ဤလောကမှ ထွက်၍ ခမည်းတော်ထံသို့ သွားဦးမည်ဟု မိန့်တော်မူ၏။

၂၉ တပည့်တော်တို့ ကလည်း၊ ကိုယ်တော်သည် ယခုတွင် ပုံဥပမာကို မဆောင်ဘဲ အတည့်အလင်း ဟောတော်မူ၏။

၃၀ အလုံးစုံတို့ကို သိတော်မူသည်ကိုရင်း၊ အဘယ်သူမျှ ကိုယ်တော်ကို မေးမြန်းစေခြင်းငှါ အလိုတော်မရှိသည်ကိုရင်း၊ ယခုတွင် အကျွန်ုပ်တို့ သိကြပါ၏။ အကျွန်ုပ်တို့သည် ဤအကြောင်းကို ထောက်၍ ကိုယ်တော်သည် ဘုရားသခင့်အထံတော်မှ ကြွလာတော်မူသည်ကို ယုံပါသည်ဟု လျှောက်ကြ၏။

၃၁ ယေရှုကလည်း၊ ယခုတွင် ယုံကြပြီလော။

၃၂ သင်တို့သည် ကွဲပြား၍ ငါ့ကို တကိုယ်တည်း နေစေခြင်းငှါ စွန့်ပစ်လျက် အသီးအသီး မိမိတို့နေရာသို့ ပြေးသွားမည်အချိန်ကာလသည် လာ၍ ယခုပင် ရောက်ပေ၏။ သို့သော်လည်း ငါသည် တကိုယ်တည်း နေသည်မဟုတ်။ ခမည်းတော်သည် ငါနှင့်အတူ ရှိတော်မူ၏။

၃၃ သင်တို့သည် ငါ့ကို အမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ဤစကားကို ငါဟောပြောပြီ။ သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကို အောင်ပြီဟု မိန့်တော်မူ၏။

## ၁၇

၁ ထိုသို့မိန့်တော်မူပြီးမှ ယေရှုသည် ကောင်းကင်သို့ ကြည့်မျှော်၍၊ အိုအဘ၊ အကျွန်ုပ်အချိန်ရောက်ပါပြီ။

၂ ကိုယ်တော်သည် သားတော်လက်သို့ အပ်ပေးတော်မူသမျှသော သူတို့အား ထာဝရ အသက်ကို ပေးစေခြင်းငှါ၊ လူမျိုးအပေါင်းတို့ကို အစိုးရသောအခွင့်တန်ခိုးကို သားတော်အား ပေးတော်မူသည်နှင့်အညီ၊ သားတော်သည် ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါမည်အကြောင်း သားတော်၏ဘုန်းကို ထင်ရှားစေတော်မူပါ။

၃ ထာဝရ အသက်ဟူမူကား၊ မှန်သော ဘုရားသခင် တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုရင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုရင်း သိကျွမ်းခြင်းတည်း။

၄ အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါပြီ။ အကျွန်ုပ် ဆောင်ရွက်စရာဘို့ အကျွန်ုပ်၌ အပ်ပေးတော်မူသော အမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။

၅ အို အဘ၊ ဤကမ္ဘာ မတည်မရှိမှီ အထံတော်၌ အကျွန်ုပ် ခံစားသော ဘုန်းအသရေနှင့် ယခုတွင်လည်း အကျွန်ုပ်ကို အထံတော်၌ ချီးမြှောက်တော်မူပါ။

၆ ဤလောကထဲမှ ယူ၍ အကျွန်ုပ်၌ အပ်ပေးတော်မူသောသူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏နာမကို ပြပါပြီ။ ထိုသူတို့ကို ကိုယ်တော်သည် ပိုင်တော်မူသဖြင့် အကျွန်ုပ်အား ပေးတော်မူ၏။ ကိုယ်တော်၏ နှုတ်ကပတ်တရားကို သူတို့သည် စောင့်ကြပါ၏။



၇ အကျွန်ုပ်အား ပေးတော်မူသမျှတို့သည် ကိုယ်တော်မှ ဖြစ်ကြောင်းကို သူတို့သည် ယခု သိကြပါ၏။

၈ အကြောင်းမူကား၊ အကျွန်ုပ်အား ပေးတော်မူသမျှသော အရာတို့ကို သူတို့အား အကျွန်ုပ်ပေး၍ သူတို့သည် ခံယူသဖြင့်၊ အကျွန်ုပ်သည် အထံတော်မှ ကြွလာသည်ကို အတတ်သိကြသည်နှင့် ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို ယုံကြပါ၏။

၉ သူတို့အဘို့အလို့ငှါ အကျွန်ုပ် ဆုတောင်းပါ၏။ လောကီသားတို့အဘို့အလို့ငှါ ဆုတောင်းသည်မဟုတ်ပါ။ အကျွန်ုပ်အား ပေးတော်မူသော သူတို့သည် ကိုယ်တော်၏ လူဖြစ်သောကြောင့်၊ ထိုသူတို့ အဘို့အလို့ငှါ ဆုတောင်းပါ၏။

၁၀ အကျွန်ုပ်နှင့် စပ်ဆိုင်သော အရာ ရှိသမျှတို့သည် ကိုယ်တော်နှင့် စပ်ဆိုင်ကြပါ၏။ ကိုယ်တော်နှင့် စပ်ဆိုင်သောအရာ ရှိသမျှတို့သည်လည်း အကျွန်ုပ်နှင့် စပ်ဆိုင်၍၊ ထိုအရာတို့အားဖြင့် အကျွန်ုပ်သည် ဘုန်းထင်ရှားပါ၏။

၁၁ ယခုမှစ၍ အကျွန်ုပ်သည် ဤလောက၌ မရှိပါ၊ ဤသူတို့မူကား၊ ဤလောက၌ ရှိရစ်ရ ကြပါမည်။ အကျွန်ုပ်သည် ကိုယ်တော်ထံသို့ သွားရပါမည်။ သန့်ရှင်းတော်မူသောအဘ၊ ကိုယ်တော်နှင့် အကျွန်ုပ်သည် တလုံးတဝတည်းဖြစ်သကဲ့သို့ အကျွန်ုပ်အား ပေးတော်မူသော ဤသူတို့သည် ဖြစ်ရပါမည် အကြောင်း၊ သူတို့ကို ကိုယ်တော်၏ နာမ၌ တည်စေတော်မူပါ။

၁၂ အကျွန်ုပ်သည် ဤလောက၌ ဤသူတို့နှင့် တကွရှိစဉ်ကာလ၊ သူတို့ကို ကိုယ်တော်၏နာမ၌ တည်စေပါပြီ။ အကျွန်ုပ်အား ပေးတော်မူသောသူတို့ကိုအကျွန်ုပ်စောင့်မပါပြီ။ ထိုသူတို့တွင် ပျက်စီးခြင်း၏ သားတယောက်မှတပါး အဘယ်သူမှ ပျက်စီးခြင်းသို့ မရောက်ပါ။ ထိုသူသည် ပျက်စီးခြင်းသို့ရောက်သည် အကြောင်းကားကျမ်းစာ ပြည့်စုံမည်အကြောင်းတည်း။

၁၃ ယခုတွင် အကျွန်ုပ်သည် ကိုယ်တော်ထံသို့ သွားရမည်ဖြစ်၍၊ ဤသူတို့သည် အကျွန်ုပ်ကိုအမှီပြုသဖြင့် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံမည်အကြောင်း၊ ဤစကားကို ဤလောက၌ အကျွန်ုပ်ပြောပါ၏။

၁၄ ကိုယ်တော်၏ နှုတ်ကပတ်တရားကို ဤသူတို့အား အကျွန်ုပ်ပေးပါပြီ။ အကျွန်ုပ်သည် ဤလောကနှင့် မဆက်ဆံသကဲ့သို့ ဤသူတို့သည် မဆက်ဆံသောကြောင့်လောကီသားတို့သည်ဤသူတို့ကိုမုန်းကြပါ၏။

၁၅ ဤသူတို့ကို ဤလောကမှ နှုတ်ယူတော်မူမည်အကြောင်း အကျွန်ုပ် တောင်းသည် မဟုတ်ပါ။ မကောင်းသော အမှုအရာနှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူမည်အကြောင်းကိုသာ တောင်းပါ၏။

၁၆ အကျွန်ုပ်သည် ဤလောကနှင့် မဆက်ဆံသကဲ့သို့ ဤသူတို့သည် မဆက်ဆံကြပါ။

၁၇ ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏။

၁၈ ကိုယ်တော်သည် အကျွန်ုပ်ကို ဤလောကသို့ စေလွှတ်တော်မူသည်နည်းတူ၊ အကျွန်ုပ်သည် ဤသူတို့ကို စေလွှတ်ပါ၏။

၁၉ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေမည်အကြောင်း အကျွန်ုပ်သည် သူတို့ အဘို့အလို့ငှါ ကိုယ်ကို သန့်ရှင်းစေပါ၏။

၂၀ ထိုသူတို့အဘို့ကိုသာ အကျွန်ုပ် ဆုတောင်းသည် မဟုတ်ပါ။ သူတို့ ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်သောသူတို့အဘို့ကိုလည်း ဆုတောင်းပါ၏။

၂၁ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကိုလောကီသားတို့သည် ယုံကြမည်အကြောင်း၊ ထိုသူ အပေါင်းတို့သည် တလုံးတဝတည်း ဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ ရှိသကဲ့သို့၊ ထိုသူ အပေါင်းတို့သည် ငါတို့၌ တလုံးတဝတည်း ဖြစ်စေခြင်းငှါ ဆုတောင်းပါ၏။

၂၂ ငါတို့သည် တလုံးတဝတည်း ဖြစ်သကဲ့သို့ အကျွန်ုပ်သည် သူတို့၌ရှိ၍၊

၂၃ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ ရှိတော်မူသောအားဖြင့် သူတို့သည် တလုံးတဝတည်း ဖြစ်၍၊ တလုံးတဝတည်း၌ စုံလင်စေခြင်းငှါရင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကို ချစ်တော်မူသကဲ့သို့ သူတို့ကိုလည်း ချစ်တော်မူကြောင်းကို လောကီသားတို့သည် သိစေခြင်းငှါရင်း၊ ကိုယ်တော်သည် အကျွန်ုပ်အား ပေးတော်မူသောဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အား ပေးပါပြီ။

၂၄ အိုအဘ၊ ကိုယ်တော်သည် ဤကမ္ဘာမတည်မရှိမှီ အကျွန်ုပ်ကိုချစ်၍ အကျွန်ုပ်အား ပေးတော်မူသော ဘုန်းတော်ကို အကျွန်ုပ်အား ပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှါ အကျွန်ုပ်အလိုရှိပါ၏။